# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 2 January 2024 ၁၁၃၂၈


**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




## ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ သင်္ဘောအစင်းရေ ၆၀၀ ကျော် ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ် ကုန်သွယ်ခဲ့

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ သင်္ဘော အစင်းရေ ၆၀၀ ကျော် ဝင်ရောက်ဆိုက်ကပ် ကုန်သွယ်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပို့ကုန်များ၊ သွင်းကုန်များ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ကုန်သေတ္တာသင်္ဘောလိုင်း အသီးသီးမှ ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲပေးနေကြောင်း သိရသည်။

ထို့ကြောင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ကုန်သေတ္တာတင်သင်္ဘောဆိုက်ကပ်ကုန်သွယ်မှုအနေဖြင့် ဇန်နဝါရီလတွင် ၅၂ စင်း၊ ဖေဖော်ဝါရီလတွင် ၅၁ စင်း၊ မတ်လတွင် ၅၅ စင်း၊ ဧပြီလတွင် အစင်း ၅၀၊ မေလတွင် ၅၆ စင်း၊ ဇွန်လတွင် ၅၇ စင်း၊ ဇူလိုင်လတွင် ၅၃ စင်း၊ ဩဂုတ်လတွင် ၅၄ စင်း၊ စက်တင်ဘာလတွင် ၅၃ စင်း၊ အောက်တိုဘာလတွင် ၄၉ စင်း၊ နိုဝင်ဘာလတွင် အစင်း ၅၀ နှင့်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂



## အင်းလေးဒေသထွက် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်း

မန္တလေး ဇန်နဝါရီ ၁

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းလက်ကားဈေးအတွင်းသို့ ယခုအချိန်တွင် အင်းလေးဒေသမှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ ခရမ်းချဉ်သီးပွဲရုံများထံမှ သိရသည်။

အဆိုပါ ခရမ်းချဉ်သီးများသည် ရှမ်းပြည်နယ်အတွင်း အင်းလေးဒေသမှထွက်ရှိပြီး မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ၂၅ စီးမှ အစီး ၃၀ အထိ ပုံမှန်ဝင်ရောက်လျက်ရှိသည်။ ယခုလက်ရှိအချိန်တွင် ဈေးနှုန်းများမှာလည်း အင်းသီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင်ငွေကျပ် ၂၀၀၀၀ ဈေးအထိရရှိနေကာ အရောင်းအဝယ်များ

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

### ယနေ့ ဖတ်စရာ

**ခေတ်စနစ်များ မည်သို့ပြောင်းစေ ယုံကြည်ကိုးကွယ်မှုဆိုသောအရာသည် ရှိနေဦးမည်ဖြစ်ပါသည်။ စာဆိုတော် စိန္တကျော်သူဦးဩကမှ ကဝိလက္ခဏာ သတ်ပုံသံပေါက်ကျမ်းတွင် "အိပ်လိုရဟန်း၊ စားလိုမှန်း၊ ပုဏ္ဏားလုပ်ပါလေ"ဟု မိန့်ကြားခဲ့၏။ ပုဏ္ဏားဆိုသည် နတ်ဝင်သည်၊ နတ်ပူဇော်သူဟု ဆိုလိုပေသည်။ မလွန်ကဲရန်သာ စောင့်ထိန်းရပေမည်။**

ဆောင်းပါး စာမျက်နှာ » ၆

**ဇန်နဝါရီ ၁ ရက်မှစ၍ မော်လမြိုင်-ရန်ကုန် ရထားလက်မှတ် ဈေးနှုန်းများ ပြင်ဆင်သတ်မှတ်**

စာမျက်နှာ » ၈






**ပြည်တွင်းထုတ်လုပ်မှုမြင့်မားရေး ဆောင်ရွက်လျက်ရှိသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်က ဘုတ်ဆုံမ ငရုတ်သီးမှုန့်လုပ်ငန်း**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၂

ကြေးမုံ

# လွတ်လပ်ရေးနှင့်ထိုက်တန်သည့်ဘဝပိုင်ဆိုင်

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း (၇၆)နှစ် ပြည့်မြောက်တော့မည်ဖြစ်သည်။ လွတ်လပ်ရေးသက်တမ်း အနှစ် ၇၀ ကျော်ခဲ့ပြီဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် လွတ်လပ်ရေးနှင့် ထိုက်တန်သည့် အကျိုးခံစားခွင့်များနှင့် ထိုက်သင့်သည့် တိုးတက်ဖြစ်ထွန်းမှုများ အပြည့်အဝမရှိသေးပေ။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံနှင့် ထိုက်တန်သော အရည်အချင်း၊ ဂုဏ်ဒြပ်များ ပြည့်စုံစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

လွတ်လပ်ရေးနှင့် ထိုက်တန်သည့် တိုးတက်သာယာဝပြောသော နိုင်ငံဖြစ်စေလိုလျှင် လွတ်လပ်ရေးနှင့် ထိုက်တန်သော နိုင်ငံသားများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားများအနေဖြင့် တရားဥပဒေများကို လေးစားလိုက်နာရမည်ဖြစ်သည်။ စည်းကမ်းရှိပြီး စည်းလုံးညီညွတ်စွာ အတူလက်တွဲနေထိုင်ကြရမည်ဖြစ်သည်။ အနာဂတ်ကိုမြော်တွေးပြီး ပညာသင်ကြားရမည့်အရွယ်တွင် ပညာသင်ကြားရေးကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ အလုပ်လုပ်နိုင်သည့်အရွယ်အားလုံး ကုန်ထုတ်လုပ်မှုမြင့်မားရေးကို လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

အဓိကမှာ နိုင်ငံသူ နိုင်ငံသားအားလုံး မိမိတို့ဘဝမြင့်မားတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ အားကြိုးမာန်တက် အလုပ်လုပ်ကြရန် လိုမည်ဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားများအနေဖြင့် စွမ်းနိုင်သလောက်အလုပ်ကို ကြိုးစားလုပ်ကိုင်ကြသူများဖြစ်သည်။ သို့သော် အနှောင့်အယှက် အဖျက်အဆီးအမျိုးမျိုးတို့ကြောင့် တိုးတက်ရာတိုးတက်ကြောင်း လုပ်ကိုင်လိုကြသော်လည်း အခွင့်အလမ်းနည်းပါးခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ အကယ်၍ အနှောင့်အယှက် အဟန့်အတားများမရှိခဲ့ပါက စွမ်းအားပြည့် လုပ်ကိုင်ဆောင်ရွက်ကြပြီး လွတ်လပ်ရေးနှင့်ထိုက်တန်သည့် နိုင်ငံတော်၊ နိုင်ငံသူနိုင်ငံသားများ ဆောလျင်စွာဖြစ်နေပြီဖြစ်သည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုသည့် နိုင်ငံတော်ကို ရှေ့ဆောင်လမ်းပြပြုလုပ်ပေးသည့် နိုင်ငံတော်အစိုးရသည် အခက်အခဲ အနှောင့်အယှက် စိန်ခေါ်မှုများကြားမှ လွတ်လပ်ရေးနှင့်ထိုက်တန်သည့် နိုင်ငံဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ချမှတ်ဆောင်ရွက်လျက်ရှိသည့် အမျိုးသားရေးရည်မှန်းချက်များ၊ နိုင်ငံရေးရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်သူလူထုနှင့်လက်တွဲပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

တိုင်းရင်းသားပြည်သူလူထုအားလုံးကလည်း နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တိုင်းပြည်သာယာဝပြောရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပေသည်။ အဓိကအားဖြင့် တိုင်းပြည်စီးပွားရေး ဦးမော့လာအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ယခုထက် ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပညာတတ်များဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ လွတ်လပ်ရေး ထာဝရအစွန့်ရှည်အောင်၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ဝိုင်းဝန်းလက်တွဲ ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ နိုင်ငံ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးဖြစ်ပေါ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းပြည်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်၍ ပြည်သူလူထု၏ စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုးမာန်တက် ဆောင်ရွက်ကြရမည်ဖြစ်သည်။

လူမျိုးရေး၊ ဘာသာရေး၊ ဒေသအရေးစသည့်အစွဲများ ကင်းဝေးခြင်းနှင့်အတူ တစ်ဦးအပေါ်တစ်ဦး ကိုယ်ချင်းစာတရား၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ တိုးပွားကြိုးပမ်းအားထုတ်ပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးထိပ်ပန်ဆင်၍ တိုင်းပြည်နှင့်လူမျိုးကို ကာကွယ်စောင့်ရှောက်ကြပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ မျှော်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဘိုးဘွားဘီဘင်များ အသက်သွေးချွေးများ စတေးပေးဆပ်ပြီး အရယူထားသည့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ဖြစ်သည့် "ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ" ဆိုသည့်အတိုင်း နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူများအားလုံးအကျိုးကို ရှေးရှုဦးတည်ပြီး လွတ်လပ်ရေးနှင့်ထိုက်တန်သည့် နိုင်ငံတော်နှင့် လူမှုဘဝများကို ပိုင်ဆိုင်နိုင်အောင် လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံး ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ



သပိတ်ကျင်း ဇန်နဝါရီ ၁

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် (၇)မိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင်(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၉ နာရီက အခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

### ရှင်းလင်းပြောကြား

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်တင့်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဝင်းမောင်က RCC နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၃၂၈ ဒသမ ၈၁၉ သန်းဖြင့် အလျားပေ ၁၄၀၊ အနံပေ ၃၀ ရှိ RCC နှစ်ထပ်ကျောင်းဆောင်သစ်ကို တိုးချဲ့ဆောက်လုပ်ခွင့်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁-၁-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၃၄ | ၂၉၅,၈၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၇၁၇ | ၂,၀၂၃,၄၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၄ | ၃၂,၀၀၀ |
| FPB | ၁,၆၀၀ | ၁,၆၀၀ | ၅၉၀ | ၉၂၂,၀၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၂ | ၅,၀၀၀ |
| EFR | ၁,၉၅၀ | ၂,၀၀၀ | ၆၂၅ | ၁,၂၃၅,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၃၇ | ၁၇၃,၉၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၆,၀၇၅ | ၁၀,၃၃၁,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ်ပြောလို့ မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။**

[ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]



ဂေါ်ရင်ဂျီကျွန်းသဘာဝအလှ ဓာတ်ပုံ-ဦးချမ်းသာ

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီအစည်းအဝေး(၂/၂၀၂၃) သို့တက်ရောက် အမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၁**

မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ အစည်းအဝေး(၂/၂၀၂၃)ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။



**တက်ရောက်**

အစည်းအဝေးသို့ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက "မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ"၏ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီကို တစ်နှစ်လျှင်နှစ်ကြိမ် ကျင်းပရန် လျာထားခဲ့သည့်အတွက် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဒုတိယအကြိမ်ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization -WTO) နှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization-WIPO) တို့၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်လာပြီးနောက်ပိုင်းတွင် နိုင်ငံတကာအဆင့်မီသည့် မူပိုင်ခွင့် စနစ်သစ်တစ်ရပ် တည်ထောင်ရန် လိုအပ်လာပါကြောင်း၊ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်တွင် မူပိုင်ခွင့်ဥပဒေလေးရပ်ဖြစ်သည့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း။

ပြဋ္ဌာန်းခဲ့သည့် မူပိုင်ခွင့်ဥပဒေလေးရပ်အနက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်တွင် အာဏာတည်ခဲ့ပြီး အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းများ တရားဝင်လက်ခံဆောင်ရွက်ခြင်းကို ၂၀၂၃ ခုနှစ် ဧပြီ ၂၆ ရက်မှစ၍ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေတို့ကိုလည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် အာဏာတည်နိုင်ခဲ့ပြီး မူပိုင်ခွင့် လျှောက်ထားချက်များလက်ခံနိုင်ရေး အတွက်လည်း ပြင်ဆင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် မူပိုင်ခွင့် သမိုင်းတွင် ၂၀၂၃ ခုနှစ်သည် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအဆင့်မီသည့် မူပိုင်ခွင့်စနစ်သစ်တစ်ရပ် စတင် ဖော်ဆောင်နိုင်သောနှစ်တစ်နှစ်ဖြစ်ကြောင်း။

ယခုကဲ့သို့ မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသည့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ဖြစ်ပေါ်လာစေရန် အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း၊ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အထောက်အပံ့ကောင်းတစ်ခု ဖြစ်သည်ဆိုသည်ကို ယုံကြည်လက်ခံပြီး မူပိုင်ခွင့်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တာဝန်ရှိသည့် ဝန်ကြီးဌာနများအပြင် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီနှင့် မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီများတွင် တာဝန်ပေးအပ်မည့် အစိုးရဌာနများ၊ ပညာရှင်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်စနစ် တည်ထောင်ရာတွင် အများပြည်သူ လိုက်နာကျင့်သုံးနိုင်ရန်၊ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြင့် ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

**အထူးကြိုးပမ်းဆောင်ရွက်**

ထို့ပြင် အာဆီယံနိုင်ငံများတွင် အကောင်အထည်ဖော်နေသည့် အာဆီယံ IPR Action Plan များကိုလည်း မြန်မာနိုင်ငံအနေဖြင့် လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ပြီး ဒေသဆိုင်ရာမူပိုင်ခွင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဦးဆောင်နိုင်ငံတစ်ခုအဖြစ် ရပ်တည်လာနိုင်စေရန် အထူးကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခုကဲ့သို့ မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းကျင့်သုံး ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူဖြစ်စေခြင်း၊ လုပ်ငန်းရှင်များအတွက် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ခိုင်မာလာစေခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ၊ လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း အသစ်များ ပေါ်ပေါက်လာနိုင်ခြင်း၊ အဆင့်မြင့် နည်းပညာများကို လွှဲပြောင်းရယူနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများစွာကို ရရှိနိုင်မည်ဖြစ်ကြောင်း။

ယခုဖွဲ့စည်းထားသည့် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီတွင် ပါဝင်သော တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူ ဖြစ်စေသည့် မူပိုင်ခွင့် အကာအကွယ်ပေးခြင်းစနစ်တစ်ရပ် ကျင့်သုံးရာတွင် မိမိတို့ ပါဝင်ဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍများမှ ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမင်းမင်းက မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၁/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ အစည်းအဝေး(၂/၂၀၂၃)သို့ တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ဒေါက်တာဝါဝါမောင်၊ ဒေါက်တာအောင်ကြီး၊ ဦးရင်မောင်ညွန့်၊ ဒေါက်တာဇော်မြင့်၊ ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် မူပိုင်ခွင့်ဆိုင်ရာများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၂/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက် (မူကြမ်း)ကို အတည်ပြုသည်။

ဆက်လက်၍ ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ စီးပွားရေး ပျဉ်းကတိုးစိုက်ခင်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် သလပ်ခွာကြိုးဝိုင်း အကွက်အမှတ်(၂၁)ရှိ ၂၀၂၃ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးခဲ့သော စီးပွားရေး ပျဉ်းကတိုးစိုက်ခင်း ဧက ၃၅၀ ရှင်သန်အောင်မြင်မှု၊ သလပ်ခွာကြိုးဝိုင်း အကွက်အမှတ်(၂၂)ရှိ ၂၀၂၂ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးခဲ့သော စီးပွားရေး ပျဉ်းကတိုးစိုက်ခင်း ဧက ၄၀၀ အောင်မြင်ဖြစ်ထွန်းနေမှု၊ သလပ်ခွာကြိုးဝိုင်း အကွက်အမှတ် ၃၀ ရှိ ၂၀၂၁ မိုးရာသီတွင် စိုက်ပျိုးခဲ့သော ၁/၂၀၂၁ စီးပွားရေးပျဉ်းကတိုးစိုက်ခင်း ဧက ၃၅၀ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စိုက်ခင်းများ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက သစ်တောစိုက်ခင်းများ အောင်မြင်စေရန်အတွက် ဒေသနှင့်ကိုက်ညီသော သစ်မျိုးနှင့် မျိုးကောင်းမျိုးသန့် သစ်စေ့များ ကြိုတင်စုဆောင်းပျိုးထောင်ရေး၊ အချိန်မီစိုက်ပျိုးရေးနှင့် စိုက်ပျိုးပြီးသော အပင်များ ရှင်သန်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးသည် အရေးကြီးကြောင်း၊ ဒေသခံပြည်သူများအတွက် ကျေးရွာသုံးထင်းစိုက်ခင်းများ တည်ထောင်ရေးနှင့် တရားမဝင်သစ် တားဆီးကာကွယ်ရေးတို့ကိုလည်း အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့နယ် သလပ်ခွာကြိုးဝိုင်း အကွက်အမှတ်(၂၇ )ရှိ ၁/၂၀၁၈ စီးပွားရေး ပျဉ်းကတိုးစိုက်ခင်း၏ ရှင်သန်အောင်မြင်မှုနှင့် စိုက်ခင်းအတွင်း ပင်ကြပ်နုတ်ခြင်း ဆောင်ရွက်ထားမှု၊ ၂၀၂၂ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးခဲ့သော ပုဂ္ဂလိကသစ်မာ ပျဉ်းကတိုးနှင့် မန်ဂျန်ရှားစိုက်ခင်း ၄၅ ဧက၏ ရှင်သန်အောင်မြင်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်ခရိုင် ငပုတောမြို့နယ် ဆင်မကြိုးဝိုင်း အကွက်အမှတ်(၈၉)ရှိ ၂၀၂၃ မိုးရာသီတွင်စိုက်ပျိုးခဲ့သော ကျေးရွာသုံးထင်း မန်ဂျန်ရှား စိုက်ခင်း ဧက ၁၀၀ နှင့် ဆင်မကြိုးဝိုင်း အကွက်အမှတ်(၉၀)ရှိ၁/၂၀၂၃ စီးပွားရေး ပျဉ်းကတိုးစိုက်ခင်း ဧက ၂၅၀ ရှင်သန်အောင်မြင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငပုတောမြို့နယ် မဲဇလီကြိုးဝိုင်း အကွက်အမှတ်(၇၁)အတွင်း ပျဉ်းကတိုး၊ ခါတော်မှီနှင့် ကော်ဖီ ရောနှောစိုက်ခင်း ဧက ၃၉၀ စိုက်ပျိုးထားမှုနှင့် ကော်ဖီစေ့ထုတ်ယူနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အခြေခံလေ့ကျင့်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဖွင့်




နေပြည်တော် ဇန်နဝါရီ ၁

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး အခြေခံလေ့ကျင့်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ကော်မရှင်ဥက္ကဋ္ဌက ဝန်ထမ်းသစ်များအနေဖြင့် ကော်မရှင်သို့ ရောက်ရှိချိန်မှစ၍ နိုင်ငံ့ဝန်ထမ်းဖြစ်လာပြီဟု ခံယူလျက် မိမိ၏ဂုဏ်သိက္ခာ၊ ကော်မရှင်၏ ဂုဏ်သိက္ခာအပေါ် အလေးထား၍ ကောင်းမွန်သောခံယူချက်ဖြင့် အများပြည်သူအကျိုးကို ထမ်းဆောင်နေသည့် ဝန်ထမ်းများဖြစ်အောင် ကျင့်ကြံနေထိုင်ကြစေလိုကြောင်း၊ ပေးအပ်သည့် တာဝန်များကို အကောင်းဆုံးထမ်းဆောင်နိုင်ရန်လိုကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီက မိမိဌာန၊ နိုင်ငံအပေါ် သစ္စာရှိရန်နှင့် ဝန်ထမ်းသစ္စာ အမိဋ္ဌာန်(၆)ချက်ကို စွဲမြဲစွာ လိုက်နာရန်လိုကြောင်း၊ အဂတိလိုက်စားမှုသည် အကျင့်စာရိတ္တပျက်ယွင်းခြင်းဖြစ်ပြီး ယင်းကို ပြုပြင်ပေးရန်တာဝန်မှာ ကော်မရှင်တာဝန်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ယဉ်ကျေးမှုတစ်ရပ်ဖြစ်တည်လာစေရေး ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကော်မရှင်၏ **"အဂတိပယ်ခွာပြည်သာယာ"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အဂတိပယ်ခွာခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

အခြေခံလေ့ကျင့်ရေး သင်တန်းကို ဇန်နဝါရီ ၁ ရက်မှ ၃၀ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကာလအတွင်း ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေ၊ ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း၊ ကော်မရှင်ကျင့်ဝတ်၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် အသိပညာပေးရေး ဆောင်ရွက်ချက်များ၊ ရုံးလုပ်ငန်းများနှင့် ပတ်သက်သည့် ဘာသာရပ်များကို ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ ရွှေ့ဖုံးမှ

ဒီဇင်ဘာတွင် ၄၉ စင်း စုစုပေါင်း ၆၂၉ စင်း ဆိုက်ကပ်ကုန်သွယ်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အချက်အလက်များအရ သိရသည်။

နိုင်ငံတကာသင်္ဘောလိုင်းများဖြစ်သည့် Sealand Maersk Asia သင်္ဘောလိုင်း၊ SITC သင်္ဘောလိုင်း၊ MSC သင်္ဘောလိုင်း၊ Samudera သင်္ဘောလိုင်း၊ Ever Green သင်္ဘောလိုင်း၊ P.I.L သင်္ဘောလိုင်း၊ BLPL သင်္ဘောလိုင်း၊ RCL သင်္ဘောလိုင်း၊ Land and Sea သင်္ဘောလိုင်း၊ CMA-CGM သင်္ဘောလိုင်း၊ COSCO သင်္ဘောလိုင်း၊ I.A.L သင်္ဘောလိုင်း၊ ONE သင်္ဘောလိုင်း၊ Ti2 Container သင်္ဘောလိုင်းနှင့် BAY သင်္ဘောလိုင်းတို့ ဝင်ရောက် ဆိုက်ကပ်ကုန်သွယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီအတွက် ကုန်သေတ္တာသင်္ဘော အစင်းရေ ၄၉ စင်း ပြေးဆွဲသွားမည် ဖြစ်ကြောင်းလည်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များကို အသိပေးထားသည်။

ကုန်သွယ်မှုများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှ အလျားမီတာ ၂၀၀၊ တန်ချိန် ၃၀၀၀ ရှိသည့် အပြည်ပြည်ဆိုင်ရာ ကုန်တင်သင်္ဘောဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား ၂၇ စင်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှလည်း အလျားမီတာ ၂၅၀၊ တန်ချိန် ၃၅၀၀ ရှိသည့် အပြည်ပြည်ဆိုင်ရာကုန်တင်သင်္ဘောဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား ၁၉ စင်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်းလည်း သိရသည်။

**MT**

# သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (ပုသိမ်)မှ သင်တန်းသားများ လေ့လာရေးခရီးသွားရောက်

ပုသိမ် ဇန်နဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်း(ပုသိမ်)မှ သင်တန်းသား ၉၀၊ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိကြီးကြပ်သူများ ၂၅ ဦး စုစုပေါင်း ၁၁၅ ဦးတို့သည် ပန်းတနော်မြို့နယ် Global Earth Agro & Aqua Industry Public Company Limited သို့ သွားရောက်လေ့လာခဲ့သည်။

အဆိုပါ လေ့လာရေးခရီးစဉ်တွင် ကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ပြီး ကုမ္ပဏီ၏ရည်မှန်းချက်များ၊ ပါဝင်သည့်လုပ်ငန်းစဉ်များ၊ လုပ်ငန်း၏ အကျိုးကျေးဇူးများကို Power Point ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို လေ့လာသူများအား လိုက်ပါရှင်းလင်းပြသခဲ့သည်။ ထို့နောက် နံနက်စာနှင့် နေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ပြီး သင်တန်းကျောင်း ကျောင်းအုပ်ကြီးက ကုမ္ပဏီဥက္ကဋ္ဌထံသို့ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ အင်းလေးဒေသမှ

ကောင်းမွန်နေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီး အဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ် ဒေသဘက်က ခရမ်းချဉ်သီးတွေ ဈေးကွက်ကို အများဆုံးရောက်ရှိလာတာပါ။ မြေပြန့်ဒေသက ထွက်တဲ့ ခရမ်းချဉ်သီးတွေက ဝင်ရောက်မှု နည်းသေးတယ်။ အင်းသီးကလည်း အထားခံတော့ ဈေးကောင်းရရှိနေပါတယ်။ တစ်နေ့ကို အင်းလေးဒေသဘက်က ကားစီးရေ ၃၀ လောက် ပုံမှန်ဝင်ရောက်နေပါတယ်။ ခရမ်းချဉ်သီးတွေက ဈေးကောင်းပြီး အရောင်းအဝယ်လည်းကောင်းနေပါတယ်။ အင်းလေးဒေသကပဲ လက်ရှိမှာဝင်ရောက်နေပါတယ်။ ကျန်တဲ့ကုန်စိမ်းသီးနှံတွေလည်း ပုံမှန်အရောင်းအဝယ်ကောင်းနေပါတယ်" ဟု ၎င်းကပြောသည်။

**ဈေးကောင်းများရရှိ**

အဆိုပါ ခရမ်းချဉ်သီးများသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ အင်းလေးဒေသမှ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်များကောင်းကာ ဈေးကောင်းများရရှိနေကြောင်း၊ ခရမ်းချဉ်သီးအပြင် ကျန်သည့်ကုန်စိမ်းသီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဘိုစားပဲ၊ မုန်ညင်းဖြူ၊ ခရမ်းသီး၊ ဂေါ်ရခါးသီး၊ အာလူးနှင့် ကြက်သွန်များလည်း ပုံမှန်အနေအထားဖြင့် အရောင်းအဝယ်များ ကောင်းနေကြကြောင်း သိရသည်။

**မောင်အေးချမ်း**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၁

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ဆံတော်ရှင်ဆူးလေစေတီတော်၌ ဥပ္ပါတသန္တိသုတ် ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

ဆံတော်ရှင်ဆူးလေစေတီတော်ကြီး၌ ဥပ္ပါတသန္တိသုတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၆ နာရီတွင် အဆိုပါစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ ကျက်သရေဆောင်ခန်းမ၌ ကျင်းပသည်။



### ကြွရောက်တော်မူ

အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဆံတော်ရှင်ဆူးလေစေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကုမာရ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆံတော်ရှင်ဆူးလေစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ တိပိဋကာလင်္ကာရစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိ ဆရာတော်ကြီးနှင့် ဘာဏကသံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာဘဒ္ဒန္တကုမာရထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆံတော်ရှင်ဆူးလေစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဆရာတော်များနှင့် ပရိသတ်များက ဣတိပိသောဘဂဝါအစချီသော ရတနာမြတ်သုံးပါးဂုဏ်တော်များကို ရွတ်ဖတ်ပူဇော်ကြပြီး အလှည့်ကျဘာဏကသံဃာတော်က ဥပ္ပါတသန္တိသုတ်တော်ကို စတင်ရွတ်ဖတ်ပူဇော်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရဟန်းရှင်လူပြည်သူများ ဘေးအန္တရာယ်ကင်းဝေးစေရန်ရည်ရွယ်၍ ဘုရားစေတီများ၌ ဥပ္ပါတသန္တိသုတ်တော် ရွတ်ဖတ်ပူဇော်ခြင်းကို ဇန်နဝါရီ ၁ ရက်မှ မေ ၅ ရက်အထိ ၁၂၆ ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပညာရေးဝန်ကြီးဌာနနှင့် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ပူးပေါင်းကျင်းပသည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

ပုသိမ် ဇန်နဝါရီ ၁

ပညာရေးဝန်ကြီးဌာနနှင့်ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၊ ဟသ်ာတမြို့နယ်၊ မအူပင်မြို့နယ်၊ မြောင်းမြမြို့နယ်နှင့် ဘိုကလေးမြို့နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ကျင်းပသည်။ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ နည်းပြဆရာ ဆရာမများ၊ စာသင်သားများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို အခြေခံပညာကျောင်းသားကျောင်းသူများက လူတိုင်းအတွက် ပညာရေးကိုယ်စားပြု "ဝထကလသ" တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုဖွင့်လှစ်ခဲ့ပြီး အခြေခံစာတတ်မြောက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာတတ်မြောက်ရေးနှင့် ကျောင်းပြင်ပပညာရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး အခြေခံပညာ ကျောင်းသား ကျောင်းသူများက "စာတတ်မြောက်ရေး ဝိုင်းကူပေး" တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် သင်ကြားပေးလျက်ရှိသည့် စေတနာလုပ်အားပေးနည်းပြ၊ ကြီးကြပ်များ၊ မြို့နယ်ငါးမြို့နယ်မှ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် သင်ကြားလျက်ရှိသည့် စာသင်သားများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က စာသင်သားများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ခင်းကျင်းပြသထားသည့် အခြေခံစာတတ်မြောက်ရေးလုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ သင်ထောက်ကူပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး နည်းပြဆရာ ဆရာမများ၊ စာသင်သားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ၂၀၂၄ နှစ်သစ်ကူး၌ ရန်ကုန်မြို့ရှိ ထင်ရှားသောနေရာများတွင် အပန်းဖြေသူများဖြင့်စည်ကား

ရန်ကုန် ဇန်နဝါရီ ၁

၂၀၂၄ နှစ်သစ်ကူး၌ ရန်ကုန်မြို့ရှိထင်ရှားသောနေရာများတွင် အပန်းဖြေသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် New Year Countdown 2024 ကို ပြည်သူ့ရင်ပြင်တွင် ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီမှ စတင်ကျင်းပရာ ပြည်သူများပါဝင် ဆင်နွှဲခဲ့ပြီး နိုင်ငံကျော်ရုပ်ရှင် အနုပညာရှင်များ၊ အဆိုပညာရှင်များ၊ DJ ပညာရှင်များ၊ အကအဖွဲ့များအပြင် တေးသံရှင်ပေါင်း များစွာဖြင့် ဖျော်ဖြေခဲ့သည်။



### ပါဝင်ဆင်နွှဲ

ထို့ပြင် ရန်ကုန်မြို့ Thuwanabumi Event Park တွင်လည်း Yangon New Year Countdown ကို ဒီဇင်ဘာ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ အများအပြား ပါဝင်ဆင်နွှဲခဲ့သည်။

ထို့ပြင် နှစ်ကူးနေ့တွင် ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ကျောက်တော်ကြီးဘုရား၊ ကမ္ဘာအေးစေတီ စသည်ဖြင့် နာမည်ကြီး စေတီတော်များ၊ ပြည်သူ့ရင်ပြင်ဥယျာဉ်၊ မဟာဗန္ဓုလပန်းခြံ၊ မြို့တော်ခန်းမ၊ ကန်တော်ကြီးဥယျာဉ်၊ အင်းလျားကန်စောင်း စသည်ဖြင့် အများပြည်သူ အပန်းဖြေရာနေရာများ၊ ဈေးဝယ်စင်တာများတွင်လည်း လူစည်ကားခဲ့သကဲ့သို့ နှစ်သစ်ကူးညတွင် ရန်ကုန်မြို့ရှိ ဟိုတယ်များ၊မိုတယ်များ၊ တည်းခိုခန်းများတွင် အခန်းပြည့်သည်အထိ အနားယူသူများရှိခဲ့ကြောင်း သိရသည်။

"မနေ့က ကျွန်တော်တို့ဆီမှာတော့ အခန်းတွေ အကုန်လုံးပြည့်သွားတယ်။ စောစောကတည်းက လာပြီး ဘိုကင်ယူထားတဲ့သူတွေလည်းရှိတယ်။ အဲဒါကြောင့် အခန်းတွေက ပြည့်သွားတယ်။ နောက်ကျမှ ကျွန်တော်တို့ကို ဆက်သွယ်လာတဲ့သူတွေလည်း ရှိတယ်။ သူတို့အတွက်တော့ အခန်းတွေ အဆင်မပြေတော့ဘူး" ဟု ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

သစ်တော်

# အစိုးရစက်မှုလက်မှုသိပ္ပံ(ကျိုက်လတ်)၌ အခြေခံစားသောက်ကုန်များ ရောင်းချပေး

ကျိုက်လတ် ဇန်နဝါရီ ၁

ကျိုက်လတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်စီစဉ်မှုဖြင့် အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာရောင်းချပေးခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ (ကျိုက်လတ်)၌ ပြုလုပ်ရာ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ ကြီးကြပ်ပေးသည်။

ထိုသို့ရောင်းချပေးရာ၌ ကြက်သားတစ်ပိဿာ ကျပ် ၁၀၀၀၀ နှုန်းဖြင့် ပိဿာ ၂၀၊ ဝက်သားတစ်ပိဿာ ကျပ် ၁၅၀၀၀ နှုန်းဖြင့် ၁၀ ပိဿာ၊ ဆီတစ်ပိဿာ ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ၂၅ ပိဿာ၊ ကြက်ဥ/ဘဲဥတစ်လုံး ကျပ် ၂၅၀ နှုန်းဖြင့် အလုံးရေ ၈၀၀ နှင့် ဟင်းသီးဟင်းရွက်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၇



# နတ်တော်လ

မောင်လူမွေး(မြန်မာမှု)

နတ်တော်လကို ပုဂံခေတ်ထိုးကျောက်စာများတွင် နတ်တာဝ်လ (ပုဂံပြတိုက်ကျောက်စာ အမှတ်-၁၂၊ သက္ကရာဇ် ၅၅၀ (အေဒီ-၁၁၈၈)၊ နတ်တစ်လ (မဟာသေနာပတိ အနန္တသူရမောင်နှံကျောက်စာ (သက္ကရာဇ်-၅၈၅)၊ နတ္တာဝ်လ (ငါမြတ်သင်ကျောက်စာ၊ သက္ကရာဇ်-၅၈၇) စသည်တို့တွင် နတ်တောဝ်လ၊ နတ်တစ်လ၊ နတ္တာတ်လ၊ နတ္တ်ဝ်လဟု ရေးထိုးကြရာ မြန်မာစာပေအရေးအသား မတည်ငြိမ်သေးသောသဘောကို ဆောင်သည့် စာလုံးပေါင်းများကို တွေ့ရပေသည်။ သက္ကရာဇ်- ၅၉၈ ခုထိုး ရာဇသူရသမီးမောင်နှံကျောက်စာတွင် နတ္တော်လ၊ သက္ကရာဇ်-၆၀၄ ခုထိုး ညောင်ရမ်းကြီးသမီးကျောက်စာတွင် "နတ်တော်လ"ဟု ပီပီပြင်ပြင်ရေးထိုးထားသည်ကို တွေ့ရပေသည်။

> **လွတ်လပ်ရေးရပြီးနောက် စာဆိုတော် ဦးပုညကို အကြောင်းပြု၍ ထိုပွဲသဘင်မျိုး တစ်ဖန်ဖြစ်ပေါ်လာသည်။ စာဆိုတော်နေ့အမည်တွင်သည်။ အစတွင် ဦးပုညမွေးနေ့ ဖြစ်သော ကဆုန်လဆန်း ၃ ရက်ကို ကျင်းပသော်လည်း နောက်ပိုင်းတွင် ၁၃၀၆ ခု နတ်တော်လဆန်း ၁ ရက်၊ ၁၉၄၄ ခု၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပထမအကြိမ် စာဆိုတော်နေ့ကို ကျင်းပခဲ့ကြသည်။**
>
> **ထိုမှစတင်၍ စာဆိုတော်နေ့ကို အစဉ်အဆက်ကျင်းပလာခဲ့ကြသည်။ ထိုအချိန်တွင် ဂျပန်ခေတ်ဖြစ်နေသည်။ ဂျပန်ခေတ်ကာလ အလွန်ခက်ခဲသောအချိန်တွင် ပြုလုပ်ခဲ့ကြရသည်။ ယခုနှစ်သည် နှစ်ပေါင်း ၇၉ နှစ်ရှိပြီး နောင်နှစ်တွင် စာဆိုတော်နေ့ နှစ် ၈၀ ပြည့်ဖြစ်**

ပုဂံခေတ်ထက် ရေးကျသော ပျူခေတ်ဆယ့်နှစ်လရာသီ အရေးအသားများကို ဖော်ပြရာတွင် "တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို" ဟု မရေးဘဲ "(၄၁-ခု၊ ၇ လ၊ ၉ ရက်)တွင် ဟရိဝိတြမမင်း နတ်ရွာစံသည်၊ သက်တော် (၇၅ နှစ်၊ ၂ လ၊ ၂၄ ရက်)။ (၄၄-ခု၊ ၉ လ၊ ၂၀ ရက်)တွင် သိဟဝိကြမမင်း နတ်ရွာစံသည်။ သက်တော် ၈၀ နှစ်" စသည်ဖြင့် ရေးသားကြောင်း ပျူစာပေသုတေသီ ဆရာဌေးဝေ၏ ရေးသားချက်ကို တွေ့ရလေသည်။ ဆိုလိုသည်မှာ နတ်တော်လဟု မရေးဘဲ ၉ လ ဟု ရေးသားကြောင်း သုတအနေနှင့် သိရပါသည်။

### နတ်များကို ပူဇော်သောလ

နတ်တော်လဝေါဟာရမှာ "နတ်များကို ပူဇော်သောလ" ဟု အဓိပ္ပာယ်ရလေသည်။ သသ်ကရိုက်ဘာသာ "နာတ်" ပါဠိဘာသာ "နာထ"မှ ပါဠိပျက်အနေနှင့် "နတ်" ဖြစ်လာပေသည်။ အဓိပ္ပာယ်မှာ "အရှင်၊ သခင်၊ အကြီးအကဲ၊ စောင့်ရှောက်သူ" ဟောပုဒ်ဖြစ်လေသည်။ လောကနတ်၊ နတ်လူဗြဟ္မာ၊ သိကြားနတ်၊ အိမ်ဦးနတ်၊ မီးနတ်၊ လေနတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ၃၇-မင်း နတ်များအထိ အကျုံးဝင်လေသည်။

"တော်" မှာ "မြင့်မြတ်၊ ကြီးကဲ၊ အရှင်သခင်၊ စိုးပိုင်" ဟူသောအဓိပ္ပာယ်ကို ဆောင်ပေသည်။ ရတနာသုံးပါးနှင့်သော်လည်းကောင်း၊ မင်းနှင့်သော်လည်းကောင်း၊ ကြီးကဲမြင့်မြတ်သူများနှင့် ဆက်စပ်ပါက "တော်"ကိုသုံးကြလေသည်။ ထို့ကြောင့် နတ်ကိုပူဇော်သော အကြောင်းအရာကို အကျဉ်းအနေနှင့် "နတ်တော်"ဟု ခေါ်ဝေါ်လာကြလေသည်။

ကုန်းဘောင်ခေတ်နှောင်းတွင် ထင်ရှားခဲ့သော လေ့အသင်းအတွင်းဝန် ဦးခြိမ့်၏ (ယနေ့ခေတ် ရေတပ်ဦးစီးချုပ်)ဝေါဟာရတ္ထလီနတ္ထဒီပနီကျမ်းတွင် နတ်တော်လ နတ်ပူဇော်ပွဲတွင် မဟာပိန္နဲနတ်ကို ပူဇော်ခြင်း၊ မဟာဂီရိနတ်မောင်နှမကို ပူဇော်ခြင်းဟု နှစ်မျိုး ပြဆိုလေသည်။ ထိုအဆိုနှစ်ရပ်အနက် ဒုတိယအဆိုကိုသာလျှင် ရာဇဝင်လာအရ ကျနမှန်ကန်သည်ဟု ဝန်ကြီးက လက်ခံလေသည်။ မဟာပိန္နဲနတ်ပူဇော်ပွဲမှာ ဟိန္ဒူနည်းစနစ်ဖြစ်၍ ပယ်လုဟန်တူပေသည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ ကုန်းဘောင်ခေတ်လယ်တွင် ထင်ရှားခဲ့သော သာသနာပိုင်မောင်းထောင်ဆရာတော်ကို ဘိုးတော်ပဒုံမင်းတရားက မေးလျှောက်တော်မူသော အမေးတော်ဖြေကျမ်းတွင် ထင်ရှားပေ၏။ (သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလအကြောင်းအရာတွင် အမြွက်မျှဖော်ပြခဲ့ပေပြီ)

ဤ၌ ထိုနတ်ပူဇော်ပွဲ နှစ်မျိုးလုံးကိုပင် အကျဉ်းချုပ်ဖော်ပြပါမည်။ မဟာပိန္နဲနတ်မင်းမှာ ဟိန္ဒူများကိုးကွယ်သည့် နတ်ဘုရားငါးပါးအနက် တစ်ပါးအပါအဝင်ဖြစ်၏။ ပရမီသွာ နတ်မင်းကြီး၏ မိဖုရားဟာရီနီ ဥမ္မာဒေဝီမှ ဖွားမြင်သော သားဖြစ်၏။ ဖခင်ပရမီသွာနတ်မင်းနှင့်တူ၍ ကွဲပြားခြားနားစေရန်လည်ပင်းတွင် ဆည်းလည်းဆွဲထား၏။ စန္ဒကုမာရဟု အမည်တွင်၏။ ဥဒေါင်းယဉ်စီး၏။ ဇမ္ဗူဒိပ်တောင်မျက်နှာအရပ်၊ မြောက်အရပ်နှင့် စိန့်တိုင်း (ယခုခေတ် = China) ကို ပိုင်ဆိုင်သည်။ တန်ဆောင်မုန်းလတွင် မွေးဖွားသည်။ အစွယ်တစ်ချောင်းရှိသည်။ ဆင်မျက်နှာနှင့်တူသည်။ လုံ့လက်နက်စွဲကိုင်ကြောင်း၊ နတ်စစ်သူကြီးဖြစ်ကြောင်း သက္ကတအဘိဓာန်၌ ဖွင့်ဆို၏။ အမရကောသအဘိဓာန်ကျမ်းတွင်လည်း မဟာပိန္နဲနတ်၏ အမည်ပွားရှစ်မျိုးကိုပြ၏။ ဟိန္ဒူဘုရားကျောင်းများတွင် တွေ့မြင်နိုင်ပါ၏။

ဤ၌ တင်ပြလိုရင်းမှာ ထိုဟိန္ဒူနတ်ဘုရားပရမီသွာကို ပူဇော်ခြင်း၌ ဗုဒ္ဓဘာသာ ပိဋကတော်လာ ဓမ္မကြောင်းများနှင့်ဆက်နွယ်သော မြန်မာ့ယဉ်ကျေးမှုပွဲတော်မျိုး မဟုတ်ပေ။ ဟိန္ဒူဗြာဟ္မဏပုဏ္ဏားတို့က ဘုရင်၏လောကီအကျိုးကို ရည်ရွယ်၍ ပြုသောအစီအမံများသာ ဖြစ်ပေသည်။

ဘိုးတော်ဘုရားလက်ထက် (အဂ္ဂမဟာဓာဂရဗြဟ္မဏပုဏ္ဏားဆရာကြီး) မဟာပိန္နဲနတ်ကို နတ်တော်လတွင် ပူဇော်ခြင်းမှာ ရာဇမတ္တဏ်ကျမ်းနှင့်မညီ၍ တန်ဆောင်မုန်းလ၌ ကျင်းပရန် လျှောက်ထားရာ သက္ကရာဇ် ၁၁၇၃-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇-ရက် (၈-၁၁-၁၈၁၁) အင်္ဂါနေ့တွင် နာခံတော်ဇေယသင်္ခယာက နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပပြုလုပ်ရန် မင်းမိန့်ကိုထုတ်ပြန်လေသည်။ ထိုသို့ မင်းမိန့်ထုတ်ပြန်သော်လည်း နတ်တော်လကိုသာ စွဲနေကြပြီး နတ်တော်လ မဟာပိန္နဲနတ်ပူဇော်ပွဲဟု တွင်နေပေသည်။

### ကုန်းဘောင်ခေတ်ဦးမှပင် ပေါ်ပေါက်ခဲ့သော ဘုရားကိုးဆူပူဇော်ပွဲ

ဤသည်ကို ရည်ရွယ်၍ လေ့အသင်းအတွင်းဝန် ဦးခြိမ့်က ဤမဟာပိန္နဲပူဇော်ပွဲသည် အဓိကမဟုတ်ကြောင်းကို ဖော်ပြထားခြင်းဖြစ်သည်။ ထိုသို့ အဓိကမဟုတ်ဆိုသော်လည်း ပွဲတော်ကြီးအနေဖြင့် တန်ဆောင်မုန်းလတွင်ဖြစ်စေ၊ နတ်တော်လတွင်ဖြစ်စေ မလုပ်ကြသော်လည်း ကုန်းဘောင်ခေတ်ဦးမှပင် ပေါ်ပေါက်ခဲ့သော ဘုရားကိုးဆူ ပူဇော်ပွဲတွင် မဟာပိန္နဲ ပါဝင်မြဲဖြစ်ပေသည်။ ယိုးဒယားနှင့် ယဉ်ကျေးမှုကူးလူးဆက်ဆံခြင်းတွင် တစ်ခုအပါအဝင်ဖြစ်ပေသည်။

နတ်တော်လပွဲတော်ဆိုင်ရာတွင် ပုဂံခေတ် သေလည်ကြောင်မင်းလက်ထက် မဟာဂီရိနတ်မောင်နှမကို ပုပ္ပားတောင်သို့တက်၍ နှစ်စဉ်ပူဇော်ပသသည်မှစ၍ ဖြစ်ပေါ်လာသည်ဟု အဆိုရှိပြန်သည်။

ပုဂံခေတ် သက္ကရာဇ် ၂၆၆ ခုနှစ်တွင် သေလည်ကြောင်မင်း နန်းတက်သည်။ ထိုခေတ်၌ တကောင်းမှ မျောလာသော စံကားပင်သည် ညောင်ဦးဆိပ်ကမ်းတွင် တင်နေသည်။ ထိုစံကားပင်ကို နတ်မောင်နှမအရုပ်ထုလုပ်၍ ကိုးကွယ်ရမည်ဟု အိပ်မက်မြင်မက်ရာမှ ရုပ်တုကိုးကွယ်ပြီး ပုပ္ပားတောင်တွင် နတ်ကွန်းဆောက်၍ ပူဇော်လေသည်။

တလုပ်မြို့စား သင်္ခါရာ၏ မဟာဥပရာဇ်ချောင်းတွင် "ဒွါဒသရ၊ ဆယ့်နှစ်လဝယ်၊ ဒေဝနတ်များ၊ ပျော်ပါးကဲစ၊ လွန်ရွှင်ပြ၍၊ နတ်လတွင်ရှင့်" ဟု ဆိုသကဲ့သို့ "နတ်ပျော်လ" မှ "နတ်တော်လ" ဟု ဖြစ်လာသည်။

အခြားအယူအဆတစ်ခုမှာ "နတ၊ နတိ၊ နတ္တိ၊ ကိုင်းညွှတ်ခြင်း အလွန်ကွေးတွန့်ခြင်း" "အဝနတော = အလွန်ကွေးတွန့်သော"၊ "နတ္တ = ညည့်" အဓိပ္ပာယ်မှ အလွန်ချမ်းအေးလှသောကြောင့် ခန္ဓာကိုယ်ကွေးညွှတ်နေရသော "လ" ဟုဆိုလိုသည်။ "နတော" "နတိ"မှ "နတ်တော်လ" ဖြစ်လာသည်ဟု ဝေါဟာရလီနတ္ထကျမ်းတွင် အယူအဆတစ်မျိုးပြထားသည်။ ဝေါဟာရစီးဆင်းမှု ပါဠိပျက် ပါဠိသက်ရေးသားမှုတို့၏ ရေစီးကြောင်းအရ မဖြစ်တန်ရာပေ။

မံသီရိ ခါရေတီတိ=မန္ဒရေ=မန္တလေး။ (မံသီရိ=ကျက်သရေကို ခါရေတိ = ဆောင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ မန္ဒရေ=မန္တလေးမည်၏။) မင်္ဂ ဇိနာ တီတိ မင်္ဂဇိန်=မင်္ဂဇင်း (မင်္ဂ=ဘဝလမ်းခရီးကို ဇိနာတိ=အောင်စေတတ်၏၊ အောင်နိုင်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ မင်္ဂ ဇိနာ=မင်္ဂဇိန်မည်၏။) ဟု ဝိဂြိုဟ်ဆို၍ ဝေါဟာရအတင်းကြံဆမှုများလည်း ရှိကြသည်။ ဖော်ပြပါ **"နတ၊ နတိ၊ နတ္တိ"** ပါဠိမှ **"နတ်တော်"** ဝေါဟာရ ဖြစ်ပေါ်လာသည် ဆိုသည်မှာ "ပရိကပ္ပ = ကြံဆမှု၊ လိုရာဆွဲယူမှု"သာ ဖြစ်ပေသည်။

### မဟာဂီရိနတ်ပူဇော်ပသမှုကား ပုဂံခေတ်ကပင် ထွန်းကား

မည်သို့ဆိုစေ နတ်တော်လသည် ပုဂံခေတ်မှပင်လျှင် တည်ရှိခဲ့သော ဝေါဟာရဖြစ်သည်။ မှန်နန်းရာဇဝင်တွင် "ဥဇနာမင်းကြီးသည် နတ်တော်လ ရောက်လတ်သော် မင်းတကာတို့ ပုပ္ပားတောင်သို့ တက်မြဲဖြစ်၍ မဟာဂီရိနတ်မောင်နှမကို ပူဇော်အံ့ငှာ တက်လေလျှင် ဆိတ်ထိန်းကမ်းဖြူရွာမှာ မြတ်လေး တစ်ပင်၌ ပန်းသုံးမည်ပွင့်သည်ကို ကြားတော်မူ၍ ရှုစားတော်မူမည်ဟု ဝင်တော်မူလေသော် ပန်းသီတံနှင့် ပန်းစိုက်၍နေသော မိန်းမငယ်ကို မြင်လျှင် မြတ်သောအဆင်းနှင့်ပြည့်စုံသသူ ဖြစ်သောကြောင့် ကောက်ယူတော်မူလေ၏။" ဟု ပါရှိသဖြင့် မဟာဂီရိနတ်ပူဇော်ပသမှုကား ပုဂံခေတ်ကပင် ထွန်းကားလျက်ရှိနေပြီဟု ဆိုရပေမည်။

ဟိန္ဒူမဟာပိန္နဲနတ်ပူဇော်ခြင်းထက် မဟာဂီရိနတ်ပူဇော်ခြင်းက ပို၍ရေးကျသည်ကို တွေ့ရပေသည်။ ပုပ္ပားနတ်တောင်လက်ာသည် ထင်ရှား၏။ အများသိကြသည့်အတိုင်း မင်းမဟာဂီရိနတ်မောင်တင့်တယ်သည် ဖိုကျင်ထိုး မီးတိုက်သတ်၍ အစိမ်းသေရသည်။ မြန်မာ့ဆေးနည်းအရ မီးပူလောင်နာဖြစ်သောအခါ အပူငြိမ်းစေရန် အုန်းစိမ်းရည်တိုက်ရသည်။ ငှက်ပျောရွက်ခင်း၍ အိပ်ရသည် (သို့) ငှက်ပျောဖက်နှင့် အုပ်ရသည်။ ဤသည်မှစ၍ ပူဇော်ပသမှုတွင် ငှက်ပျော်ပွဲ၊ အုန်းပွဲစတင်လာသည်ဟု ယူဆနိုင်သည်။ ပါချုပ်ဆရာတော်ကြီး မိန့်ဆိုချက်အရ ငှက်ပျောသီး၊ အုန်းသီးများသည် ဆယ့်နှစ်လရာသီတွင် အခါမရွေး ရရှိနိုင်သောအရာများဖြစ်သည်။ ထို့ကြောင့် ပူဇော်ပွဲများတွင် ငှက်ပျောပွဲ၊ အုန်းပွဲများကို အသုံးပြုကြသည်ဟုလည်း ဆရာတော်ကြီး သုံးသပ်ချက်ကို နာကြားဖူးပါသည်။ ထိုနတ်ပူဇော်ပွဲမှစတင်၍ ငှက်ပျောပွဲ၊ အုန်းပွဲများသည် မြန်မာ့ရိုးရာဓလေ့တွင် ဆက်နွယ်ဖြစ်ပေါ်လာသည်ဟု ဆိုနိုင်ပေသည်။

### အိမ်တွင်းမင်းမဟာဂီရိ ယုံကြည်ကိုးကွယ်မှု

မြန်မာ့သမိုင်းစဉ်တွင် နတ်ပူဇော်မှုနှင့် ပတ်သက်၍ ပုဂံခေတ်အနော်ရထာမင်း၊ အင်းဝခေတ်တွင် ရှင်မဟာသီလဝံသ၏ "သံဝေဂခန်းပျို့"၊ ရှင်မဟာရဋ္ဌသာရ၏ "ဘူရိဒတ် ဇာတ်ပေါင်းပျို့"၊ ဟံသာဝတီဆင်ဖြူရှင်ခေါ် ဘုရင့်နောင်၏ အမိန့်တော်ပြန်တမ်း အကြောင်းအရာများသည် နတ်ကိုးကွယ်မှုနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုကို ဖြစ်စေခဲ့သည့် အကြောင်းခြင်းရာများဖြစ်ပေသည်။ အနော်ရထာမင်းမတိုင်မီက ပုပ္ပားမင်းမဟာဂီရိ အပါအဝင် နတ်ယုံကြည်ကိုးကွယ်မှုအမျိုးမျိုး ရှိခဲ့ကြသည်။ အနော်ရထာမင်းလက်ထက်ရောက်သောအခါ ထိုယုံကြည်ကိုးကွယ်မှု နတ်အမျိုးမျိုးကို မင်းမိန့်ဖြင့် ရွှေစည်းခုံစေတီအနီးတွင် သံကြိုးဖြင့် ချည်တွဲကာထားလေသည်။ ထိုနေရာကို နတ်လှောင်ကျောင်းဟုလည်းကောင်း၊ တချို့က နတ်လျှောင်းကျောင်းဟုလည်းကောင်းခေါ်ဆိုကြ၏။ ပုဂံသူ၊ ပုဂံသားတို့၏ ယုံကြည်ကိုးကွယ်မှုကို ယတိပြတ်ဖြတ်ခြင်းမျိုး မဟုတ်ဘဲ အုန်းသီးပူဇော်မှုကို ခွင့်ပြုတန်သလောက် ခွင့်ပြုခဲ့လေသည်။ ထိုကို အကြောင်းပြု၍ အိမ်တွင်းမင်းမဟာဂီရိ ယုံကြည်ကိုးကွယ်မှု ဖြစ်ပေါ်လာခဲ့လေသည်။

အင်းဝခေတ်တွင် နတ်ကိုးကွယ်မှုနှင့်အတူ ကြက်၊ ဝက် ပူဇော်မှုများ ပြန်လည်ထွန်းကားလာကြောင်းကို ရှင်မဟာသီလဝံသ၏ သံဝေဂခန်းပျို့၌"…မြတ်နိုးနှစ်သစ်၊ အနက်အနီ၊ အတီခေါင်းပေါင်း၊ တင်အုပ်ဆောင်းနှင့်၊ အပေါင်းစုဝေး၊ အမွှေးအကြိုင်၊ မုန့်ဆိုင်မုန့်ခဲ၊ ကြက်ဝက်လဲ၍၊ ပုံနှဲခရာ၊ တီးမှုတ်ကာနှင့်၊ ချမ်းသာဆင်းရဲ၊ ပေးစမြဲဟု၊ ငနတ်တို့ကို၊ မပြတ်ကိုးကွယ်၊ အန္တရာယ်လည်း၊ ကိုယ်ဝတ်လွတ်ကင်း၊ မရှိလျှင်တည့်…" ဟု ရေးသားထားချက်ရှိလေသည်။ ထို့အတူ ရှင်မဟာရဋ္ဌသာရ ဆရာတော်ကလည်း… ကိုးခန်းပျို့တွင် –

"…နတ်ကုစုန်းရွယ်၊ အကယ်ကယ်သို့၊ ရယ်ဖွယ်ဖို့ကြီး၊ မရှက်သီးဘဲ၊ ကန္နားပွဲနှင့်၊ ဝတ်လဲဖြူနီ၊ ပန်းသီးပန်းနက်၊ ဆင်ကာရစ်လျက်၊ လက်ယှက်လက်ဝန်း၊ တဖျင့်သန်းတည့်၊ သွမ်းမှန်းမသိ၊ မျက်စိသလည်၊ နတ်ရူးသည်ဟု၊ မတည်မတံ့၊ လွင့်ပျံ့နှလုံး၊ သူမိုက်ဆုံးလည်း၊ စွဲသုံးလေ့လာ၊ မကျင့်ရာသည်…" ဟု ရေးသားထားလေသည်။ သို့သော်လည်း မင်းမိန့်မဟုတ် ဤနှောင်ခေတ်တဖြည်းဖြည်းနှင့် ချဲ့လာဟန်တူပေသည်။ ဇာတ်တော်ထဲက ယဇ်ပူဇော်ပွဲမျိုးကဲ့သို့ ဖြစ်လေဟန်တူပေသည်။

မင်းမဟာဂီရိကို ကျွဲဖြူ၊ နွားဖြူ၊ ဆိတ်ဖြူ၊ ဝက်ဖြူ၊ ကြက်ဖြူများသတ်၍ သေရည်သေရက်များနှင့် တစ်နှစ်တစ်ကြိမ် ပူဇော်ကြသည်။ ထိုသတ်၍

စာမျက်နှာ ၇ သို့ ✤

❖ စာမျက်နှာ ၆ မှ

ယဇ်ပူဇော်ထားသော တိရစ္ဆာန်ခေါင်းခွံများကို အိမ်ရှေ့နတ်တိုင်တွင် ဆွဲထားကြသောဓလေ့ကို မင်းမိန့်ဖြင့် ပြန်တမ်းထုတ်၍ တားမြစ်ခဲ့သည်။ တိရစ္ဆာန်များကို ပူဇော်ရာ၌ အဖြူရောင်ကိုသုံးခြင်းမှာ မင်းမဟာဂီရိသည် မီးအပူရောင်၊ အနီရောင်နှင့် ဆက်စပ်သေဆုံး၍ တိရစ္ဆာန်အဖြူရောင်များကိုသာ ယဇ်ကောင်အဖြစ် အသုံးပြုခြင်းဖြစ်သည်။ ထိုကို အကြောင်းပြု၍လည်း မီးဖြင့်ပြုလုပ်သော အစာအာဟာရများကိုမသုံးဘဲ အသီးအနှံများကိုသာသုံးရန် သိမ်းသွင်း၍ ပြည်သူ့အကြိုက် စည်းရုံးသိမ်းသွင်းခဲ့သည်။ အနီရောင်ကို ဥပါဒါန်မစွဲဘဲ အနီရောင်သုံးရန်ကိုလည်း စည်းရုံးသည့်သဘောဖြင့် နတ်ဆက်သမှုတွင် သုံးစေခဲ့သည်ဟု သုံးသပ်ရာ၏။

ပုဂံခေတ် အနော်ရထာလက်ထက်တွင် တိရစ္ဆာန်များဖြင့် နတ်ပူဇော်သောဓလေ့သည် တိမ်မြုပ်သွားသော်လည်း နောက်ပိုင်း တစ်စတစ်စ ထိုဓလေ့များပေါ်လာသည်ကို ဘုရင့်နောင်လက်ထက်တွင် ပြန်လည်နှိမ်နင်းရလေသည်။

ခေတ်စနစ်များ မည်သို့ပြောင်းစေ ယုံကြည်ကိုးကွယ်မှုဆိုသော အရာသည် ရှိနေဦးမည် ဖြစ်ပါသည်။ စာဆိုတော် စိန္တကျော်သူဦးဩကမူ ကဝိလက္ခဏာ သတ်ပုံ သံပေါက်ကျမ်းတွင် "အိပ်လိုရဟန်း၊ စားလိုမှန်း၊ ပုစ္ဆန်းလုပ်ပါလေ"ဟု မိန့်ကြားခဲ့၏။ ပုစ္ဆန်းဆိုသည် နတ်ဝင်သည်၊ နတ်ပူဇော်သူဟု ဆိုလိုပေသည်။ မလွန်ကဲရန်သာ စောင့်ထိန်းရပေမည်။ ရိုးရာဓလေ့ကမူ ရှိမြဲရှိနေပါမည်။ ပုပ္ပားနတ်တောင်မှ ဂရိအိုလံပစ်တောင် ဇုနတ်မင်း ဗီးနပ်၊ အဖရိုဒိုက်၊ အီလီယက်နတ်တို့ထံ မရောက်သွားဖို့ အရေးကြီးပေသည်။

**နတ်တော်လအခြားပွဲတစ်ခုမှာ ဆင်ဖမ်းပွဲ**

နတ်တော်လအခြားပွဲတစ်ခုမှာ ဆင်ဖမ်းပွဲဖြစ်သည်။ ပွဲသဘင်ဆိုသော်လည်း ၁၂ လ ရာသီပွဲများကဲ့သို့ မဟုတ်ပေ။ ဆင်အကြောင်း၊ ဆင်ဖြူတော်အကြောင်းများကို ရေးစာဆိုတော်များ ရေးကြသည့် ကျမ်းစာပေ၊ ပျို့ကဗျာ၊ လင်္ကာများရှိပေသည်။ ဂဇသျှတ္တရကျမ်း မုံရွေး ဇေတဝန်ဆရာတော်၏ ဥတေနပျို့၊ ရွှေနန်းကြော့ရှင်ဘုရင် နရပတိမင်းလက်ထက် ရှင်ထွေးညို ဆိုဖွဲ့သော ရွှေစာတိုင် ဆင်တော်မော်ကွန်း၊ အနောက်ဖက်လွန်မင်းကြီး လက်ထက် ရှင်သံကိုရေးဖွဲ့သော ရတနာပြောင်မွန် ဆင်တော်မော်ကွန်း၊ ငစဉ့်ကူးမင်း လက်ထက် အတွင်းဝန်ထောက်မောင်ညိုဖွဲ့ ဆိုသော ရွှေမင်းဖုန်း ဆင်တော်မော်ကွန်း၊ ဘိုးတော်မင်းတရားကြီးလက်ထက် တွင်းသင်းတိုက်ဝန် မဟာစည်သူဆို ဝရသေတဂီရိ ဆင်တော်မော်ကွန်း စသည့် စာပေများမှာ ထင်ရှားပါ၏။ ရှေးခေတ်က စစ်အင်အားတွင် ဆင်တပ်သည် အလွန်အရေးပါလှပေ၏။

စစ်လျှင်ထောင်မှူး ရှင်ထွေးညို၏ ရွှေစာတိုင်ဆင်တော်မော်ကွန်းမှာ ဆင်ရှာရန် သွားသော လမ်းခရီးစဉ်တွင် ဥတေန(ဥဒိန်နတ်) နတ်ပူဇော်ပုံ-မင်းနေပြည်တော်မှ စကုစလင်း၊ ထိုမှတစ်ဆင့် ရခိုင်ရိုးမကိုကျော်၍ မအီ အမ်းဒေသအထိ ရောက်ရှိပုံ ပြီးမြောက်၍ ဘုရင်မှ ဆုတော်၊ လာဘ်တော်ချီးမြှင့်သည် အထိ အသေးစိတ် ရေးဖွဲ့ထားခြင်းဖြစ်သည်။

နတ်တော်လတွင် ရှေးအခါက ဘွဲ့ထူး ဂုဏ်ထူး ဖျဉ်ထပ်မင်္ဂလာပွဲ သဘင်အခမ်းအနားလည်း ရှိပေသေးသည်။ ဤသည်ကို...

"...လက်ရုံးနှလုံး၊ မင်းသုံးထိုက်တန်၊ သတ္တိမာန် ဖြင့်၊ ဉာဏ်နှင့်ရဲစွမ်း၊ ချင့်စုံစမ်းပြီး၊ မှုထမ်းရာထမ်း၊ ဝေခွဲခြမ်း၍၊ ပွဲလမ်းရသည်၊ ဂုဏ်စွမ်းရည်တိုင်း၊ ဘွဲ့မည်သညာ၊ နေရာဆောင်ယွက်၊ ထီးရွှေရွက်နှင့်၊ နှစ်သက်ကြည်နူး၊ ခြီးကြူးမြှောက်ဘိ၊ ရှုမျှော်သိလေ့၊ ထုံးယိုစဉ်လာ..."ဟု မဃဒေဝတွင် ဖော်ပြထားလေသည်။ ဖော်ပြပါနတ်တော်လတွင် ဆုနှင်းသဘင်ဂုဏ်ရည်ပွဲများ အစဉ်အဆက် ကျင်းပမှုသည်ကိုလိုနီခေတ်ရောက်သွားသောအခါ လုံးဝတိမ်မြုပ်ပျောက်ကွယ်သွားလေတော့သည်။

လွတ်လပ်ရေးရပြီးနောက် စာဆိုတော်ဦးပုညကို အကြောင်းပြု၍ ထိုပွဲသဘင်မျိုး တစ်ဖန်ဖြစ်ပေါ်လာသည်။ စာဆိုတော်နေ့အမည်တွင်သည်။ အစတွင် ဦးပုညမွေးနေ့ဖြစ်သော ကဆုန်လဆန်း ၃ ရက်ကို ကျင်းပသော်လည်း နောက်ပိုင်းတွင် ၁၃၁၆ ခု နတ်တော်လဆန်း ၁ ရက်၊ ၁၉၄၄ ခု၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပထမအကြိမ် စာဆိုတော်နေ့ကို ကျင်းပခဲ့ကြသည်။

**စာဆိုတော်နေ့ နှစ် ၈၀ ပြည့်ဖြစ်**

ထိုမှစတင်၍ စာဆိုတော်နေ့ကို အစဉ်အဆက် ကျင်းပလာခဲ့ကြသည်။ ထိုအချိန်တွင် ဂျပန်ခေတ်ဖြစ်နေသည်။ ဂျပန်ခေတ်ကာလ အလွန်ခက်ခဲသောအချိန်တွင် ပြုလုပ်ခဲ့ကြရသည်။ ယခုနှစ်သည် နှစ်ပေါင်း ၇၉ နှစ်ရှိပြီး နောင်နှစ်တွင် စာဆိုတော်နေ့ နှစ် ၈၀ ပြည့်ဖြစ်တော့မည်။

နတ်တော်လပြည့်နေ့ကို ပိဋကတ်စာပေပညာရှင်ကြီးများ ပူဇော်သည့်အနေဖြင့် "ဓမ္မစာဆိုတော်နေ့"အဖြစ် မင်္ဂလာဗျူဟာအသင်းချုပ်ကြီးမှ ၁၃၇၇ ခု နတ်တော်လပြည့်နေ့(၁၇-၁၂-၁၉၇၅)မှ စတင်၍ ကျင်းပလာခဲ့လေသည်။ ဤနှစ်ဆိုလျှင် ၄၈ နှစ် ပြည့်ခဲ့လေပြီ။ နတ်တော်လ၏ ကောင်းမွန်သော မြန်မာမှုများကို ရှေ့သို့ လက်ဆင့်ကမ်း သယ်ဆောင်သွားနိုင်ကြပါစေဟူသော ဆန္ဒဖြင့် နိဂုံးချုပ်အပ်ပါသည်။ ။

## ဘိုးဘွားစောင့်ရှောက်ရေးဂေဟာ(မှော်ဘီ)အတွက် အလှူငွေနှင့် တိုင်းရင်းဆေးများ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁**

ဘိုးဘွားများစောင့်ရှောက်ရေးဂေဟာ(မှော်ဘီ) အတွက် အလှူငွေကျပ် ၁၂၀၀၀၀ နှင့် ဆရာခို၊ စောခံဝတိုင်းရင်းဆေးများနှင့် ဘိုးဘွားစောင့်ရှောက်ရေးဂေဟာမှ ဝန်ထမ်းများအတွက် ဆရာခို၊ စောခံဝ တိုင်းရင်းဆေးများကို ဦးအောင်လင်း(ဆရာခို/စောခံဝ တိုင်းရင်းဆေးလုပ်ငန်း)က ယနေ့နံနက်ပိုင်းတွင် သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းရုံးခန်းသို့ လာရောက်လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။



**အေးသန်း(စိန်တုံးကြီး)**

## အသိပေးနှိုးဆော်ချက်

(၇၆)နှစ်မြောက်၊ လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၄ ရက်နေ့ ၀၄:၀၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ အစမ်းလေ့ကျင့်ခြင်းနှင့် ၄-၁-၂၀၂၄ ရက်နေ့ ၀၄:၀၀ အချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်သွားလာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## သတိပေးနှိုးဆော်ချက်

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (ဝတ်စုံပြည့်)အစမ်းလေ့ကျင့်မည့် ၂-၁-၂၀၂၄ ရက်နေ့နှင့် အခမ်းအနားကျင်းပပြုလုပ်မည့် ၄-၁-၂၀၂၄ ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက်(၀၂:၀၀)အချိန်မှ (၀၈:၀၀)အချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ယာဉ်အသုံးပြုသွားလာသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့ လည်းကောင်း၊ သပြေကုန်းဈေးထောင့်လမ်းဆုံ မီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ရေဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## လွတ်လပ်ရေးကို

❖ လွတ်လပ်ရေးကို
အလေးအနက်ထား
နှလုံးသားနဲ့
ဝင့်ကြွား ဂုဏ်ယူ တတ်ပါစေ။
❖ လွတ်လပ်ရေးကို
မြော်တွေး ရေးရှု
ဂရုပြုလျက်
သူ့ဝန် ကိုယ့်တာ
ကျေပွန်စွာဖြင့်
မှန်စွာ ထိန်းသိမ်း နိုင်ပါစေ။
❖ လွတ်လပ်ရေးကို
နီစွေးအဓိဋ္ဌာန်
မျိုးချစ်မာန်နဲ့
ထက်သန် ဖြည့်လောင်း
အားကောင်း ပေါင်းစပ်
**"ပြည်ထောင်စုစိတ်ဓာတ်"** နဲ့
**မြင့်မြတ်မြန်မာ**
မြဲခိုင်မာဖို့
**"မြန်မာ" အသိ**
**"မြန်မာ" အမြင်**
**"မြန်မာ" အရေး**
**အလေးပေးကာ**
မြော်တွေး စောင့်ထိန်းနိုင်ပါစေ။
❖ နိုင်ငံတစ်ခု တည်တံ့မှုနှင့်
ပြည်သူလူထု ဖြစ်တည်မှုတွက်
**အသက်တမျှ အရေးပါ**
**ဝိညာဉ်ပမာ အရေးကြီး**
**လွတ်လပ်ရေးကြီး**
ခိုင်ဖြိုးရှင်သန်
အစွန့်ရှည်ရန်
ရည်သန်ဆန္ဒ မြဲတစေ။
ကိုယ်စီ တာဝန် ကျေကြစေ။
နောင်ဆွေညီအစ်ကို သားချင်းတွေ။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

**(လွတ်လပ်ရေးနေ့များစွာကို ဂုဏ်ပြုလျက်)**

# တက္ကသိုလ်၊ စက်မှုလက်မှုသိပ္ပံနှင့် သူနာပြုသားဖွားသင်တန်းကျောင်းရှိ အဆောင်နေ ကျောင်းသား ကျောင်းသူများအား အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိ



ပဲခူး ဇန်နဝါရီ ၁

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက တက္ကသိုလ်၊ စက်မှုလက်မှုသိပ္ပံနှင့် သူနာပြုသားဖွားသင်တန်းကျောင်းရှိ အဆောင်နေ ကျောင်းသား ကျောင်းသူများအား အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုအား သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးတက္ကသိုလ်သို့ သွားရောက်ပြီး တက္ကသိုလ်ဝင်းအတွင်းရှိ အဆောင်နေကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကိုယ်တိုင်စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများက တိုက်ရိုက်ဈေးရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စက်မှုလက်မှုသိပ္ပံ(ပဲခူး)နှင့် သူနာပြု သားဖွားသင်တန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသူများနှင့် ဆရာ ဆရာမများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကိုယ်တိုင် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများက တိုက်ရိုက်ဈေးရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့် သင်တန်းသူများတွက် တစ်လစာ ဆန်နှင့်ဆီအား ထောက်ပံ့ပေးအပ်ခဲ့ပြီး သီးခြားလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ပြည်သူများအတွက် အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ၊ သား၊ ငါး၊ ဥနှင့် ဟင်းသီးဟင်းရွက်များအား ၂၀၂၃ ခုနှစ် ဖွန်လမှစ၍ မြို့နယ် ၂၈ မြို့နယ်ရှိ မြို့မ ဈေးကြီးများတွင် ဒေသအလိုက် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များ နေ့စဉ်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ယခုအခါ တိုင်းဒေသကြီးအတွင်း အဆင့်မြင့်ပညာ ဦးစီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ သင်တန်းကျောင်းများတွင် ယနေ့မှ စတင်၍ အခြေခံစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့် အပတ်စဉ် တိုက်ရိုက်လာရောက် ရောင်းချပေးသွားမည်ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရှေးဟောင်းသမိုင်းဝင် စိန်သာလျောင်းဘုရားကြီး အဝင်လမ်း အဆင့်မြင့်တင်နေမှု နှင့် ပဲခူး-သနပ်ပင် လမ်းမပေါ်ရှိ အင်းဝတံခါးပေါက်အနီး ဟံသာဝတီ ရှေးဟောင်းကျုံးနှင့် ဟံသာဝတီမြို့ရိုး ပြန်လည်တူးဖော်ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရှေးဟောင်းဇရိယာ အတွင်း ကျူးကျော်နေထိုင်မှုများမရှိစေရေး၊ ကျုံးထောင့်စေတီများ ပြန်လည်ဖော်ထုတ်နိုင်ရေး၊ ရှေးမူလက်ရာမပျက် ပြင်ဆင်သွားရန်နှင့် ခရီးသွားပြည်သူများ ဖတ်ရှုလေ့လာနိုင်ရေး သမိုင်းမှတ်တမ်းများ QR Code စနစ်ဖြင့် ထားရှိသွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း တက္ကသိုလ်၊ ကောလိပ်များ၌ အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို ကြည့်ရှုအားပေး

မော်လမြိုင် ဇန်နဝါရီ ၁

မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် စားသောက်ကုန်စည်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်စေရေးအတွက် ကိုယ်တိုင် စိုက်ပျိုး၊ မွေးမြူ ထုတ်လုပ် ဖြန့်ဖြူးသူများက ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းက မော်လမြိုင် တက္ကသိုလ်အတွင်း၌ ရောင်းချပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ အခြေခံစားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချခြင်းကို မော်လမြိုင် ပညာရေးဒီဂရီကောလိပ်နှင့် နည်းပညာတက္ကသိုလ် (မော်လမြိုင်)တို့တွင် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများက အေးချမ်းပျော်ရွှင်စွာဖြင့် လာရောက်ဝယ်ယူခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က သွားရောက်ကြည့်ရှုအားပေးကာ ပြည်နယ်ဝန်ကြီးချုပ်က အခြေခံစားကုန်များကို လုံလောက်စွာ ထုတ်လုပ်နိုင်ခြင်းဖြင့် ကုန်ဈေးနှုန်း တည်ငြိမ်အောင်ဆောင်ရွက်ကာ ကုန်ထုတ်လုပ်သူများ အနေဖြင့်လည်း အများပြည်သူများအတွက် အဖြစ်သင့်ဆုံးဈေးနှုန်းဖြင့် ထိန်းညှိရောင်းချပေးရန်လိုပါကြောင်း၊ ပြည်နယ်အတွင်း ထွက်ရှိသော ဆန်၊ ငါး၊ ပုစွန်၊ ကြက်သား၊ ကြက်ဥများကို Supply and Demand မျှတအောင် သုံးစွဲရေး၊ ဈေးနှုန်း သင့်တင့်ရေး၊ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားပြီး လိုအပ်သည်တို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နည်းပညာတက္ကသိုလ်ဝင်းအတွင်းရှိ ရွှေဇီဝစက်ရုံသို့ရောက်ရှိရာ ဇီဝနည်းပညာဦးစီးဌာန တာဝန်ရှိသူက မြေဩဇာ ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ဇီဝမြေဩဇာသည် မြေဆီ၊ မြေနှစ်အထွက်နှုန်း



ပိုမိုကောင်းမွန်စေကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် ဇီဝမြေဩဇာကို အရည်အသွေး ကောင်းမွန်စွာဖြင့် အဆင့်မြင့်မြေဩဇာအတောင့်များ ထုတ်လုပ်ပြီး၊ တောင်သူများဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်ရန်လိုကြောင်းပြောကြားကာ စက်ရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

# ဇန်နဝါရီ ၁ ရက်မှစ၍ မော်လမြိုင် - ရန်ကုန် ရထားလက်မှတ်ဈေးနှုန်းများ ပြင်ဆင်သတ်မှတ်




ရန်ကုန် ဇန်နဝါရီ ၁

ဇန်နဝါရီ ၁ ရက်မှ စတင်ကာ မော်လမြိုင် - ရန်ကုန် ရထားလက်မှတ်ခနှုန်းထားများကို ပြောင်းလဲပြင်ဆင်သတ်မှတ်လိုက်ကြောင်း မော်လမြိုင် ဘူတာကြီးက ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ ဒီဇယ်ဆီဈေး တိုးမြင့်လာမှုကြောင့် လက်ရှိဆီဈေးနှင့်လိုက်လျောညီထွေဖြစ်စေမည့် မီးရထားလက်မှတ်ခ နှုန်းထားများကို တိုးမြင့်ရန်လိုအပ်လာသဖြင့် နှုန်းထားအသစ်ဖြင့် ပြောင်းလဲပြင်ဆင်သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသို့ မီးရထားလက်မှတ်ခနှုန်းထားများနှုန်းထားအသစ်ဖြင့် ပြောင်းလဲပြင်ဆင်သတ်မှတ်ရာတွင် လေအိတ်ရထားအထက်တန်း မော်လမြိုင်-ရန်ကုန် ငွေကျပ် ၁၁၀၀၀၊ မော်လမြိုင်-ပဲခူး ငွေကျပ် ၈၀၀၀၊ မော်လမြိုင်-ဝေါ ငွေကျပ် ၇၀၀၀ စသည်ဖြင့် တိုးမြှင့်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လေအိတ်ရထား ရိုးရိုးတန်းများမှာ မော်လမြိုင် - ရန်ကုန် ငွေကျပ် ဖ၀၀၀၊ မော်လမြိုင် - ပဲခူး ငွေကျပ် ၄၀၀၀၊ မော်လမြိုင် - ဝေါ ငွေကျပ် ၄၀၀၀၊ မော်လမြိုင်-သိမ်ဇရပ် ငွေကျပ် ၃၀၀၀ စသည်ဖြင့် သတ်မှတ်ထားခြင်းဖြစ်သည်။

ရိုးရိုးရထား(AAR)ရိုးရိုးတန်း မော်လမြိုင်-ရန်ကုန် ၅၀၀၀ကျပ်၊ မော်လမြိုင်-ပဲခူး ငွေကျပ် ၄၀၀၀၊ မော်လမြိုင် - ဝေါ ငွေကျပ် ၄၀၀၀ ၊ မော်လမြိုင် - သိမ်ဇရပ် ငွေကျပ် ၃၀၀၀၊ မော်လမြိုင် - မုပ္ပလင် ငွေကျပ် ၃၀၀၀ စသည်ဖြင့် သတ်မှတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

လေအိတ်ရထားသည် ယခုလပိုင်းအတွင်း စုံရက်များတွင် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ရိုးရိုးရထား AAR သည် မ ရက်များအတွင်း တစ်လှည့်စီပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းမြန်မာ့မီးရထားမှ သိရသည်။

သစ်တော်

# လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များတင်သွင်းရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ်အားသွင်းစက် (60 KW, EV Charger) များသည် ရန်ကုန် ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားနှင့် နှစ်သစ်ကူး မဟာပဋ္ဌာန်းဒေသနာတော်နှင့် ဥပ္ပါတသန္တိ ပရိတ်တော်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာ အခမ်းအနား တက်ရောက်

**စစ်တွေ ဇန်နဝါရီ ၁**

ရခိုင်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေ တိုးတက်ရေးစီမံကိန်း အစီအစဉ်ဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ခိုင်သဇင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက ယခုဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းသည် ရခိုင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ပြည်နယ်ရုံး၊ ခရိုင်ရုံး သုံးရုံးနှင့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (စစ်တွေ)တို့မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်အနက် စီးပွားရေး ဦးတည်ချက်တွင်ပါဝင်သည့် တိုးတက်ကောင်းမွန်သော စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSMEs စက်မှုလက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သည့် ပို့ကုန်ကဏ္ဍမြှင့်တင်ရေး ဟူသော ဦးတည်ချက်ကို များစွာအထောက်အကူပြုသည့် စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

**ကျေးဇူးတင်စကားပြန်လည်ပြောကြား**

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးသုံး ပစ္စည်းများကို ပေးအပ်ရာ ဆပ်ပြာရည်ထုတ်လုပ်ခြင်းသင်တန်း၊ လက်ရက်ကန်းနည်းပညာသင်တန်းနှင့် စက်ချုပ်နည်းပညာသင်တန်းတို့မှ သင်တန်းသားများကိုယ်စား သင်တန်းသား တစ်ဦးက လက်ခံ၍ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့်



ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ လောကာနန္ဒာစေတီတော် လိုဏ်ဂူတော်အတွင်း၌ ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးမဟာပဋ္ဌာန်းဒေသနာတော်နှင့် ဥပ္ပါတသန္တိပရိတ်တော်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆိုကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တနန္ဒသိရီ မဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် သံဃာတော်အရှင်သူမြတ်များက မေတ္တသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူ၍ စစ်တွေမြို့ လောကာနန္ဒာစေတီတော် ဂေါပကအဖွဲ့၏ သြဝါဒါစရိယ စစ်တွေမြို့ ဒက္ခိဏာရာမ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေဃိယက အနုမောဒနာဂါထာ ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပရိယတ္တိစာသင်တိုက်များနှင့် ကျောင်းတိုက်အသီးသီးတို့အား ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်သြဝါဒါစရိယ စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဉာဏဝံသ မဟာထေရ်မြတ်ထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ရခိုင်ပြည်နယ် သာသနာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦးက ပင့်ဖိတ်ထားသော နတ်ဖြဟ္မာများအား ပြန်ပို့ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။ အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ် ခန့်မှန်းခြေစာရင်းများ ရေးဆွဲရာတွင် နှစ်အလိုက်ဘဏ္ဍာရေးမူဘောင်၏ ညွှန်းကိန်း ခြောက်ခုအခြေအနေပေါ်မူတည်၍ ရေးဆွဲထားသော ဘဏ္ဍာရေးမူဘောင်အရ သတ်မှတ်ပေးထားသည့် ထောက်ပံ့ငွေဘောင်များအတွင်း ရေးဆွဲတင်ပြရန်လိုအပ်မည်ဖြစ်ကြောင်း၊ သတ်မှတ်ပေးထားသည့် ထောက်ပံ့ငွေဘောင်ထက် ပိုမိုရေးဆွဲခြင်းမရှိစေရန် ဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင်များက မိမိတို့ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သည့် ဌာန ၂၆ ခုတို့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်တို့နှင့်စပ်လျဉ်း၍ မိမိတို့ဌာနအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ဒုတိယဝန်ကြီး ဦးရဲတင့် ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပဲခူး ဇန်နဝါရီ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်နှင့် ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတို့သို့ရောက်ရှိပြီး စာကြည့်တိုက်ရှိ စာငှား၊ စာဖတ်၊ ရုံးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကဝ၊ ဒိုက်ဦး၊ ဝေါ၊ သနပ်ပင်မြို့နယ်ဦးစီးမှူးများ၊ ပဲခူးမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် ပဲခူးသတင်းဌာနခွဲတို့မှ တာဝန်ခံများ၊ ဝန်ထမ်းများအား တွေ့ဆုံ၍ အသိပညာပေးလုပ်ငန်းများ ထိရောက်အောင်မြင်အောင် ဆောင်ရွက်ရေး၊ ကြီးကြပ်ကွပ်ကဲမှုနည်းနည်းဖြင့် လုပ်ငန်းတာဝန်များ ကျေပွန်အောင်ဆောင်ရွက်ရေး၊ ဝန်ထမ်းကောင်းပီသစွာဖြင့် သစ္စာရှိရှိ တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် ကြိုးစားဆောင်ရွက်ရေးတို့ကို မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇန်နဝါရီ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှွာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ် တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၈-၁-၂၀၂၄ ရက်နေ့မှ ၁၆-၂-၂၀၂၄ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)** အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)** အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)** အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)** အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှွာင်)** အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှွာင်မြို့၊ ဖုန်း- ၀၉-၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# တည်ငြိမ်အေးချမ်းသော နှစ်သစ်ဖြစ်စေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

ယခုအခါ ၂၀၂၄ ခုနှစ် နှစ်သစ်သို့ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ ခက်ခဲကြမ်းတမ်းလှသော၂၀၂၃ ခုနှစ်ကို နှုတ်ဆက်ခဲ့ပြီ ဖြစ်သည်။ ၂၀၂၄ ခုနှစ်ကို မျှော်လင့်ချက်ကြီးမားစွာဖြင့် ဖြတ်သန်းကြရဦးမည်ဖြစ်သည်။ ပျော်ရွှင်ချမ်းမြေ့မှုများ၊ စိတ်မချမ်းမြေ့မှုများ၊ ပူဆွေးသောကများကိုလည်း ရင်ဆိုင်ကြုံတွေ့ကြရဦးမည် ဖြစ်သည်။ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၏ တူညီသောစိတ်ဆန္ဒသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပင်ဖြစ်သည်။ တည်ငြိမ်အေးချမ်းနေမှသာလျှင် ပညာရေး၊ စီးပွားရေး၊ လူမှုရေးအပါအဝင် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

**အကြမ်းဖက်လုပ်ငန်းများ**

၂၀၂၃ ခုနှစ်အတွင်း NUG ၊ CRPH နှင့် PDF အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် နိုင်ငံတစ်ဝန်း၌ စာသင်ကျောင်းနှင့် ဆေးရုံများအပါအဝင် လမ်း၊ တံတားများ၊ ရုံး၊ ဌာနအဆောက်အအုံများစသည့် အခြေခံအဆောက်အအုံများစွာပျက်စီးဆုံးရှုံးခဲ့ရသည်။ PDF အကြမ်းဖက်သမားများသည် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ဒလန်ဟုစွပ်စွဲကာ လူမဆန်စွာအကြောင်းမဲ့ သတ်ဖြတ်ခဲ့ကြသည်။ တချို့သော တိုင်းရင်းသားအကြမ်းဖက်အဖွဲ့များသည် PDF များအား အကြမ်းဖက်သင်တန်းများ ပို့ချပေးခြင်း၊ လက်နက်၊ ခဲယမ်းများ ထောက်ပံ့ပေးခြင်းဖြင့် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် အားပေးကူညီခဲ့ကြသည်။ အကြမ်းဖက်လုပ်ရပ်ထောက်ခံသည့် တချို့သော ပြည်ပနိုင်ငံများကလည်း တရားမဝင်ငွေကြေးအကူအညီများ ပေးခဲ့ကြသည်။ လူမိုက်အားပေး လုပ်ဆောင်နေခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီစံနှုန်းနှင့်မကိုက်ညီသော ဒီမိုကရေစီနိုင်ငံကြီးများ၏ အပြုအမူပင်ဖြစ်သည်။

**အမြတ်ထုတ်အသုံးချ**

ထို့ပြင် MNDAA၊ TNLA နှင့် AA သောင်းကျန်းသူအဖွဲ့များသည် တပ်မတော်က စစ်ရေးဆိုင်ရာလှုပ်ရှားမှုများရပ်ဆိုင်းထားသည်ကို အခွင့်ကောင်းယူကာ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တပ်မတော်လုံခြုံရေးစခန်းများကို အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ကာ အမြတ်ထုတ်အသုံးချလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးအတွက် တံခါးဖွင့်ထားသော်လည်း EAO များသည် လက်နက်စွဲကိုင်ရသည့်အရသာကို မစွန့်လွှတ်နိုင်ကြပေ။ အကျိုးဆက်အနေဖြင့် ဒေသခံပြည်သူများသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်နေခဲ့ရသည်။ သောင်းကျန်းသူများအနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေမည်ဆိုလျှင် ဒေသဖွံ့ဖြိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို ပုံမှန်လည်ပတ်နိုင်ခြင်းမရှိသဖြင့် ဒေသခံပြည်သူများနှင့် တိုင်းပြည်သာ ထိခိုက်နစ်နာစေမည်ဖြစ်သည်။

> ❝ စင်စစ်အားဖြင့် တည်ငြိမ်အေးချမ်းမှုရှိသော အသိုက်အဝန်းသည် လုံခြုံမှုရှိသဖြင့် နေ့စဉ် လူနေမှုဘဝနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အေးချမ်းပျော်ရွှင်စွာ လုပ်ကိုင်နိုင်ကြသည်။ မျိုးဆက်သစ်များသည်လည်း အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနိုင်သည်။ မိသားစုများသည် သိုက်သိုက်ဝန်းဝန်းဖြင့် နေထိုင်နိုင်သည်။ တိုင်းပြည်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း စွမ်းအားပြည့် လုပ်ဆောင်နိုင်သဖြင့် ဝင်ငွေပိုမိုတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုရှိသောနိုင်ငံများသည် ဒီမိုကရေစီစနစ်ကျင့်သုံးနိုင်သလို စီးပွားရေးတိုးတက်မှုကိုလည်း တစိုက်မတ်မတ် လုပ်ဆောင်နိုင်ကြသည်။ မြန်မာနိုင်ငံတွင်လည်း တည်ငြိမ်အေးချမ်းမှု အပြည့်အဝရှိမည်ဆိုလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် အကောင်အထည်ဖော်နိုင်မည်ဖြစ် ❞

**တွေ့ဆုံဆွေးနွေးခြင်းသည်သာလျှင်**

ဆိုရလျှင် မြန်မာနိုင်ငံတွင် နယ်ချဲ့တို့၏ သွေးထိုးလှုံ့ဆော်မှုကြောင့် တချို့သောတိုင်းရင်းသားများသည် လွတ်လပ်ရေးမရမီကတည်းကပင် အတွေးအခေါ် အယူဝါဒအမျိုးမျိုးဖြင့် လက်နက်စွဲကိုင်ခဲ့ကြသည်။ လူမျိုးရေးအကြောင်းပြကာ လက်နက်စွဲကိုင်ခဲ့ကြသော်လည်း လက်တွေ့တွင်မူ တရားမဝင်စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ကာ ကိုယ်ကျိုးစီးပွားရှာခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် လွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်ခဲ့ပြီးဖြစ်သော်လည်း လက်ရှိအချိန်အထိ ထာဝရငြိမ်းချမ်းရေး မတည်ဆောက်နိုင်သေးပေ။ စင်စစ်အားဖြင့် တည်ငြိမ်အေးချမ်းသာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို လက်နက်ကိုင်လမ်းစဉ်ဖြင့် အကောင်အထည်ဖော်နိုင်မည်မဟုတ်ဘဲ တွေ့ဆုံဆွေးနွေးသည့်နည်းလမ်းဖြင့်သာ တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် EAO များအနေဖြင့် တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းသို့လာရောက်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဆွေးနွေးအဖြေရှာသွားသင့်ပေသည်။

**သင်ခန်းစာယူသင့်**

အမှန်တော့ ပြည်တွင်းစစ်မီးတောက်လောင်နေသောနိုင်ငံများတွင် ကလေးငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများသည် စစ်ဘေးရှောင်ဘဝဖြင့် ချို့တဲ့စွာဖြတ်သန်းနေကြရသည်။ သာဓကအနေဖြင့် လစ်ဗျား၊ အာဖဂန်၊ ဆီးရီးယား၊ ယီမင်နှင့် အာဖရိကရှိ တချို့သောနိုင်ငံများတွင် အပြစ်မဲ့ပြည်သူများသည် သောကပင်လယ်ဝေလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း EAO များ ခိုအောင်းလှုပ်ရှားလျက်ရှိသောဒေသများရှိ ပြည်သူများသည် ကျီးလန့်စာစားဘဝဖြင့် ဖြတ်သန်းကြရလျက်ရှိသည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အဘက်ဘက်မှ နောက်ကျကျန်ရစ်လျက်ရှိသည်။ စိတ်မချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။ EAO များအနေဖြင့် နိုင်ငံတကာဖြစ်စဉ်များကို သင်ခန်းစာယူသင့်နေပြီဖြစ်သည်။ တိုင်းရင်းသားပြည်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ၏ အနာဂတ်ကို ကြည့်သင့်နေပြီဖြစ်သည်။

> ❝ ဆိုရလျှင် မြန်မာနိုင်ငံတွင် နယ်ချဲ့တို့၏ သွေးထိုးလှုံ့ဆော်မှုကြောင့် တချို့သောတိုင်းရင်းသားများသည် လွတ်လပ်ရေးမရမီကတည်းကပင် အတွေးအခေါ် အယူဝါဒအမျိုးမျိုးဖြင့် လက်နက်စွဲကိုင်ခဲ့ကြသည်။ လူမျိုးရေးအကြောင်းပြကာ လက်နက်စွဲကိုင်ခဲ့ကြသော်လည်း လက်တွေ့တွင်မူ တရားမဝင်စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ကာ ကိုယ်ကျိုးစီးပွားရှာခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် လွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်ခဲ့ပြီးဖြစ်သော်လည်း လက်ရှိအချိန်အထိ ထာဝရငြိမ်းချမ်းရေး မတည်ဆောက်နိုင်သေးပေ။ စင်စစ်အားဖြင့် တည်ငြိမ်အေးချမ်းသာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို လက်နက်ကိုင်လမ်းစဉ်ဖြင့် အကောင်အထည်ဖော်နိုင်မည်မဟုတ်ဘဲ တွေ့ဆုံဆွေးနွေးသည့် နည်းလမ်းဖြင့်သာ တည်ဆောက်နိုင်မည်ဖြစ် ❞

**ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်**

စင်စစ်အားဖြင့် တည်ငြိမ်အေးချမ်းမှုရှိသော အသိုက်အဝန်းသည် လုံခြုံမှုရှိသဖြင့် နေ့စဉ်လူနေမှုဘဝနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အေးချမ်းပျော်ရွှင်စွာ လုပ်ကိုင်နိုင်ကြသည်။ မျိုးဆက်သစ်များသည်လည်း အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနိုင်သည်။ မိသားစုများသည် သိုက်သိုက်ဝန်းဝန်းဖြင့် နေထိုင်နိုင်သည်။ တိုင်းပြည်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း စွမ်းအားပြည့်လုပ်ဆောင်နိုင်သဖြင့် ဝင်ငွေပိုမိုတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုရှိသော နိုင်ငံများသည် ဒီမိုကရေစီစနစ်ကျင့်သုံးနိုင်သလို စီးပွားရေးတိုးတက်မှုကိုလည်း တစိုက်မတ်မတ် လုပ်ဆောင်နိုင်ကြသည်။ မြန်မာနိုင်ငံတွင်လည်း တည်ငြိမ်အေးချမ်းမှု အပြည့်အဝရှိမည်ဆိုလျှင် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်နယ်ပယ်ပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်မှုရှိသောနိုင်ငံအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်သည်။

**နှစ်သစ်သန္နိဋ္ဌာန်ချမှတ်**

ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် နှစ်ဟောင်းတွင် မည်သို့မည်ပုံ ဖြတ်သန်းခဲ့သည်ဖြစ်စေ နှစ်သစ်တွင် **တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက်** လူသစ်၊ စိတ်သစ်၊ အတွေးသစ်၊ ခွန်အားသစ်များဖြင့် အကောင်းဆုံးအထောက်အကူပြုနိုင်ရန် ကြိုတင်ပြင်ဆင်ထားသင့်ပေသည်။ အနောက်တိုင်းသားများသည် နှစ်ကုန်ခါနီးအချိန်တွင် နှစ်သစ်သန္နိဋ္ဌာန်များ (New Year’s Resolutions) ချမှတ်လေ့ရှိကြသည်။ ထိုသန္နိဋ္ဌာန်ကိုလည်း ရုပ်လုံးပေါ်အောင် ကြိုးပမ်းလေ့ရှိကြသည်။

ထိုနည်းတူစွာ မြန်မာနိုင်ငံသားများသည်လည်း နှစ်သစ်တွင် ကျန်းမာရေး၊ ဘာသာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်နယ်ပယ်များ၌ အောင်မြင်မှုများရရှိအောင် ကြိုးပမ်းသွားမည်ဆိုသော ခိုင်မာသည့် နှစ်သစ်ကူးအိပ်မက်အသစ်များကို ကိုယ်စီချမှတ်သင့်ပေသည်။ အထူးသဖြင့် **တိုင်းပြည်တည်ငြိမ်အေးချမ်းရေး**လုပ်ငန်းစဉ်များတွင် အုပ်တစ်ချပ်သဲတစ်ပွင့်မျှ ပါဝင်ဆောင်ရွက်သွားမည်ဆိုသော သန္နိဋ္ဌာန်ချမှတ်သင့်ပေသည်။ လူတစ်ဦးသည် စိတ်ကူးအိပ်မက်ရှိနေမှသာလျှင် တက်ကြွလန်းဆန်းနေပြီး ထိုစိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထိုသို့စိတ်ကူးအိပ်မက်မရှိသူသည် အောင်မြင်မှုအတွက် လမ်းစပျောက်နေမည်ဖြစ်သည်။

**တည်ငြိမ်အေးချမ်းသော နှစ်သစ်ဖြစ်စေလို**

မည်သို့ပင်ဆိုစေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်အတွင်း ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေး ညှိနှိုင်းလျက်ရှိသည်။ သို့သော် တချို့သော EAO များသည် တပ်မတော်က စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ရပ်ဆိုင်းထားသည်ကို အခွင့်ကောင်းယူကာ စစ်အင်အားတည်ဆောက်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်း၊ လက်နက်မှောင်ခိုဝယ်ယူခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ အကျိုးဆက်အနေဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများသည် မြေစာပင်ဖြစ်ရသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူများက လက်နက်ကိုင်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ထို့ကြောင့် ၂၀၂၄ ခုနှစ်တွင် နိုင်ငံသူ နိုင်ငံသားအားလုံးအနေဖြင့် အကြမ်းဖက်အားပေးသည့် လုပ်ရပ်များကို ရှောင်ရှားလျက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များတွင် တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်ရန်လိုပါသည်။ သို့မှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ၂၀၂၄ ခုနှစ်အတွင်း သက်ဆိုင်သူအားလုံး၏ ပါဝင်ဆွေးနွေးမှုများဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ပါစေကြောင်း နှစ်သစ်ကူး ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် အခြေခံပညာ ဆရာ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၀၄)၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ(ကိုယ်စား) အဖွဲ့ဝင် ဦးစိုးတင့်က သင်တန်းဖွင့် အမှာစကား ပြောကြားရာတွင် ဗလငါးတန်နှင့် ပြည့်စုံပြီး အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော ဥပဒေနှင့်စည်းကမ်းများကို လေးစားလိုက်နာပြီး စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံသားကောင်းများ ဖြစ်လာစေရန် လူငယ်များကို ပြုစုပျိုးထောင်ပေးရမည်မှာ ဆရာ ဆရာမများ၏ တာဝန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို အကောင်အထည်ဖော်ရာတွင် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဆရာ ဆရာမများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း အမိန့် ညွှန်ကြားချက်များနှင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် အပါး (၁၀)ပါး အချက်များကို လိုက်နာစောင့်ထိန်းကာ ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၀၄)သို့ သင်တန်းသား ၃၁ ဦး၊ သင်တန်းသူ ၃၆၉ ဦး စုစုပေါင်း ၄၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ရက်သတ္တငါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေမင်းဝံသာသနာ့ရိပ်သာကျောင်းတိုက်၌ နှစ်သစ်အလှူတော်မင်္ဂလာ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ရွှေမင်းဝံသာသနာ့ရိပ်သာကျောင်းတိုက်၌ ယနေ့နံနက်ပိုင်းက စန္ဒီဘယဆေးမိသားစုက နှစ်သစ်ကူး မင်္ဂလာအခမ်းအနားကို ကျင်းပသည်။

ဦးစွာ စန္ဒီဘယဆေးမိသားစုနှင့်အလှူရှင်များက ရွှေမင်းဝံသာသနာ့ရိပ်သာများ၏ ပဓာနမဟာနာယက ပြည်တွင်း၊ ပြည်ပသာသနာပြု မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တသောဘနထံသို့ လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အလှူရှင်များက ရွှေမင်းဝံနာယကဆရာတော် ဦးသြဘာသထံမှ ငါးပါးသီလခံယူခြင်း၊ ရေစက်သွန်းချ တရားနာယူခြင်းများကို ဆောင်ရွက်ခဲ့သည်။ ယနေ့ကျင်းပသည့် နှစ်သစ်ကူး အလှူမင်္ဂလာတွင် စန္ဒီဘယဆေးမိသားစုမှ အလှူငွေကျပ်သိန်း ငါးဆယ်လေးထောင်ကျပ်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ငွေကျပ်ဆယ်သိန်း ရှစ်ထောင်နှင့် တိုင်းရင်းဆေးဝါးများကိုလည်းကောင်း ပေးအပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

# ဘားအံပညာရေးဒီဂရီကောလိပ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲ ကျင်းပ

**ဘားအံ ဇန်နဝါရီ ၁**

ဘားအံပညာရေးဒီဂရီကောလိပ် မြန်မာစာဌာနက ကြီးမှူးကျင်းပသော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက အဆိုပါ ဒီဂရီကောလိပ် သီရိခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် စည်းလုံးအားဖြင့်တည်ဆောက်မည် ရွှေနိုင်ငံတော်သစ်ဆီ စာစီစာကုံးခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင် ၃၉ ဦး၊ ဘိုးဘွားပေးဝေ လွတ်လပ်အမွေ ကဗျာခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင် ၃၆ ဦး၊ တွဲလက်ညီညီ ရှေ့သို့ချီ ပန်းချီခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင် ၂၀ စုစုပေါင်းပြိုင်ပွဲဝင် ၉၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကရင်ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်၊ ဘားအံပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံကျောင်းများတွင် စားသောက်ကုန်များ ဈေးနှုန်းသက်သာစွာရောင်းချ

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံကျောင်းများသို့ ကြက်သား၊ ငါး၊ ကြက်ဥနှင့် ဘဲဥများကို ဈေးနှုန်းချိုသာစွာဖြင့် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက် ၉ နာရီခွဲမှစတင်ကာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)၊ အစိုးရနည်းပညာကောလိပ်တို့ရှိ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအား ရောင်းချပေးကြောင်း သိရသည်။

ထိုသို့ရောင်းချရာတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းနိုင်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက ရောင်းချပေးပြီး ကြက်သားတစ်ပိဿာ ငွေကျပ် ၅၉၅၀၊ ငါးမြစ်ချင်းတစ်ပိဿာ ငွေကျပ် ၄၈၀၀၊ ဘဲဥတစ်လုံး ငွေကျပ် ၂၈၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၂၀၀ နှုန်းဖြင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအား အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွင် ငါး ၁၀ ပိဿာ၊ ကြက်သား ၁၀ ပိဿာ၊ ကြက်ဥအလုံး ၆၀၀၊ ဘဲဥအလုံး ၂၇၀၊ စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)တွင် ငါး ၁၀ ပိဿာ၊ ကြက်သား ၁၀ ပိဿာ၊ ကြက်ဥအလုံး ၆၀၀၊ ဘဲဥအလုံး ၂၇၀၊ အစိုးရနည်းပညာကောလိပ်တွင် ငါး ၁၀ ပိဿာ၊ ကြက်သား ၁၀ ပိဿာ၊ ကြက်ဥအလုံး ၆၀၀၊ ဘဲဥအလုံး ၂၇၀ ရောင်းချပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၃၇၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၆ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက် (၁-၁-၂၀၂၄)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့် ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၂၄-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၃၇၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

❖ ၂၀၂၄ ခုနှစ်မှ

အသင်းမှကစားသမားများ၊ အကယ်ဒမီများမှ ကစားသမားများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများမှ ထွက်ပေါ်လာသော ကစားသမားများ၊ MNL နှင့် MNL-2 ကလပ်အသင်းများမှ ကစားသမားများပါဝင်ပြီး အလားအလာရှိသည့် လူငယ်ကစားသမားများကိုလည်း ထပ်မံအားဖြည့်ခြင်းများ ပြုလုပ်မည်ဖြစ်သည်။ လက်ရှိရွေးချယ်ထားသည့် ပဏာမလူစာရင်းတွင် ဂိုး- စောကျော်ခန့်နို (တက္ကသိုလ်)၊ စောအယ်ဒိုထူး (Dogon Port )၊ ချစ်ရအောင်စိုး (နေပြည်တော်)၊ ပိုင်ဇင် (အား/ကာသိပ္ပံ)၊ ဟန်မြင့်မြတ်ထွန်း (မဟာယူနိုက်တက်) နောက်တန်း- ထွန်းထွန်းသိန်း (ရတနာပုံ)၊ ကောင်းဆက်ပိုင် (အား/ကာသိပ္ပံ)၊ ကောင်းခန့်ကျော် (ရှောဝတီယူနိုက်တက်)၊ ဖြိုးပြည့်စုံ (မန္တလေးတိုင်းဒေသကြီး)၊ အောင်မြင့် (မွန်ပြည်နယ်)၊ ရဲကောင်းဆက်၊ သူရအောင် (Glory Goal)၊ ခန့်ဇင်ဟိန်း၊ ရှင်မွေလင်းကီး၊ ခွန်းချိုထူး (Junior Lions)၊ လွမ်းထက်ထွန်း (စီမံ/ ဘဏ္ဍာ)၊ စခန့်ချော (တက္ကသိုလ်)၊ လွင်ဖြိုးအောင်(ဟံသာဝတီယူနိုက်တက်)၊ အလယ်တန်း- ခွန်သူရိန်ထူး (Police Tero Academy)၊ အောင်ခန့်ကျော် (နေပြည်တော်)၊ စောလင်းထက်ပိုင် (ရခိုင်ယူနိုက်တက်)၊ ဝိုင်းလု (ဟံသာဝတီယူနိုက်တက်)၊ သူရ(Glory Goal)၊ ဂျခီဆွတ်အောင် (Junior Lions)၊ ဇော်မျိုးထွန်း၊ မင်းသန့်ဗိုလ် (စီမံ/ ဘဏ္ဍာ)၊ ကောင်းဇေယျာလင်း (မဟာယူနိုက်တက်)၊ ကောင်းခန့်ကျော် (မန္တလေးအကယ်ဒမီ)၊ နိုင်ကို (မွန်ပြည်နယ်)၊ သိန်းဇော်သီဟ(အား/ကာသိပ္ပံ)၊ မင်းမော်ဦး (သစ္စာအားမာန်)၊ နိုင်အောင်ဆန်း (Dogon Port )၊ ဝင်းကိုဌေး (Junior Lions)၊ ရှေ့တန်း- စွမ်းထက် (ရတနာပုံ)၊ ဝင်းပြည့်မောင်၊ နိုင်လင်းဖြိုး (အား/ကာသိပ္ပံ)၊ ဇွဲမာန်သာ (ဟံသာဝတီယူနိုက်တက်)၊ နိုင်ဝင်းထွန်း (မန္တလေးတိုင်းဒေသကြီး)၊ စောဆဲကပေါ်ဆေး၊ မောင်တော့ (ရှောဝတီတိုင်းဒေသကြီး)၊ စောမျိုးဇော် (သစ္စာအားမာန်)၊ ထွန်းနိုင်စိုး (ရက္ခပူရယူနိုက်တက်)၊ ရှိုင်းဝဏ္ဏအောင်နှင့် စိုင်းဇေယျာကျော် (Junior Lions) တို့ ပါဝင်ကြသည်။

မြန်မာ ယူ-၁၉ အသင်းသည် ယခုနှစ်အတွင်း အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအပါအဝင် အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MFF**

# ပြည်တွင်းထုတ်လုပ်မှုမြင့်မားရေးဆောင်ရွက်လျက်ရှိသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်က ဘုတ်ဆုံမငရုတ်သီးမှုန့်လုပ်ငန်း

**တွေ့ဆုံမေးမြန်း-အေးမဥ္ဇူ (ပြန်/ဆက်)၊ ဓာတ်ပုံ-ဌေးဌေး**

**ပြည်တွင်းထုတ်လုပ်မှုမြင့်မားရေးအတွက် ဒေသအလိုက်ထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံကာ အရည်အသွေးကောင်းမွန်သည့် ကုန်ချောများထုတ်လုပ်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ ဘုတ်ဆုံမငရုတ်သီးမှုန့်လုပ်ငန်း (ရုံးချုပ်)၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးနိုင်ဝင်းအောင်နှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ရပါသည်-**

**မေး။** ။ ဘုတ်ဆုံမငရုတ်သီးမှုန့်လုပ်ငန်းကို စတင်တည်ထောင်ဖြစ်ခဲ့ပုံကို သိပါရစေ။

**ဖြေ။** ။ ကျွန်တော်တို့လုပ်ငန်းကို ၂၀၀၇ ခုနှစ်က စတင်လုပ်ဖြစ်ခဲ့ပြီး (၁၆)နှစ်သက်တမ်း ရှိပါတယ်။



**မေး။** ။ လုပ်ငန်းအတွက် လိုအပ်တဲ့ကုန်ကြမ်းတွေကို ဘယ်ဒေသတွေက ရပါသလဲ။

**ဖြေ။** ။ ကျွန်တော်တို့ ထုတ်လုပ်တဲ့ကုန်ကြမ်းအများစုကတော့ အဓိကအားဖြင့် မြိတ်ဒေသကကုန်ကြမ်းတွေ ဝယ်ယူတာဖြစ်ပြီး ဘုရင့်နောင်ပွဲရုံကတစ်ဆင့် အရည်အသွေးကောင်းမွန်ကြောင်း စစ်ဆေးတဲ့ပုံစံအတိုင်း ကုန်ကြမ်းတွေ ဝယ်ယူတာဖြစ်ပါတယ်။ ငရုတ်သီး၊ နနွင်းမှုန့်၊ မဆလာကော FDA ထောက်ခံချက် ရရှိထားပြီး ဖြစ်ပါတယ်။

**မေး။** ။ အမျိုးအစား ဘယ်နှမျိုး ထုတ်လုပ်ပါသလဲ။

**ဖြေ။** ။ ရွှေဘုတ်ဆုံ ငါးပိထောင်းကို အမျိုးအစားသုံးမျိုး ထုတ်လုပ်ပါတယ်။ ၁၀၀ ဂရမ်၊ ၁၁၂ ဂရမ်၊ ၁၃၂ ဂရမ် ထုတ်လုပ်ပြီးတော့ ရွှေဘုတ်ဆုံ ငါးပိထောင်း၊ ငံပြာရည်၊ ငရုတ်သီးအလှော်တို့ကို လုပ်ကိုင်တာဖြစ်ပါတယ်။

**မေး။** ။ ဒီထုတ်ကုန်တွေကို ဘယ်ဒေသတွေကို ပို့ဆောင်ဖြန့်ဖြူးနေပါသလဲ။

**ဖြေ။** ။ ထုပ်ပိုးပြီး ငါးပိထောင်းတွေကို လှိုင်သာယာ(ရုံးချုပ်)က တစ်ဆင့် တစ်နိုင်ငံလုံးကို ဖြန့်ချိတာဖြစ်ပါတယ်။

**မေး။** ။ အလုပ်သမားဦးရေနဲ့ ဘယ်ဒေသတွေက နေ လာရောက်လုပ်ကိုင်ပါသလဲ။

**ဖြေ။** ။ ငါးပိထောင်၊ ငံပြာရည် လုပ်ကိုင်သူဝန်ထမ်း ၁၃ ဦး ရှိပြီး ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းနဲ့ မော်ကျွန်းမြို့နယ်တို့က လာရောက်လုပ်ကိုင်တာဖြစ်ပါတယ်။

**မေး။** ။ ဝန်ထမ်းတွေ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ဖို့အတွက် ဘယ်လိုစီစဉ်ဆောင်ရွက်ပေးပါသလဲ။

**ဖြေ။** ။ တစ်ဦးချင်း ကျန်းမာရေးမကောင်းရင် ကုမ္ပဏီအနေနဲ့ ဆေးဝါးကုသမှုတွေ ဆောင်ရွက်ပေးပါတယ်။ ကျန်းမာရေးအကျိုးခံစားခွင့်ရှိတဲ့ ခွင့်အမျိုးအစားနဲ့ပတ်သက်ပြီး ခွင့်ပြုပေးထားပါတယ်။ အလုပ်သမားတွေကို အလုပ်သမားဥပဒေအတိုင်းဆောင်ရွက်ပေးပါတယ်။

**မေး။** ။ ဖြန့်ချိတဲ့ အပိုင်းလေးကိုလည်း ပြောကြားပေးပါဦး။

**ဖြေ။** ။ ရုံးချုပ်ကို လှိုင်သာယာ စက်မှုဇုန်(၄)မှာ ဖွင့်လှစ်ထားရှိပြီး နေပြည်တော်ရုံးခွဲ၊ ပုသိမ်ရုံးခွဲ၊ ပြည်ရုံးခွဲ၊ မန္တလေးရုံးခွဲဆိုပြီးတော့ လေးရုံး ဖွင့်လှစ်ထားပါတယ်။ ရန်ကုန်မှာဆိုရင် ညောင်ပင်လေးဈေး ဘုရင့်နောင်ပွဲရုံကတစ်ဆင့် ဖြန့်ချိကာ နယ်တွေကိုလည်း ဆိုင်အရောက်ပို့ပေးတယ်။ စားသုံးသူတွေကိုလည်း အိမ်အရောက်ပို့ပေးတာတွေ ဆောင်ရွက်ပေးပါတယ်။

**မေး။** ။ ထုတ်ကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းတွေကိုလည်း သိပါရစေ။

**ဖြေ။** ။ ဟုတ်ကဲ့။ ဈေးနှုန်းတွေအနေနဲ့ကတော့ ထုတ်ကုန်အရွယ်အစားအလိုက် အမျိုးမျိုးရှိပါတယ်။ အထူးသဖြင့် ထုတ်ကုန်အားလုံးဟာ စားသောက်ကုန်ဖြစ်တဲ့အတွက် စံချိန်စံညွှန်းကောင်းမွန်အောင် အထူးထုတ်လုပ်ထားပြီး သာမန်ပြည်သူတွေ စားသုံးနိုင်အောင် ဈေးနှုန်းသတ်မှတ်ကာ ရောင်းချတာဖြစ်ပါတယ်။

**မေး။** ။ ထုတ်ကုန်တွေကို ပြည်ပနိုင်ငံကို ပို့ခဲ့တာရှိပါသလား။

**ဖြေ။** ။ ပြည်ပနိုင်ငံကို ပို့တာမရှိသေးပါဘူး။

**မေး။** ။ စားသုံးသူပြည်သူတွေကို ဘာများပြောချင်တာ ရှိပါသလဲ။

**ဖြေ။** ။ ဘုတ်ဆုံမကထွက်ရှိတဲ့ စားသောက်ကုန်ပစ္စည်းတွေကို စားသုံးသူတွေအနေနဲ့ စိတ်ချလက်ချစားသုံးနိုင်ပါတယ်။ ငရုတ်သီးကုန်ကြမ်း၊ ငါးပိကုန်ကြမ်းတွေ ဝယ်ယူတဲ့အခါမှာ သန့်ရှင်းလတ်ဆတ်တဲ့ ကုန်ကြမ်းတွေကိုသာ ဝယ်ယူပြီး FDA ရဲ့ ညွှန်ကြားချက်၊ သတ်မှတ်ချက်၊ စည်းကမ်းချက်အတိုင်း လိုက်နာဆောင်ရွက်တာဖြစ်တဲ့အတွက် စားသုံးသူတွေအနေနဲ့ စိတ်ချလက်ချ ဝယ်ယူစားသုံးလို့ရပါတယ်ဆိုတာကို ပြောကြားချင်ပါတယ်။ ။

**❛ ရွှေဘုတ်ဆုံ ငါးပိထောင်းကို အမျိုးအစားသုံးမျိုး ထုတ်လုပ်ပါတယ်။ ၁၀၀ ဂရမ်၊ ၁၁၂ ဂရမ်၊ ၁၃၂ ဂရမ် ထုတ်လုပ်ပြီးတော့ ရွှေဘုတ်ဆုံ ငါးပိထောင်း၊ ငံပြာရည်၊ ငရုတ်သီးအလှော်တို့ကို လုပ်ကိုင်တာဖြစ်ပါတယ်။**

**ဈေးနှုန်းတွေအနေနဲ့ကတော့ ထုတ်ကုန်အရွယ်အစားအလိုက် အမျိုးမျိုးရှိပါတယ်။ အထူးသဖြင့် ထုတ်ကုန်အားလုံးဟာ စားသောက်ကုန်ဖြစ်တဲ့အတွက် စံချိန်စံညွှန်းကောင်းမွန်အောင် အထူးထုတ်လုပ်ထားပြီး သာမန်ပြည်သူတွေ စားသုံးနိုင်အောင် ဈေးနှုန်းသတ်မှတ်ကာ ရောင်းချတာဖြစ် ❜**



## ပင်းတယမြို့နယ် ကျားကုန်းခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေများ ဒုတိယအကြိမ်ထုတ်ချေး

ပင်းတယ ဇန်နဝါရီ ၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျားကုန်းခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်း ရန်ပုံငွေများ ဒုတိယအကြိမ် ထုတ်ချေးခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ကျားကုန်းခေတ်မီစံပြကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်လုပ်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီး ရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်း ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်အခမ်းအနားသို့ တက်ရောက်လာကြသော တာဝန်ရှိသူများက ကျားကုန်းခေတ်မီစံပြကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စီမံကိန်းက ၇၅ ရာခိုင်နှုန်း၊ အသက်မွေးဝမ်းကျောင်းအဖွဲ့က ၂၅ ရာခိုင်နှုန်းထည့်ဝင်ကာ (RBF )စီမံကိန်း ချေးငွေ ကျပ်သိန်း ၁၀၀ အား ထူးရှယ်အာလူးကြော်ထုတ်လုပ်မှု အစုအဖွဲ့ဝင်များ လက်ဝယ်အရောက် အတိုးနှုန်းကို ငွေတစ်ရာကျပ်အတွက် တစ်လလျှင် ပြား၅၀နှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

# မြောက်ကိုရီးယားက ၂၀၂၄ ခုနှစ်တွင် စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးဂြိုဟ်တု သုံးလုံး ထပ်မံလွှတ်တင်မည်



ပြုံယမ်း ဇန်နဝါရီ ၁

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ၂၀၂၄ ခုနှစ်တွင် စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးဂြိုဟ်တု သုံးလုံးကို ထပ်မံလွှတ်တင်ရန် စီစဉ်လျက်ရှိကြောင်း ယနေ့ကြေညာသည်။

မြောက်ကိုရီးယား အာဏာရအလုပ်သမားပါတီသည် မူဝါဒချမှတ်ရေးဗဟိုကော်မတီအစည်းအဝေးကို ငါးရက်ကြာ ကျင်းပခဲ့ကြောင်း ပါတီသတင်းစာ Rodong Sinmun က ဒီဇင်ဘာ ၃၁ ရက်တွင် သတင်းဖော်ပြသည်။

ထောက်လှမ်းရေးဂြိုဟ်တု သုံးလုံးကို လွှတ်တင်ရန် အစီအစဉ်များအပါအဝင် လာမည့်နှစ်အတွက် မူဝါဒများဆိုင်ရာ အစည်းအဝေးတွင် ခေါင်းဆောင်ကင်ဂျုံအန်၏ မိန့်ခွန်းပါ အကြောင်းအရာများကိုပါ ထည့်သွင်းဖော်ပြခဲ့ကြောင်း သိရသည်။ မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ ပထမဆုံး စစ်ဘက်ဆိုင်ရာထောက်လှမ်းရေးဂြိုဟ်တုကို နိုဝင်ဘာလတွင် အောင်မြင်စွာ လွှတ်တင်ခဲ့သည်။

ကင်ဂျုံအန်သည် နိုင်ငံ၏နျူကလီးယားလက်နက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားသည်။

ထို့ပြင် ကင်ဂျုံအန်သည် တောင်ကိုရီးယားနိုင်ငံနှင့် ပေါင်းစည်းရေးအတွက် အလားအလာရှိသော မိတ်ဖက်အဖြစ် ထည့်သွင်းစဉ်းစားတော့မည် မဟုတ်ကြောင်းလည်း ပြောကြားသည်။

အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများကို တန်ပြန်ရေး ပြုံယမ်း၏ စစ်အင်အားကို ပိုမိုအားကောင်းစေရန် ရည်ရွယ်ထားကြောင်း ခေါင်းဆောင်ကင်က အလေးအနက် ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်



## ဟားမတ်စ်အဖွဲ့အပေါ် စစ်ဆင်ရေးဆင်နွှဲမှုများ လပေါင်းများစွာ ဆက်လက်ကြာမြင့်မည်ဟု အစ္စရေးဝန်ကြီးချုပ် ပြောကြား

ဂျေရုဆလင် ဇန်နဝါရီ ၁

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဟားမတ်စ်အဖွဲ့အပေါ် စစ်ဆင်ရေး ဆင်နွှဲမှုများသည် လပေါင်းများစွာ ဆက်လက်ကြာမြင့်မည်ဖြစ်ကြောင်း ပြောကြားသည်။ ဟားမတ်စ်အဖွဲ့ကို အပြီးတိုင်ချေမှုန်းပြီး အောင်ပွဲရရှိရန် အချိန်ပိုလိုအပ်ကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ဒီဇင်ဘာ ၃၀ ရက်တွင် သတင်းထောက်များကို ပြောကြားသည်။

စစ်ဆင်ရေးဆင်နွှဲမှု၏ အဓိကရည်ရွယ်ချက်မှာ ဟားမတ်စ်အဖွဲ့ကို ချေမှုန်းရေးနှင့် ဓားစာခံအားလုံးကို လွှတ်ပေးရေး ဖြစ်သည့်အတွက် အစ္စရေးတပ်ဖွဲ့ဝင်များသည် ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ အစ္စရေးနိုင်ငံ၏ ရည်မှန်းချက်များ မအောင်မြင်မီ စစ်ပွဲကိုရပ်တန့်ရန် ရည်ရွယ်သည့် နိုင်ငံတကာဖိအားများကို ဝန်ကြီးချုပ်အဖြစ် ပယ်ချခဲ့ကြောင်း ၎င်းက ဆိုသည်။

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့များက မြေပြင်ထိုးစစ်နှင့် လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည့်အတွက် အရပ်သားသေဆုံးမှုအရေအတွက် ဆက်လက်မြင့်တက်လျက်ရှိသည်။ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ပြည်သူ ၁၆၅ ဦး သေဆုံးခဲ့ကြောင်း ဂါဇာရှိ ကျန်းမာရေးအာဏာပိုင်များက ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

## ဂျပန်နိုင်ငံအလယ်ပိုင်းရှိ အီရှီကာဝါစီရင်စုတွင် ရစ်ချ်တာစကေး ၇ ဒသမ ၆ အဆင့်ရှိ မြေငလျင် လှုပ်ခတ်

တိုကျို ဇန်နဝါရီ ၁

ဂျပန်နိုင်ငံ အလယ်ပိုင်းရှိ အီရှီကာဝါစီရင်စု၌ ယနေ့တွင် ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၆ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

၎င်းမြေငလျင် လှုပ်ခတ်မှုကြောင့် ဂျပန် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် နီဂါတာ၊ တိုယာမာ၊ ယာမာဂါတာ၊ ဖူကူအီနှင့် ဟိုဂိုစီရင်စုများတွင် ဆူနာမီ သတိပေးချက်များ ထုတ်ပြန်ထားသည်။ ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ၂၀၁၁ ခုနှစ်အတွင်း ငလျင်လှုပ်ပြီးနောက်ပိုင်း "အကြီးစား ဆူနာမီ သတိပေးချက်" ကို ပထမဆုံးအကြိမ် ထုတ်ပြန်ခြင်း ဖြစ်ကာ သုံးမီတာနှင့်အထက်ရှိ ဆူနာမီရေလှိုင်းများ ကျရောက်မည်ဟု သတိပေးချက် ထုတ်ပြန်ထားသည်။ အီရှီကာဝါစီရင်စု ဝါဂျီမာမြို့တွင် ညနေ ၄ နာရီ ၂၁ မိနစ်၌ ဆူနာမီရေလှိုင်း ၁ ဒသမ ၂ မီတာကျော် မြင့်တက်လာသည်ကို စတင်တွေ့ရှိခဲ့ပြီး ညနေ ၄ နာရီ ၃၅ မိနစ်တွင် စင်တီမီတာ ၈၀ ရှိ ဆူနာမီလှိုင်းများ ဖြစ်ပေါ်ခဲ့ကြောင်းနှင့် တိုယာမစီရင်စု တိုယာမမြို့၊ နီဂါတာခရိုင် ကာရှီဝါဇာကီမြို့စသည့် နေရာများတွင်လည်း ညနေ ၄ နာရီ ၃၆ မိနစ်တွင် စင်တီမီတာ ၄၀ ရှိသော ဆူနာမီလှိုင်းကို တွေ့ရှိခဲ့ကြောင်း သိရသည်။

၎င်းဒေသများရှိ ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန်နှင့် ကမ်းရိုးတန်းမှ ဝေးရာသို့ ထွက်ခွာကြရေးအတွက် တာဝန်ရှိသူများက သတိပေးပြောကြားသည်။ Akita ကျည်ဆန်ရထားလိုင်း၏ ရထားပြေးဆွဲမှုကို ညနေ ၅ နာရီ ဝန်းကျင်တွင် ရပ်ဆိုင်းထားကြောင်း East Japan Railway ကုမ္ပဏီမှ ဖြည့်စွက်ပြောကြားသည်။ ထို့ပြင် Joetsu နှင့် Hokuriku ကျည်ဆန်ရထားလိုင်းများသည်လည်း ဝန်ဆောင်မှုများကို ရပ်တန့်ထားသည် အီရှီကာဝါစီရင်စု ရှီကာမြို့ရှိ နျူကလီးယား ဓာတ်အားပေးစက်ရုံ တစ်ခုတွင် ငလျင်လှုပ်ခတ်မှုကြောင့် စက်ရုံကို ထိခိုက်မှု ရှိ၊ မရှိ စစ်ဆေးနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ရှီကာနျူကလီးယားဓာတ်အားပေးစက်ရုံရှိ ဓာတ်ပေါင်းဖိုနှစ်ခုစလုံးသည် လုပ်ငန်း ရပ်ဆိုင်းသွားခဲ့ကြောင်း Hokuriku Electric Power ကုမ္ပဏီက ပြောကြားသည်။

အီရှီကာဝါနှင့် နီဂါတာစီရင်စုများရှိ အိမ်ထောင်စု ၃၃၀၀၀တွင် မိုဘိုင်းလ်ဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် လျှပ်စစ်မီး ပြတ်တောက်သွားကြောင်း သိရသည်။

အဆိုပါငလျင်ကြောင့် ဖြစ်ပွားခဲ့သည့် ပျက်စီးဆုံးရှုံးမှုအတိုင်းအတာကို အစိုးရက အကဲဖြတ်မည်ဖြစ်ကြောင်း အစိုးရအဖွဲ့အတွင်းရေးမှူး ဟာယာရှီယိုရှိမာဆာက ပြောကြားသည်။ ယင်းငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများစွာ ပြိုကျခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ နိုင်ငံသားများသည် အရေးပေါ် သတင်းအချက်အလက်များကို ကြည့်ရှုနားထောင်ရန်နှင့် မိမိကိုယ်ကို သတိပြုနေထိုင်ကြရန် ၎င်းက မှတ်ချက်ပြု ပြောကြားသည်။

ငလျင်ဒဏ်သင့် ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် လူသားများ၏ အသက်ကို ဦးစားပေးသည့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ဂျပန်တပ်ဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီး ကီဟာရာက ညွှန်ကြားခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ
ဘာသာပြန်–စိုးသူရ




# တရုတ်နိုင်ငံက အမေရိကန်ခရီးသွားများအတွက် ဗီဇာလျှော့ချထားမှုကို ဖြေလျှော့ပေးမည်



ပေကျင်း ဇန်နဝါရီ ၁

တရုတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုမှ ခရီးသွားများအတွက် ဗီဇာလျှော့ချထားမှုများကို ဇန်နဝါရီ ၁ ရက်မှ စတင်၍ ဖြေလျှော့ပေးမည်ဖြစ်ကြောင်း ယနေ့စီအင်န်အေ သတင်းတစ်ရပ်အရ သိရသည်။

ယင်းသို့ အမေရိကန်နိုင်ငံမှ ခရီးသွားများအတွက် ဗီဇာလျှော့ချထားမှု ဖြေလျှော့ပေးခြင်းသည် တရုတ်နိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရန်အတွက် အဓိကရည်ရွယ်ခြင်းဖြစ်ပြီး ကိုဗစ်–၁၉ ကပ်ရောဂါကာလအတွင်း ခရီးသွားလာမှု ကျဆင်းသွားပြီးနောက် စီးပွားရေးကို မြှင့်တင်ရန် တရုတ်နိုင်ငံက လုပ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံမှ ခရီးသွားဗီဇာလျှောက်ထားသူများသည် လေယာဉ်လက်မှတ်ကြိုတင်မှာယူမှုများ၊ ဟိုတယ်ကြိုတင်မှာယူမှုများလုပ်ဆောင်ရန် မလိုအပ်တော့ကြောင်း တရုတ်နိုင်ငံသံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ နယ်သာလန်၊ စပိန်နှင့် မလေးရှားနိုင်ငံများမှ နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသည့် နိုင်ငံသားများအနေဖြင့် ဇန်နဝါရီ ၁ ရက်မှစတင်၍ ဗီဇာမလိုဘဲ တရုတ်နိုင်ငံသို့ အလည်အပတ်သွားနိုင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံက ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။ တရုတ်နိုင်ငံသည် နိုင်ငံအတွင်းသို့ ဝင်ရောက်လာသူများအား ဗီဇာကင်းလွတ်ခွင့်မူဝါဒကို နိုဝင်ဘာလတွင် နိုင်ငံပေါင်း ၅၄ နိုင်ငံအထိ တိုးချဲ့ခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံသည် နိုင်ငံ၏ တင်းကျပ်သော ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးမူဝါဒများကြောင့် ကပ်ရောဂါကာလအတွင်း နိုင်ငံတွင်းသို့ ဝင်ရောက်သည့် နိုင်ငံခြားသား ခရီးသွားအရေအတွက် ကျဆင်းခဲ့သည်။

တရုတ်နိုင်ငံသည် လွန်ခဲ့သောနှစ်က ကိုဗစ်–၁၉ ရောဂါကန့်သတ်ချက်များကို လျှော့ချလိုက်ပြီးနောက် တရုတ်နိုင်ငံသို့ နိုင်ငံတကာလေကြောင်းခရီးစဉ်များ တိုးလာခဲ့သော်လည်း ကိုဗစ်–၁၉ ရောဂါမဖြစ်ပွားမီကာလဖြစ်သော ၂၀၁၉ ခုနှစ် ခရီးသွားအရေအတွက် စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းသာ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ကိုးကား – စီအင်န်အေ၊ ဘာသာပြန် – အလင်းသစ်

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

နေပြည်တော် ဇန်နဝါရီ ၁

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် လွတ်လပ်ရေး" ခေါင်းစဉ်ဖြင့် ၃-၁-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "ပညာဖြင့်တည်ဆောက်ကြရာဝယ်" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီအချိန်မှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၈၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Messageပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ငွေကျပ် ၁ ဒသမ ၅၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အိုက်စ်(မက်သ်အဖက်တမင်း)များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ငွေကျပ် ၁ ဒသမ ၅၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အိုက်စ် (မက်သ်အဖက်တမင်း) များ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှသိရသည်။



သိန်းဇော်နှင့် မန့်ရှင်းတွေ့ဝင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တာဟန်းရပ်ကွက် ဒိုးဝိုင်းချောင်းအနီးတွင် သိန်းဇော် မောင်းနှင်ပြီး မန့်ရှင်းတွေ့ဝင် လိုက်ပါလာသည့် သုံးဘီး ဆိုင်ကယ်ကို သတင်းအရ ရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၅၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ၁၃ ဒသမ ၇၅ ကီလို၊ အိုက်စ်(မက်သ်အဖက်တမင်း) ၂၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ချင်းပြည်နယ် တီးတိန်မြို့သို့သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရပြီး ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိကာ ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ် သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၁ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သိမ်ဆိပ်မြို့နယ် ရဲစခန်းအနီး၌ သထုံမြို့မှ ဘီးလင်းမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုဇွန်နှစ်ကောင်ဆီ တစ်လီတာပါ ၁၁၆၄ ဘူး၊ နှစ်လီတာပါ ဘူး ၁၂၀၀၊ ငါးလီတာပါဘူး ၄၀၀ အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၆၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၂၁၉ တန်၊ သစ်မာ သုည ဒသမ ၅၃၇ တန်နှင့် အခြားသစ် ၂၃ ဒသမ ၁၁၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၇၄၉၅၄)ကိုလည်းကောင်း၊ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၀၃၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၁၉၁၂)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၆၈၆၆ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၃၁ ရက်နှင့် ဇန်နဝါရီ ၁ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၀၆၈၆၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် မိုးကုတ်မြို့နယ် ပြောင်းပြင်ကျေးရွာအနီး၌ မခင်ဌေးဟန်(ခ)ယမုံ မောင်းနှင်ပြီး မခိုင်ခိုင်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ မွန်းလွဲ ၃ နာရီတွင် ကျပ်ပြင်ကျေးရွာရှိ မခင်ဌေးဟန် (ခ)ယမုံ၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၃၀၀ ကိုလည်းကောင်း။



မမြမြသင်း(ခ)သင်းသင်းနှင့် အေးချမ်းမောင်(ခ)မောင်ကြီးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၃နာရီတွင် မင်္ဂလာဒုံမြို့နယ် ကြံခင်းစုရပ်ကွက် မြတောင်ညို (၁)လမ်းနေ မမြမြသင်း (ခ)သင်းသင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ည ၇ နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် (၁၆) ရပ်ကွက် ပြည်သာယာလမ်းတွင် အေးချမ်းမောင်(ခ)မောင်ကြီး မောင်းနှင်လာသည့် NISSAN AD VAN ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၀၄ ကီလို၊ ကက်တမင်း သုည ဒသမ ၀၁ ကီလို၊ အက်တက်စီဆေး ၂၅ ပြား သိမ်းဆည်းရမိခဲ့ပြီး ည ၈ နာရီ ၁၅ မိနစ်တွင် သဃ်န်းကျွန်းမြို့နယ် (ဇ/တောင်)ရပ်ကွက်ရှိ ၎င်းနေထိုင်သည့်နေအိမ်ကို ဆက်လက်ရှာဖွေရာ Happy Water ၁ ဒသမ ၈ ကီလို၊ ကက်တမင်း ၁ ဒသမ ၈ ကီလို၊ အက်တက်စီဆေးပြား ၃၀ ကိုလည်းကောင်း၊ ထိုနေ့ ညနေ ၄ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် ဓမ္မရာဇာ (၃၀)လမ်းနေ သန်းလွင်ဌေး(ခ)ဘဲကြီး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၄၀၊ ဘိန်းဖြူ သုည ဒသမ ၀၁ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ ဒီဇင်ဘာ ၃၁ ရက် ညနေ ၄နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ(၁၄) ရပ်ကွက် တကောင်းလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ပြည့်ဖြိုးသက်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၁-၂၀၂၄ အင်္ဂါနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ပဋ္ဌာန်းသုတ်၊ ရတနသုတ်၊ မေတ္တသုတ်၊ အဋ္ဌာနာယ်တင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ' (၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ) (ပထမပိုင်း)
၀၉:၃၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၀၉:၄၀ Sports Diary
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'သုတောင်းပြည့်ကြယ်တာရာစေတာလာ' (အပိုင်း-၂၃)
၁၃:၃၀ MRTV National News
၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၄၅)
၁၄:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၉၂)
၁၆:၃၅ 'လွတ်လပ်ရေးတေးသံဇာတိမာန်' (အပိုင်း-၃)
၁၇:၃၅ 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ) (ဒုတိယပိုင်း)'
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ် 'အတိတ်သမိုင်းရှိရာသို့... ပြန်ပြောင်းကြည့်စေချင်'
၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၄၆)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကဗျာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၆)
၂၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့အိပ်မက်တန်ဖိုး' (အပိုင်း-၉)

mitv

07:02 Evergreen Classic: Myat Day Thanar (Pan Ei Phyu)
07:10 Xylophones' Home
07:32 Buddha Image Built Of Bamboo Strip
07:46 Chef Life: Tun Tun
08:01 News
08:26 Global Updates; How climate change kills species
08:34 Yenwe, The Multi-Purpose Dam
08:50 Kyeik Paw Law Pagoda
09:01 Topical Science Topic: Beauty of Marine Life
09:25 Listening Pleasure, Instrumental Music (Banjo) Pyoh Maung Phone
09:35 Fishery Products: Pickled Prawn Business
09:49 Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of China
10:01 News

MRTV NRC

ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)
ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)
အင်းသားလေ့လော်ကဗျာကျော်
ဝ (၁၀:၀၀ မှ ၁၂:၀၀)
'ဝ'ဘာသာစကားပြောကြရအောင် (ဆွေမျိုးဆိုင်ရာအခေါ်အဝေါ်များ)
ကချင် (၁၂:၀၀ မှ ၁၄:၀၀)
လီဆူရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်
ကယား (၁၄:၀၀ မှ ၁၆:၀၀)
ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးဆိုင်ရာဗဟုသုတ
စကောကရင် (၁၆:၀၀ မှ ၁၇:၀၀)
ပျောက်ကွယ်လုနီးပါးဂေးဘားတိုင်းရင်းသားတို့ရဲ့ တင်းဝါးပလွေများ
အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၂၀)
အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)
စားလို့ကောင်းတဲ့သပြေသီးတာလပေါ်
ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)
သင်မယ်၊ ရေးမယ်တို့ချင်းစာ (အပိုင်း-၃၁)
ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)
ချင်းရိုးရာကြိမ်ထိုင်ခုံပြုလုပ်ခြင်း
မွန် (၂၁:၀၀ မှ ၂၃:၀၀)
ကျွဲကောသီး၏အကျိုးကျေးဇူး

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ ECONOMIC REVIEW
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၄၅ Save Our Planet Program
၁၀:၄၅ အသိပညာနှင့်အမှန်တရား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တာဝန်နှင့်လူ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃)

MRTV FARMERS' HTV

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၀ နိုင်ငံ့စီးပွားမြင့်မားဖို့စိုက်ပျိုးမွေးကဏ္ဍမြှင့်တင်စို့
၀၆:၄၀ အာဟာရနေ့စဉ်ဖြည့်စွက် သဘာဝဆေးကောင်းတစ်လက်(လိမ္မော်သီးအကြောင်း)
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ သူ့ခက်တွေပျံ့နေကျလမ်းကလေးပေါ်မှာ (ဇာတ်လမ်း)
၂၂:၀၀ Haunted Mansion 2023 (နိုင်ငံခြားဇာတ်လမ်း)

MRTV SPORTS HTV

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Max
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၈:၃၀ ရှင်သန်ကြိုးစားအနာဂတ်ရဲ့ကြယ်လေးများ 'သွန်းမိုးမေ'

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

ကြေးမုံ အယ်ဒီတာ့ထံပေးစာ

# မြန်မာ့တပ်မတော်တွင် အမျိုးသမီးတပ်ဖွဲ့ဝင်များ ပိုမိုခန့်ထားပေးစေလို

အယ်ဒီတာရှင့်...

၃၁-၁၂-၂၀၂၃ ရက်နေ့ထုတ် Nikkei Asia သတင်းစာမှ သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရပါသည်။ မြန်မာဆန့်ကျင်ရေးအုပ်စုများမှ အမျိုးသမီးစစ်သည်များအကြောင်းနှင့် ပတ်သက်ပြီး သတင်းရေးသားထားခြင်းဖြစ်ပါသည်။

ယခုလက်ရှိမြေပြင်တွင် အမျိုးသမီး PDF များ၊ အမျိုးသမီး ဖရဲသီးများအကြောင်းကို ခဏခဏ ကြားသိနေရပါသည်။

လူ့သဘာဝထုံးစံအရ အမျိုးသားများသည် အားနည်းသော အမျိုးသမီးများကို ငဲ့ညှာခွင့်လွှတ်တတ်သောစိတ် သဘာဝအရင်းခံရှိသည့်အပြင် အထင်မကြီးစိတ်နှင့် မဖြစ်လောက်ပါဘူးဆိုပြီး လျှော့တွက်တတ်ကြသည်။ အခြားဘက်မှ ထိုဟာကွက်ကို ကောင်းကောင်း အသုံးချခဲ့ကြသလို အသုံးလည်း ချနေကြပါသည်။ မထင်မှတ်ဘဲ အသတ်ခံလိုက်ရတာတွေ၊ သတင်းပေါက်ကြားတာတွေ ဒုနှင့်ဒေး အများကြီးရှိလာပါသည်။

ဒါကြောင့် ကျွန်မအနေဖြင့် အကြံပေးချင်ပါသည်။ အမျိုးသမီးရန်သူများကို ချေမှုန်းသုတ်သင်ရန် မြန်မာ့တပ်မတော်တွင် အမျိုးသမီးတပ်ဖွဲ့ဝင်များ ပိုမိုလိုအပ်နေပါသည်။

အမျိုးသားများသည် ယေဘုယျအားဖြင့် “ဘယ်ဘက်ဦးနှောက်” အားသန်ပါသည်။ အမျိုးသမီးမှာ “ညာဘက်ဦးနှောက်” အားသန်ပါသည်။ “ညာဘက်ဦးနှောက်” အားသန်သူများ၏ အတွေးအခေါ်၊ အယူအဆ၊ စဉ်းစားပုံနှင့် စစ်ဗျူဟာကစားကွက်များကို “ညာဘက် ဦးနှောက်” အားသန်သူချင်းသာ ကြိုတင်သိမြင် ကာကွယ်ပြင်ဆင် တိုက်ခိုက်နိုင်ပါသည်။ သို့မဟုတ်ပါက ကွာဟမှု အကြီးစား ဖြစ်လာနိုင်ပါသည်။

ထို့ကြောင့် မြန်မာ့တပ်မတော်ရှိအခြေခံစစ်သားနေရာနှင့် ရာထူးအမြင့်ပိုင်း နေရာများတွင် အမျိုးသမီးအရေအတွက်များစွာကို ခန့်အပ်ပေးစေလိုပါသည်။

မြန်မာ့ဘောလုံးအသင်းနှင့် ဥပမာယှဉ်ပြောလိုပါသည်။

မြန်မာအမျိုးသားဘောလုံးအသင်းကို ငွေကုန်ကြေးကျခံပြီး ပြင်ဆင်ပေးသည့်အပြင် တစ်နိုင်ငံလုံးမှ ပြည်သူများကလည်း အလွန်ပင် ဝက်ဝက်ကွဲ အားပေးခဲ့သော်ငြား တကယ့်လက်တွေ့တွင် ပြည်သူလူထုအားပေးမှု နည်းပါးသော၊ အလေး သိပ်မထားသော မြန်မာအမျိုးသမီးဘောလုံးအသင်းက တောက်လျှောက် အောင်ပန်းအမျိုးမျိုး ယူဆောင်လာပေးနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပါသည်။

မြန်မာအမျိုးသမီးများသည် ဖွဲ့အလွန်ရှိကြသည်။ စိတ်အားလည်း အလွန်ထက်သန်ကြသည်။ နိုင်ချင်စိတ်လည်း အင်မတန်ရှိကြသည်။ ဉာဏ်ပရိယာယ်လည်း ကြွယ်ကြသည်။ ထို့အပြင် အသောက်အစား၊ မူးယစ်ဆေးဝါးများလည်း ကင်းကြသည်။ မျက်နှာလွှဲခဲပစ် မလုပ်တတ်သလို အသေးစိတ်သေချာမှုနှင့် ယုံကြည်အားကိုးလို့လည်း ရသည့်အပြင် သစ္စာရှိပြီး အလုပ်မြဲတတ်ကြသည့်အတွက် ကုမ္ပဏီအများစုတွင် အမျိုးသမီးဝန်ထမ်းများ များပြားလှစွာ ခန့်အပ်တာဝန်ပေးနေကြသည်ကို တွေ့မြင်နေရပါသည်။

နယ်တကာမှ ရန်ကုန်တက်ပြီး အလုပ်ရှာလျှင် အမျိုးသမီးများကသာ အရင်ဆုံးအလုပ်ရပြီး အမျိုးသားများက ယောင်ခြောက်ဆယ် အလုပ်လက်မဲ့ ဖြစ်နေကြသည်မှာ နေရာအတော်များများတွင် ဖြစ်နေပါသည်။

အမျိုးသားစစ်သည်များကို အားမရ၍ မဟုတ်ပါ။ အမျိုးသမီးစစ်သည်တွေကိုပါ ရာထူးအသီးသီးမှာ ထပ်မံအားဖြည့်လိုက်ပါလျှင် မြန်မာ့တပ်မတော်ကြီးသည် အဘက်ဘက်မှ ပြီးပြည့်စုံမည့် အဖွဲ့အစည်းကြီး ဖြစ်လာမည်ဟု ယူဆမိသောကြောင့် လေးစားစွာဖြင့် တင်ပြရခြင်းဖြစ်ပါသည်။

ယခု အမေရိကန်တပ်မတော်တွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် အမျိုးသမီးစစ်သည်မှာ ၁၇ ဒသမ ၃ ရာခိုင်နှုန်း ရှိနေပါသည်။ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာနေပါသည်။

ကျွန်မတို့ ၂၁ ရာစုကို ရောက်နေပါသည်။ ပြောင်းလဲသင့်သည်များကို မြန်ဆန်စွာ ပြင်ဆင်ပြောင်းလဲရပါမည်။ ထို့ကြောင့် မြန်မာ့တပ်မတော်တွင် အမျိုးသမီးများကို ယခုရှိနေသည့်အရေအတွက်ထက် ပိုခေါ်၊ ပိုခန့်၊ ပိုနေရာပေးသင့်ကြောင်းကို အကြံပေးတိုက်တွန်းလိုပါသည်။

ယခုအကြံပေးစာသည် အမျိုးသမီးထု နေရာရဖို့ အားပေးရေးသားခြင်းမျိုး မဟုတ်ပါ။ မွေးရာပါ စွမ်းရည်နှင့် စဉ်းစားဉာဏ်မတူညီသော လူသားနှစ်မျိုးလုံးကို နိုင်ငံတော်အတွက် အသုံးချပေးပါရန် အကြံပေးရေးသားခြင်းမျိုးသာဖြစ်ပါသည်။

အမိမြေနှင့် မြန်မာ့တပ်မတော်ကို ချစ်မြတ်နိုးသော ရင်တွင်းမှလာသော စကားများ ဖြစ်သောကြောင့် ကျွန်မစာထဲတွင်အမှားများပါသွားခဲ့ပါလျှင် ခွင့်လွှတ် နားလည်ပေးစေလိုပါကြောင်း ကြိုတင်တောင်းပန်ရင်း... ။

**ရိုသေလေးစားစွာဖြင့်**
**နှင်း**

## စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် တောင်မော်ရွာကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူတစ်ဦး နှလုံးရပ်သေဆုံးပြီး နေအိမ်တစ်လုံး မီးလောင်ပြာကျခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁**

စစ်ကိုင်း တိုင်းဒေသကြီး ကောလင်းမြို့နယ် တောင်မော်ရွာကို ဒီဇင်ဘာ ၃၀ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တပ်မတော်က လက်နက်ကြီးဖြင့် နှစ်ကြိမ် ပစ်ခတ်မှုကြောင့် ပြည်သူတစ်ဦး နှလုံးရပ်သေဆုံးပြီး နေအိမ်တစ်လုံး မီးလောင်ပြာကျခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit Media က သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကိုတွေ့ရှိရသည်။

**လက်နက်ကြီးဖြင့် ပစ်ခတ်မှုမရှိ**

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဒီဇင်ဘာ ၃၀ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုမရှိကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက် သမားများသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြမ်းဖက် လုပ်ငန်းများ လုပ်ဆောင်ရာတွင် ကျေးရွာများမှ ပြည်သူများကို ဦးတည် လုပ်ဆောင်လျက်ရှိရာ ၎င်းတို့ကို အားပေးထောက်ခံမှု မရှိသည့် ပြည်သူများ၊ နယ်မြေတည်ငြိမ် အေးချမ်းမှုကို လိုလားပြီး အကြမ်း ဖက်လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူများကို ခြိမ်းခြောက် သတ်ဖြတ်လျက်ရှိပြီး လူမှုကွန်ရက်စာမျက်နှာများမှ တစ်ဆင့် တပ်မတော်အပေါ် အပြစ်ပုံချကာ ပြည်သူများမှ အထင်အမြင် လွဲမှားစေရန် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ညောင်ပင်ကွင်းကျေးရွာကို နှစ်သစ်ကူးချိန်တွင် တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် လူနေအိမ်တချို့ ထိခိုက်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၁**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ညောင်ပင်ကွင်းကျေးရွာကို နှစ်သစ်ကူးချိန်တွင် တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ရွာထဲမှ လူနေအိမ်တချို့ ထိခိုက်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကိုတွေ့ရှိရသည်။

**ကျရောက်ပေါက်ကွဲ**

အဆိုပါသတင်းနှင့်ပတ်သက်၍ မြေပြင်စစ်ဆေးတွေ့ရှိချက်များနှင့် တနင်္သာရီတိုင်းဒေသကြီး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ တနင်္သာရီမြို့ ညောင်ပင်ကွင်း ကျေးရွာအနီးရှိ နယ်မြေခံတပ်ရင်းအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့ရာ ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် လူမှုကွန်ရက် စာမျက်နှာများမှတစ်ဆင့် ၎င်းတို့၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် ဂုဏ်သိက္ခာကျဆင်းစေရန်၊ ပြည်သူများမှ အထင်အမြင်လွဲမှားစေရန်တို့အတွက် သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Mg MinNyo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်နေ သိန်းသန်းထွန်း(ခ) မင်းညိုအား ည ၇ နာရီ မိနစ် ၂၀ တွင် သုဝဏ္ဏနယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာ့ရုပ်မြင်သံကြား ဂီတဌာနခွဲမှ အနုပညာရှင်ဝန်ထမ်းများ သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၁

နေပြည်တော်တွင် ကြည်ညိုသပ္ပာယ် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်သို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)ရှိ ဂီတဌာနခွဲမှ အနုပညာရှင်ဝန်ထမ်းများသည် ယနေ့ညပိုင်းတွင် သွားရောက်ဖူးမြော်ကြည်ညိုကြသည်။



**ဖူးမြော်ကြည်ညို**

ဦးစွာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မော်ကွန်းတိုက်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့် ပစ္စည်းများ၊ ဘုရားရှင်ခေတ်တော်၊ ရဟန္တာခေတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယ ဆင်းတုတော်ကြီးအား အစိတ်အပိုင်းလေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးလက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှုမှတ်တမ်းဓာတ်ပုံများ၊ ဘုရားရှင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များ၌ ကျောက်သားဖြင့် ထွင်းထုထားရှိသည့် (၂၄)ပစ္စည်းသရုပ်ဖော် ရုပ်တုရုပ်ထွင်းများ၊ အံ့မခန်း ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ပိဋကတ်သုံးပုံလာ ကျမ်းစာများကို ခေတ်မီနည်းပညာအသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language များဖြင့် ရေးထိုးထားသည့် ကျောက်စာများထားရှိသည့် ကျောက်စာရုံစေတီတော်များ၊ ကျမ်းဂန်လာ အဆိုအမိန့်များနှင့်အညီ တည်ထားကိုးကွယ်ထားသည့် နဂါးရုံဘုရားနှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက်ကြည့်ရှုလေ့လာကြသည်။

**ကြိုတင်ရောက်ရှိ**

အဆိုပါ မြန်မာ့ရုပ်မြင်သံကြား ဂီတဌာနခွဲကို မြန်မာ့ဆိုင်းဝိုင်းကြီး၊ ခေတ်ပေါ်တေးဂီတနှင့် နိုင်ငံတော်သံစုံတီးဝိုင်းတို့စုပေါင်း၍ စုဖွဲ့ထားရှိရာ ယင်းအဖွဲ့သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညှော်ခံပွဲနှင့် ညစာစားပွဲတွင် ဖျော်ဖြေတင်ဆက်နိုင်ရန် ကြိုတင်ရောက်ရှိပြင်ဆင်နေစဉ် ယခုကဲ့သို့ သွားရောက်ဖူးမြော်ကြခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များသို့ လူမှုဖူလုံရေးအကျုံးဝင်အလုပ်သမားများအား ကွင်းဆင်းဆေးကုသမှုဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်မှတ်ပုံတင်ထားသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အာမခံအလုပ်သမားများကို ဇန်နဝါရီ ၁ ရက်မှစတင်၍ အလုပ်ဌာနများအရောက် ကွင်းဆင်းဆေးကုသမှုကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆောင်ရွက်ပြီးစီး

ရန်ကုန် ဇန်နဝါရီ ၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်ပြည်သူများ၏ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်းကို ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်း ဒီဇင်ဘာ ၄ ရက်မှ စ၍ဆောင်ရွက်လျက်ရှိရာ ယနေ့ ဇန်နဝါရီ ၁ ရက်တွင် ထန်းတပင်မြို့နယ် ရပ်/ကျေး ၂၉ ခုမှ ပြည်သူ ၄၆၂ ဦး၊ သဃ်န်းကျွန်းမြို့နယ် ရပ်ကွက် ၁၈ ခုမှ ပြည်သူ ၄၅၆ ဦး၊ လှိုင်မြို့နယ် ရပ်ကွက် ရှစ်ခုမှ ပြည်သူ ၄၃၅ ဦး၊ ဗဟန်းမြို့နယ်ရပ်ကွက် ၁၁ ခုမှ ပြည်သူ ၄၆၆ ဦး စုစုပေါင်း ပြည်သူ ၁၈၁၉ ဦး တက်ရောက်၍ လက်တွေ့စမ်းသပ် မဲပေးလေ့လာခဲ့ကြသည်။



သို့ဖြစ်၍ ဒီဇင်ဘာ ၄ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မြို့နယ် ၄၅ ခုအနက် ကိုကိုးကျွန်းမြို့နယ်မှအပ ကျန် ၄၄ မြို့နယ်တို့တွင် မဲဆန္ဒရှင်ပြည်သူများ၏ အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့ စမ်းသပ် မဲပေးလေ့လာမှုများ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ (အဌမ)အကြိမ် ထုတ်ချေး

တောင်ကြီး ဇန်နဝါရီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ(အဌမ)အကြိမ်မြောက် ထုတ်ချေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်းငုံးကျေးရွာ၌ ထုတ်ချေးပေးခဲ့သည်။

ဦးစွာ တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိမ်းနွဲ့ဦးက ဆောင်းငုံးကျေးရွာရှိ မြစိမ်းရောင်အသင်းသူ အသင်းသားများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တောင်ကြီးမြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေပြန်လည်ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဆောင်းငုံးကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့် အသင်းသူ အသင်းသား ၅၂ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၄၀ အား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၅၀ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၀ | ၂၆၀၀ | ၂၆၂၀ | ၂၆၀၅ | ၂၅၈၅ | ၂၆၈၅ | ၂၇၀၀ | ၂၅၉၀ | ၂၆၀၀ | ၂၆၃၅ | ၂၆၃၅ | ၂၆၄၀ | ၂၈၇၀ | ၂၉၀၀ |
| 95 Ron | ၂၆၅၅ | ၂၇၀၅ | ၂၇၀၅ | ၂၆၆၅ | ၂၇၀၅ | ၂၇၂၅ | ၂၇၃၀ | ၂၆၉၀ | ၂၇၉၀ | ၂၈၀၅ | ၂၆၉၅ | ၂၇၁၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၅ | ၂၉၇၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၅ | ၂၅၉၀ | ၂၅၈၅ | ၂၄၈၀ | ၂၄၉၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၃၀ | ၂၇၅၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၆၅ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၉၀ | ၂၅၃၅ | ၂၅၃၅ | ၂၄၉၅ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၆၄၀ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၇၅ | ၂၈၀၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၃၂ | ၂၅၁၄ |
| 95 Ron | ၂၅၃၃ | ၂၆၁၈ |
| HSD (500 ppm) | ၂၃၂၃ | ၂၃၉၉ |
| HSD (50 ppm) | ၂၃၆၄ | ၂၄၄၁ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၄၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ခင်ဦးမြို့နယ်၌ ရွှေဘိုပေါ်ဆန်းစပါးများ ရိတ်သိမ်း

စစ်ကိုင်း ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်ရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး သဖန်းဆိပ်ဆည်မှရရှိသော ဆည်ရေဖြင့်နွေရာသီတွင် ရွှေဝါထွန်းစပါး (ခေါ်) ရက်တစ်ရာစပါးနှင့် မိုးရာသီတွင် ရွှေဘိုပေါ်ဆန်းစပါး (ဒေသခေါ်) ဘေးကြားစပါးကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။





ခင်ဦးမြို့နယ်တွင် ရွှေဘိုပေါ်ဆန်းစပါးကို အများဆုံးစိုက်ပျိုးကြပြီး စိုက်ဧကစုစုပေါင်း ၄၀၀၀၀ ကျော်ရှိကြောင်း၊ စပါးစိုက်ပျိုးမှုအနေဖြင့် ပျိုးထောင်စနစ်ဖြင့် ဩဂုတ်လ(ပထမပတ်)မှ စတင်၍စိုက်ပျိုးကြောင်း၊ ဒီဇင်ဘာလတွင် စတင်ရိတ်သိမ်းပြီး အထွက်နှုန်းအနေဖြင့် ရာသီဥတုမှာ ကောင်းမွန်သောကြောင့် တင်း ၇၀ မှ ၉၀ ကြား ထွက်ရှိကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင်မျိုး၊ ဓာတ်မြေဩဇာ၊ လုပ်သားခများအပါအဝင် ရွှေဘိုပေါ်ဆန်းစပါး စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ ကုန်ကျစရိတ်စုစုပေါင်း ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း သိရသည်။

ရွှေဘိုပေါ်ဆန်းစပါး ဈေးနှုန်းများအနေဖြင့် ၂၀၂၃ ခုနှစ် ယခုဒီဇင်ဘာတွင် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀၀၀–၃၄၀၀၀၀၀ အထိ ဈေးနှုန်းရရှိကြောင်း၊ စပါးစိုက်တောင်သူများအနေဖြင့် ထွက်ရှိပြီးသောစပါးများကို မိမိတို့မိသားစုစားသုံးရန်အတွက်သာ ဆန်စက်တွင်ကြိတ်ခွဲပြီး ကျန်စပါးများအား ရောင်းချရန်သိုလှောင်ထားကြကြောင်း၊ ခင်ဦးမြို့ပေါ်ရှိ စပါးပွဲစားများအပြင် ရွှေဘိုမြို့နှင့် အခြားဒေသများမှ စပါးပွဲစားများကလာရောက်ဝယ်ယူကြကြောင်း ရွှေဘိုပေါ်ဆန်းစပါးစိုက်ပျိုးတောင်သူတစ်ဦးထံမှ သိရသည်။

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်း ဇန်နဝါရီ ၁

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့်စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ငါးပါကင်၊ ဆီအုန်းတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ ရက်အထိ ပို့ကုန်တန်ချိန် ၁၁၅၇ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀ သန်းနှင့် သွင်းကုန်တန်ချိန် ၄၁၉ တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၂၈၄ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ၁ ဒသမ ၃၈၄ ဒေါ်လာသန်းဖြစ်သည်။

အများဆုံး တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးဖမ်းပိုက်အသေးစား ၁၉ တန်၊ ဆီအုန်း တန် ၂၈၀၊ ကဗျက်ငါး ၅၆ ဒသမ ၁၇၀ တန်၊ ငါးခွေးလျှာ ၄ ဒသမ ၅၂၀ တန်၊ ကင်းမွန် ၁၁ ဒသမ ၂၁၀ တန်၊ ငါးပါကင် ၈၁ ဒသမ ၈၅၄ တန်၊ ငါးမဲလုံး ၅၆ ဒသမ ၈၀၀ တန်၊ ပလာလန်းငါး ၁၅ ဒသမ ၆၇၀ တန်၊ ပလာတူးငါး ၃၂ ဒသမ ၂၇၀ တန်နှင့် ငါးဝိုင်း ၅ ဒသမ ၅၂၀ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းမှာ ကြိုး ၂၅ တန်၊ ပလတ်စတစ်ရေခဲပုံး ခုနစ်တန်၊ ငါးဖမ်းပိုက် ၃၁ တန်၊ ကြွေပြား ၁၃၅၅၀ စတုရန်းမီတာ၊ ဖိနပ် အရန် ၁၆၇၀၄၀၊ သကြားလုံး ၂၉ တန်၊ ထမင်းပေါင်းအိုး ၁၈၉၆ လုံး၊ လေအေးစက် ၃၄၅ လုံး၊ ပီလောပီနံမှုန့် တန် ၂၇၀ ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၁ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၀၁၅ ဒသမ ၂၃ ဘတ်၊ တစ်ဘတ်လျှင် ၉၈ ဒသမ ၅ ကျပ်ခန့်ဖြစ်ကြောင်း သိရသည်။

# မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မြဝတီ ဇန်နဝါရီ ၁

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၂၉ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၆ ဒသမ ၃၇၉ ဒေါ်လာသန်း၊ သွင်းကုန် ၁၅ ဒသမ ၃၀၇ ဒေါ်လာသန်း စုစုပေါင်းကုန်သွယ်မှုပမာဏ ၂၁ ဒသမ ၆၈၆ ကန်ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ငရုတ် (ခြောက်) သုည ဒသမ ၆၈၈ ဒေါ်လာသန်း၊ ကြက်သွန်နီ သုည ဒသမ ၀၇၂ ဒေါ်လာသန်း၊ ကော်ဖီစေ့ သုည ဒသမ ၇၇၁ ဒေါ်လာသန်း၊ ပြောင်းကြိတ်ဖတ် သုည ဒသမ ၁၅၂ ဒေါ်လာသန်း၊ ငရုတ်သီး(စိမ်း)(အစို) သုည ဒသမ ၀၉၂ ဒေါ်လာသန်း၊ သတ္တုနှင့် သတ္တုရိုင်းများ သုည ဒသမ ၁၃၄ ဒေါ်လာ သန်း၊ ကွမ်းသီး သုည ဒသမ ၀၇၃ ဒေါ်လာသန်း၊ အခြားရေထွက်ပစ္စည်း သုည ဒသမ ၀၁၉ ဒေါ်လာသန်း၊ မက္ကဒေးမီးယား သုည ဒသမ ၀၀၈ ဒေါ်လာသန်းနှင့်ငါးမျိုးစုံ သုည ဒသမ ၀၀၇ ဒေါ်လာသန်းတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ချည်ထည်များ သုည ဒသမ ၅၇၀ ဒေါ်လာသန်း၊ ဆေးဝါးပစ္စည်းများ သုည ဒသမ ၆၅၀ ဒေါ်လာသန်း၊ တာယာနှင့် ကျွတ်များ သုည ဒသမ ၁၈၈ ဒေါ်လာသန်း၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ သုည ဒသမ ၁၈၁ ဒေါ်လာသန်း၊ သွားတိုက်ဆေး သုည ဒသမ ၁၅၇ ဒေါ်လာသန်း၊ လေအေးစက်များ သုည ဒသမ ၁၄၈ ဒေါ်လာသန်း၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ ၁ ဒသမ ၀၄၅ ဒေါ်လာသန်း၊ ရေနံထွက်ပစ္စည်း သုည ဒသမ ၂၄၅ ဒေါ်လာသန်း၊ စက်နှင့်စက်ပစ္စည်းများ သုည ဒသမ ၃၂၆ ဒေါ်လာသန်းနှင့် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ သုည ဒသမ ၂၄၂ ဒေါ်လာသန်းတို့ဖြစ်သည်။

ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၉၈ ဒသမ ၅၂ ကျပ်ဖြစ်ကြောင်း သိရသည်။

# ဂန့်ဂေါမြို့နယ်အတွင်း ပဲယဉ်း(နီ)သီးနှံများ ရိတ်သိမ်း

ဂန့်ဂေါ ဇန်နဝါရီ ၁

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကျွဲနန်း၊ လက်ပံ၊ တောင်လယ်၊ ရွှေတောင်၊ သာကောင်း၊ တောင်ယာပြင်၊ အင်တိုင်း၊ မောက်လင်း၊ မွေ့လယ်၊ ဝယ်လှောင်၊ ထယ်လှောင်နှင့် မောက်ရွာစသည့် ကျေးရွာများတွင် ပဲယဉ်း(နီ)၊ နှမ်းမျိုးစုံနှင့် အခြားပဲသီးနှံများကို စိုက်ပျိုးကြကြောင်း၊ မောက်ရွာတွင် ပဲယဉ်း(နီ) စိုက်ပျိုးဧက ၁၅၀၀၀ ကျော်ရှိ၍ ပဲယဉ်းကိုတော်သလင်းလကုန် သီတင်းကျွတ်လဆန်းတွင် စတင်စိုက်ပျိုးကြပြီးကြဲပက်စနစ်ဖြင့် သီးထပ်စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီးရက်ပေါင်း ၁၀၀ ကျော်လျှင် ရိတ်သိမ်းရပြီး ပဲယဉ်း(နီ) စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ငါးသိန်းကုန်ကျကြောင်း၊ လက်ရှိအချိန်တွင် ပဲယဉ်း(နီ) များ စတင်ထွက်ပေါ်နေပြီဖြစ်ရာ တစ်ဧကအထွက်နှုန်းအနေဖြင့် ၂၅–၃၀ တင်း ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀ ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပခုက္ကူကုန်စည်ဒိုင်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပဲယဉ်းစိုက်တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်ရရှိကြောင်း ပဲယဉ်းစိုက်ပျိုးတောင်သူတစ်ဦးထံမှ သိရသည်။

### ၁.၁.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၈၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၆၅၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၅၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၇၅၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၂၉၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၄၆၀ | ၁၄၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၀၀၀ | | ၄၇၀၀ | ၁၆၀၀၀ | ၅၂၆၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၅၅၀ | ၁၄၅၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၅၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၆၅၀ | ၁၃၅၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၃၅၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၁၀၀ | ၁၀၀၀၀ | ၆၇၀၀ | ၃၅၀၀ | ၄၃၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၄၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၁၅၀ | ၁၇၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၃၅၀ | | ၄၉၀၀ | ၁၆၀၀၀ | ၅၃၇၀ | ၁၄၀၀၀ | ၄၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၃၀၀ | ၆၅၀၀ | ၆၆၀၀ | ၂၅၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၂ | စစ်တွေ | ၅၀၀၀ | | ၇၅၀၀ | ၂၅၀၀၀ | ၅၄၀၀ | ၅၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၃၃၀၀၀ | ၃၂၀၀၀ | ၃၂၀၀၀ | |
| ၁၃ | ဟားခါး | ၆၆၀၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၀၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၇၀၀ | | ၆၅၀၀ | ၁၂၀၀၀ | ၅၆၅၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၂၀၀ | | ၅၂၀၀ | ၁၂၀၀၀ | ၅၄၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၇၃၀၀ | ၇၈၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၁၅၀ | | ၆၀၀၀ | ၁၂၅၀၀ | ၅၄၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၂၀၀ | ၆၇၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၀၀၀ | ၁၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၁၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၆၃၀၀ | ၆၃၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၈၅၀ | | ၆၉၀၀ | ၁၄၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၂၈၅၀ | | ၆၉၀၀ | ၁၄၀၀၀ | ၅၃၀၀ | ၁၆၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၂၉၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၄၀၀၀ | ၅၀၀၀ | | ၁၄၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

သတင်းရင်းမြစ် စီးပွား/ကူးသန်း

ပုံပြင်

# ဂီတခရီးသည်များ

ငွေတာရီ

(ယခင်အပတ်မှအဆက်)

သို့ဖြင့် သူတို့သည် ထိုမီးရောင်ရှိရာသို့ သွားကြလေ၏။ အနီးသို့ရောက်သောအခါတွင် သူတို့ ထင်သည့်အတိုင်း အိမ်တစ်လုံးဖြစ်နေကြောင်းကို ဝမ်းမြောက်ဝမ်းသာတွေ့ကြရလေ၏။ စင်စစ် ထိုအိမ်တွင် ခားပြများနေထိုင်ကြသည်ကို သူတို့ မသိကြချေ။ အားလုံးထဲတွင် မြည်းသည် အရပ်အမြင့်ဆုံးဖြစ်ရကား ပြတင်းပေါက်မှ အိမ်တွင်းသို့ ချောင်းကြည့်ရန် အနီးသို့ ကပ်သွားလေသည်။ နောက်မြင်ရသမျှကို အဖော်များအား ပြောပြလေသည်။ သူက အိမ်ထဲတွင် စားပွဲတစ်လုံး၌ ဝိုင်းထိုင်နေကြသည့်ခားပြများကို တွေ့ရကြောင်း၊ ထိုစားပွဲပေါ်တွင်လည်း အထူးထူးအပြားပြားသော အရသာရှိမည့်အစားအစာများနှင့် အဖိုးတန်ပစ္စည်းများမှာ ပြည့်နှက်၍နေကြောင်း စသည်ဖြင့် တအံ့တသြ ပြောလေသည်။

ထိုအခါ ကြက်က ထိုအိမ်တွင် သူတို့အတွက် နေထိုင်ရန် အသင့်လျော်ဆုံးဖြစ်ကြောင်း ဆုံးဖြတ်ချက်ပေးလေသည်။ မြည်းကလည်း သဘောတူလေသည်။ ထို့ကြောင့် ခားပြများအား ထိုအိမ်မှ မောင်းထုတ်နိုင်မည့်နည်းလမ်းကို လေးဦးသား ခေါင်းချင်းရိုက်၍ တိုင်ပင်ကြလေ၏။ သို့ဖြင့် နောက်ဆုံးအကြံတစ်ခုရကြလေ၏။

မြည်းသည် မတ်တတ်ရပ်လျက် ရှေ့ခြေနှစ်ချောင်းဖြင့် ပြတင်းပေါက်ကို အားပြုထားလေသည်။ ထို့နောက် ခွေးသည် မြည်း၏ကျောပေါ်သို့ တက်ကာ ရပ်၍ တစ်ဖန် ခွေး၏ပခုံးပေါ်သို့ ကြောင်က တက်၍ ရပ်ပြန်လေသည်။ နောက်ဆုံးတွင်မှ ကြက်သည် ကြောင်၏ဦးခေါင်းပေါ်၌ မတ်တတ်ရပ်လိုက် လေတော့သည်။ သို့နေရာတကျရှိကြသော် အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် သူတို့၏တေးများကို ပြိုင်တူ စတင်သီဆိုကြလေတော့၏။

မြည်းသည် ကျယ်လောင်စွာ ဟည်းသကဲ့သို့ ခွေးကလည်း စူးစူးဝါးဝါးအူလေတော့သည်။ ကြောင်သည် ဆူညံစွာ အော်မြည်ဆဲ၊ ကြက်သည် ငယ်သံပါသည့်တိုင် တွန်ကျူးလိုက်ပြန်၏။ နောက် သူတို့သည် တစ်ပြိုင်တည်း ပြတင်းမှန်ကို ဖောက်ခွဲလျက် အတွင်းသို့ တိုးဝင်ကြလေကုန်၏။ ဤတွင် သူတို့ ပြတင်းမှန်ခွဲသံ ကျယ်ကျယ်လောင်လောင်၊ သူတို့၏ တေးသံစီစီညံညံတို့နှင့်အတူ လုံးထွေးကာ ဦးစောက်ကျွမ်းပြန်ကျလာလေတော့၏။ ခားပြများသည် သူတို့ တစ်သက်တာတွင် တစ်ခါမျှမကြုံဖူးသည် ဖြစ်ရသည်ကား အလွန်ထိတ်လန့်ကာ တစ်ရှိန်တည်းထွက်ပြေးကြလေတော့၏။

ခားပြများ ပြေးကြလျှင်ပင် ခရီးသည်တို့သည် စားပွဲတွင် ဝိုင်းထိုင်၍ စားသောက်ဖွယ်ရာများကို မြိန်ရှက်စွာ စားသောက်ကြလေ၏။ မည်မျှ စားသောက်ကြသနည်းဟူမူကား သူတို့သည် နောက်ထပ်တစ်လမျှပင် အစာမစားရစေကာမူ နေနိုင်လိမ့်မည်ဟု ထင်မှတ်ကြရသည်။ စားသောက်၍ ဝကြသော် မီးငြိမ်းကာ အသီးသီးအိပ်ရာဝင်ကြကုန်၏။ မြည်းသည် ခြံအတွင်းရှိ ကောက်ရိုးပုံများအပေါ်ဝယ် အိပ်လေသည်။ ခွေးကမူ တံခါးနောက်ရှိ ပြာပေါ်တွင် အိပ်၏။ ကြောင်သည် မီးဖိုအနီး၌လည်းကောင်း၊ ကြက်သည် အိမ်မျက်နှာကြက်ထုပ်တန်းပေါ်တွင်လည်းကောင်း အသီးသီးနေရာယူကြလေ၏။

ထို့နောက်၌ကား ခရီးပန်းလာကြသူများဖြစ်သဖြင့် နှစ်ခြိုက်စွာအိပ်မောကျ၍ သွားကြလေတော့၏။ သန်းခေါင်အချိန်သို့ ရောက်သောအခါ ခားပြများသည် အိမ်တွင် မီးများငြိမ်းလျက် တိတ်ဆိတ်နေသည်ကို အဝေးမှလှမ်း၍ မြင်ကြလေ၏။ ဤတွင် သူတို့ အလျင်စလိုထွက်ပြေးလာခဲ့ခြင်းမှာ မှားကြလေပြီဟု ထင်မြင်မိကြလေ၏။ ထိုအခါ အားလုံးထဲတွင် သတ္တိအကောင်းဆုံးဖြစ်သောခားပြတစ်ယောက်သည် စုံစမ်းကြည့်ရန် ထွက်လာခဲ့လေ၏။

အိမ်အနီးသို့ ရောက်လျှင် ဘာမျှထူးခြားခြင်းမရှိသည်ကို တွေ့ရသဖြင့် သူသည် မီးဖိုတွင်းသို့ ဝင်ခဲ့လေ၏။ ထို့နောက် ဖယောင်းတိုင်ထွန်းရန်အလို့ငှာ အမှောင်ထဲတွင် မီးခြစ်ကို စမ်းသပ်ရှာဖွေ၍နေလေသည်။ ထိုခဏ၌ မီးဖိုဘေးတွင် အိပ်နေသော ကြောင်၏ တောက်ပသောမျက်လုံးနှစ်လုံးကို မြင်မိလေသည်။ သူ့စိတ်ထဲတွင် ထိုအရာနှစ်ခုမှာ မငြိမ်းသေးသော မီးကျီးခဲများဟု ထင်မှတ်လေသည်။ ထို့ကြောင့် အသင့်စမ်းမိသော ထင်းစငယ်တစ်ခုဖြင့် မီးညှိရန် ထိုးလိုက်လေသည်။ ဤတွင် သူ၏အပြုအမူကို နားမလည်သောကြောင်သည် မျက်နှာရှိရာသို့ ခုန်အုပ်ကာ ကုတ်ခြစ်လေတော့၏။

ခားပြမှာ အလွန်ကြောက်လန့်သဖြင့် တံခါးရှိရာသို့ မှန်းဆထွက်ပြေးလေတော့၏။ သို့ရာတွင် တံခါးနောက်၌ အိပ်နေသောခွေးသည် သူ၏ခြေထောက်ကို ဖမ်း၍ ကိုက်လိုက်ပြန်သည်။ သို့ဖြင့် ထိတ်လန့်တကြား ပြေးမိပြေးရာ ခြံတွင်းသို့ ဆင်းပြေးပြန်ရာ မြည်းသည် အမှောင်တွင်းမှ ဆီး၍ကန်ကျောက်လိုက်ပြန်တော့၏။ ထိုအချိန်တွင် ဆူဆူညံညံအသံများကြောင့် နိုးလာပြီဖြစ်သော ကြက်သည် စူးရှကျယ်လောင်စွာ သံကုန်ဟစ်အော်လေတော့၏။ ထိုအခါတွင်ကား ခားပြမှာ ကြောက်ရွံ့တုန်လှုပ်ခြင်းကို သည်းမခံနိုင်တော့ပြီဖြစ်၍ အဖော်များရှိရာသို့ အမြန်ဆုံးပြန်ပြေးလေတော့သည်။

သူသည် အဖော်ခားပြများနှင့်တွေ့လျှင် သူတို့ အိမ်ထဲတွင် ကြောက်မက်ဖွယ်ကောင်းလှသော စုန်းမကြီး ရောက်ရှိနေကြောင်း၊ သူ့မျက်နှာကို လက်သည်းရှည်ကြီးများဖြင့် ကုတ်ခြစ်လိုက်ကြောင်း၊ တံခါးနောက်မှ လူတစ်ယောက်ကလည်း သူ့ခြေထောက်ကို ဓားဖြင့်ထိုးကြောင်း၊ ခြံတွင်း၌လည်း ကြီးမားသော ကြောက်မက်ဖွယ်ကောင်းသည့် သတ္တဝါကြီးတစ်ကောင်သည် သူ့ကို တင်းပုတ်ဖြင့် ထုနှက်ကြောင်း၊ အိမ်ခေါင်မိုးပေါ်မှ တစ္ဆေတစ်ကောင်ကလည်း ဤလူယုတ်မာကို ငါ့ထံပစ်တင်လိုက်ဟု ထပ်တလဲလဲ စူးရှစွာအော်ဟစ်ကြောင်းဖြင့် တုန်လှုပ်ချောက်ချားစွာ ပြောပြလေ၏။

ထိုအခါမှစ၍ ခားပြများသည် ထိုအိမ်သို့ ပြန်၍ မသွားဝံ့ကြတော့ချေ။ သို့ရာတွင် ဂီတခရီးသည်တို့ကား ထိုအိမ်တွင် နေထိုင်ရခြင်းကို အလွန်ကျေနပ်နှစ်ခြိုက်လျက်ရှိကြတော့သည်။ ထို့ကြောင့် ယနေ့တိုင်ပင် ထိုအိမ်၌ သူတို့နေထိုင်လျက်ရှိကြကုန်သတည်း။ ။

ဆရာမ ငွေတာရီ၏ မပန်းဇင်နှင့် အခြားပုံပြင်များ စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

(ယခင်အပတ်မှအဆက်)





လူမှု ဘဝ

# ခေတ်မီသော လူငယ်များ၏ ဝါသနာများ

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

ယနေ့ခေတ်မှာ လူငယ်တွေရဲ့ ဝါသနာတွေဟာ တစ်နေ့တခြား တိုးပွားလို့လာနေပါတယ်။ အချို့ လူငယ်တွေက ဘဝမှာ ပျော်ရွှင်မှုကို ဖော်ညွှန်းတဲ့ ဝါသနာတွေကို နှစ်သက်ကြပါတယ်။ အချို့လူငယ်တွေဟာ ကိုယ့်ကိုယ်ကိုယ် လေးစားမှုမြှင့်တင်ဖို့ ကြိုးစားလာကြတယ်။ တချို့က ဝါသနာကို အရင်းခံပြီး ရိုးရှင်းစွာသင်ယူလိုကြတယ်။ အဲဒါကြောင့် မိဘတွေဟာ လူငယ်တွေရဲ့ဝါသနာကို သတိထားမိဖို့ အရေးကြီးလာပါတယ်။

**ဖန်တီးမှုဝါသနာ**

ဝါသနာလို့ ပြောလိုက်ရင် လူငယ်တွေရဲ့ အဓိကကျတဲ့ဖန်တီးမှုလမ်းကြောင်းတွေကို သုံးသပ်လေ့လာကြည့်ဖို့ လိုအပ်ပါတယ်။ ယောကျ်ားလေးတွေဟာ နည်းပညာနဲ့ပတ်သက်တဲ့ဝါသနာကို ပိုမိုစိတ်ဝင်စားကြပါတယ်။ ဖန်တီးမှုဝါသနာထဲမှာ နည်းပညာဆိုင်ရာ ဝါသနာလည်းပါဝင်နေတာ တွေ့ရပါတယ်။ မိန်းကလေးတွေဟာ မိတ်ကပ်၊ ဖက်ရှင်၊ ခန္ဓာကိုယ်အလှအပပြုပြင်ခြင်း၊ အနုပညာဆိုင်ရာဝါသနာတွေကို ပိုမိုစိတ်ဝင်စားကြပါတယ်။ ဒီဝါသနာတွေဟာ ဖန်တီးမှုဆိုင်ရာဝါသနာတွေပဲဖြစ်ပါတယ်။

ယနေ့ခေတ် လူငယ်တွေစိတ်ဝင်စားတဲ့ ဝါသနာတစ်ခုကတော့ ဓာတ်ပုံပညာဖြစ်ပါတယ်။ လူကြိုက်များတဲ့ လူမှုကွန်ရက်တွေမှာ လူငယ်တွေ ဖန်တီးတဲ့ ဓာတ်ပုံလက်ရာတွေကို တွေ့မြင်ရပါတယ်။ ယနေ့ခေတ်မှာ မိုဘိုင်းဖုန်းနဲ့ ဓာတ်ပုံရိုက်ရာမှာ မိမိတို့ဖန်တီးတဲ့ ဓာတ်ပုံတွေကို ပန်းချီ ပိုစတာတွေအဖြစ် ဖန်တီးလာတာတွေ့ရပါတယ်။

တချို့လူတွေက ပန်းချီဆွဲခြင်းကို ဝါသနာပါကြတယ်။ ကာတွန်းတွေ၊ ဇာတ်လမ်းတွေကို လူငယ်တွေက ရေးဆွဲရင်း အနုပညာဆန်တဲ့ ပန်းချီရေးဆွဲခြင်းဘက် ဦးတည်လာကြတယ်။ ပန်းချီဆွဲခြင်းဟာ ဖန်တီးမှုအနုပညာတစ်ရပ်ဖြစ်လို့ လူငယ်တွေအကြား အလွန်ပဲ ရေပန်းစားလာခဲ့ပါတယ်။ လူငယ်တွေဟာ ခဲတံ၊ ဘောပင်၊ ရေဆေး၊ marker pen တွေနဲ့ ပုံတွေဆွဲရာက ပန်းချီပညာကို ဝါသနာအဖြစ် မွေးမြူလာခဲ့ကြပါတယ်။ ဒီလိုနဲ့ ပိုမိုကျွမ်းကျင်တဲ့အဆင့်ရောက်အောင် ကြိုးစားခဲ့ကြတယ်။ ယနေ့ခေတ် လူငယ်တွေဟာ ကွန်ပျူတာ၊ တက်ဘလက်တွေအကူအညီနဲ့ ပုံတွေရေးဆွဲလာကြတယ်။ ဒီလိုနဲ့ ဂရပ်ဖစ်နည်းပညာဟာ ခေတ်မီတဲ့ဖန်တီးမှုပညာတစ်ရပ်ဖြစ်လာပါတယ်။ ခေတ်လူငယ်အချို့ စိတ်ဝင်စားတဲ့ ဝါသနာတစ်ခုကတော့ ဘလော့ဂါ (Blogger) တစ်ဦးဖြစ်လာဖို့ စိတ်ကူးယဉ်ရာမှ ကြိုးပမ်းအားထုတ်လာကြပါတယ်။ လူငယ်တွေထဲမှာ ရေပန်းအစားဆုံးအကြောင်းအရာတွေကတော့ ဖက်ရှင်၊ သတင်းဖော်ပြမှု၊ ဗီဒီယိုထုတ်လုပ်ရေးနဲ့ မိတ်ကပ်လိမ်းခြယ်မှုတို့ ဖြစ်ပါတယ်။

တချို့လူငယ် မိန်းကလေးတွေက စက်ချုပ်ခြင်းနဲ့ သိုးမွှေးထိုးခြင်းကို ဝါသနာပါကြတယ်။ လက်လုပ်ထူးခြားတဲ့ပစ္စည်းတွေကို အရွယ်အစားမျိုးစုံနဲ့ လူငယ်တွေ ဖန်တီးလာကြတယ်။ တချို့အမျိုးသမီးလူငယ်တွေက ဒီဇိုင်နာလက်ဝတ်ရတနာတွေနဲ့ အဝတ်အစားတွေအပေါ် အလှဆင်ခြင်းဝါသနာကို နှစ်သက်ကြပါတယ်။

**အားကစားဝါသနာ**

အထက်တန်းကျောင်းသားဘဝမှာ အားကစားကို လူငယ်တွေ ပိုမိုဝါသနာပါကြတယ်။ ဘောလုံးကစားခြင်းဟာ ယောကျ်ားလေးတွေအကြားမှာ ပိုမိုရေပန်းစားလာကြတယ်။ မိန်းကလေး တချို့ကတော့ တင်းနစ်နဲ့ ရေကူးကို ပိုမိုနှစ်သက်ကြတယ်။ လူငယ်တွေက ခေတ်သစ် Idol တွေကို စိတ်ဝင်စားလာကြတယ်။ ခေတ်သစ် Idol အများစုဟာ ကျန်းမာတဲ့ လူနေမှုပုံစံကို ဦးဆောင်လမ်းညွှန်ပြတယ်။ ကိုယ်ကာယကျန်းမာရေးအတွက် အားကစားကသာ မြှင့်တင်ပေးနိုင်ကြောင်း လူငယ်တွေ သိလာကြတယ်။ ဒီနေ့ခေတ်မှာ Gym ကစားတဲ့ လူငယ်အမျိုးသား အမျိုးသမီးတွေ ပိုမိုများပြားလာတယ်။ ကျန်းမာရေးလိုက်စားရင်း မိမိတို့ရဲ့ ကိုယ်ကာယအလှအပကို ထိန်းသိမ်းဖော်ဆောင်လာကြတာ တွေ့ရတယ်။ ကျောင်းတွေဟာ လူငယ်တွေကို အားကစားစိတ်ဓာတ်မြင့်မားလာအောင် ပျိုးထောင်ပေးလာကြတယ်။ လူငယ်တွေဟာ အားကစားလိုက်စားရင်း ကိုယ်ကာယကြံ့ခိုင်သင်တန်းတွေ (Fitness classes) တက်ရောက်လေ့ကျင့်လာကြတယ်။ လူငယ်တွေဟာ မိမိတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာအခြေအနေ တိုးတက်လာစေဖို့ ကြံ့ခိုင်ရေးသင်တန်းတွေကို စိတ်ဝင်စားလာကြတယ်။ ဒါဟာလည်း အားကစားနဲ့ပတ်သက်တဲ့ ဝါသနာပဲဖြစ်ပါတယ်။

လူငယ်တွေဟာ စွန့်စားတတ်ကြတယ်။ စွန့်စားလိုကြတယ်။ အဲဒါကြောင့် တောင်တက်ခြင်းကို နှစ်သက်လာကြတယ်။ တောင်တက်ခြင်းဝါသနာကြောင့် လူငယ်တွေ အသင်းအဖွဲ့ဖြင့် စုပေါင်းဆောင်ရွက်မှု၊ စွန့်စားလိုမှု၊ ဇွဲ၊ သတ္တိ၊ လုံ့လဝီရိယနဲ့ အခက်အခဲတွေကို ကျော်လွှားလိုစိတ်တို့ တက်လာကြတယ်။ တောင်တက်ခြင်းဖြင့် လူငယ်တွေဟာ သာယာလှပတဲ့ ရှုခင်းအလှတွေ ခံစားရင်း ဒေသန္တရဗဟုသုတတွေ ရရှိခဲ့ကြတယ်။ အားလပ်ရက်မှာ စိတ်ဝင်စားစရာအကောင်းဆုံးနဲ့ ပျော်စရာအကောင်းဆုံးလှုပ်ရှားမှုအနေနဲ့ တောင်တက်ခြင်းဝါသနာကို ခုံမင်နှစ်သက်လာကြတယ်။

ယနေ့ခေတ်မှာ Passage of quest rooms ကစားနည်းကို အားကစားတစ်မျိုးအဖြစ် လူငယ်တွေ နှစ်သက်လာကြပါတယ်။ ဒီအားကစားနည်းကတော့ တိုက်ခန်းတွေမှာ ခေတ်မီအထိုင်များတဲ့ လူနေမှုပုံစံကို ထည့်သွင်းစဉ်းစားပြီး စူးစမ်းခန်းတွေကို လည်ပတ်ခြင်းဖြစ်ပါတယ်။ လူငယ်တွေဟာ အများအားဖြင့် Quest Rooms တွေကို လူများစွာနဲ့ အုပ်စုဖွဲ့ကျင်းပလေ့ရှိကြပါတယ်။ သူတို့သွားရာလမ်းတစ်လျှောက်မှာ အလုပ်အမျိုးမျိုးကို ပြီးမြောက်စေပြီး သဲလွန်စရှာဖွေဖို့ အခန်းတွေကို ဖြတ်သန်းရပါတယ်။ အရသာအမျိုးမျိုး ခံစားနိုင်ဖို့ Quest Rooms အမျိုးမျိုးရှိပါတယ်။

**အခြားရွေးချယ်စရာ ဝါသနာများ**

ခေတ်သစ်လူငယ်တွေ နောက်ထပ်စိတ်ဝင်စားတဲ့ ဝါသနာတစ်မျိုးကတော့ စေတနာ့ဝန်ထမ်းလုပ်အားပေးခြင်းဖြစ်ပါတယ်။ လူမှုရေးလုပ်ငန်းတွေမှာ စေတနာ့ဝန်ထမ်းပါဝင်လှုပ်ရှားကြခြင်းဖြင့် စာနာစိတ်၊ နားလည်မှု၊ လူမှုဆက်ဆံရေးအသိပညာများ တိုးတက်လာခဲ့ကြပါတယ်။ ရေပန်းစားတဲ့ ဝါသနာတစ်ခုကလည်း သွေးလှူဒါန်းခြင်းဖြစ်ပါတယ်။

ယနေ့ခေတ် လူငယ်တွေဟာ ကွန်ပျူတာကို ကောင်းစွာအသုံးချနိုင်တဲ့ နည်းပညာဆိုင်ရာစွမ်းရည်တွေ ရှိကြပါတယ်။ ဒါကြောင့် လူငယ်အချို့ဟာ Programming နည်းပညာကို အသုံးချပြီး ပရိုဂရမ်မာတွေ ဖြစ်လာဖို့ ကြိုးစားလာကြပါတယ်။

လူငယ်တွေ ရွေးချယ်ကြတဲ့ အခြားဝါသနာတစ်ခုကတော့ ခရီးသွားခြင်းဖြစ်ပါတယ်။ ယနေ့ခေတ်လူငယ်အများစုဟာ ခရီးသွားခြင်းကို နှစ်သက်ကြပြီး ခရီးစဉ်တစ်လျှောက် မိမိတို့ရိုက်ခဲ့တဲ့ ဓာတ်ပုံတွေကို မျှဝေရတာ ပျော်ရွှင်ကြပါတယ်။ လူငယ်တွေဟာ ဒေသန္တရဗဟုသုတရှာဖွေရင်း မိမိတို့မရောက်ဖူးတဲ့ ပြည်တွင်း၊ ပြည်ပခရီးစဉ်တွေကို သွားကြလေ့ရှိပါတယ်။

လူငယ်တွေ ဂိမ်းကစားခြင်းကိုလည်း ဝါသနာပါကြပါတယ်။ အွန်လိုင်းပေါ်ကဂိမ်းတွေ ကစားကြတယ်။ မိမိတို့ဖုန်းတွေထဲမှာ ဂိမ်းကစားနည်းတွေထည့်ပြီး အပျင်းပြေကစားလေ့ရှိကြပါတယ်။

ဝါသနာတွေထဲမှာ လူငယ်တွေ နှစ်ခြိုက်တဲ့ ဝါသနာကတော့ စာဖတ်ခြင်းဖြစ်ပါတယ်။ အချို့လူငယ်တွေဟာ စာအုပ်တွေဖတ်ခြင်းက ရရှိတဲ့ အသိပညာတွေကို မျှဝေကြတယ်။ အဖွဲ့တွေနဲ့ ဆွေးနွေးကြတယ်။ စာဖတ်ခြင်းမှရရှိတဲ့ အကျိုးကျေးဇူးတွေကြောင့် လူငယ်တွေရဲ့ အသိပညာဗဟုသုတတွေ မြင့်တက်လာတယ်။ သုတရသစာပေတွေရဲ့ အကျိုးကျေးဇူးတွေကို သိမြင်ခံစားလာကြပါတယ်။

တကယ်တော့ ဝါသနာဆိုတာ မိမိရဲ့အားလပ်ချိန်တွေမှာ စိတ်ပျော်ရွှင်မှု ဒါမှမဟုတ် စိတ်ကျေနပ်မှုကို ရရှိစေဖို့ လုပ်ဆောင်တဲ့အရာဖြစ်ပါတယ်။ လူငယ်တစ်ဦးနဲ့တစ်ဦး ဝါသနာပါမှုအမျိုးအစားကွဲပြားနိုင်ပါတယ်။ ပန်းချီဆွဲခြင်း၊ သီချင်းဆိုခြင်း ဝါသနာပါသူ ရှိသလို တံဆိပ်ခေါင်းများ စုဆောင်းခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်း ဝါသနာပါသူလည်း ရှိနိုင်ပါတယ်။ မိမိဝါသနာပါရာကို ပြုလုပ်ခြင်းဟာ စိတ်ဖိစီးမှုကို ပြေလျော့စေတဲ့ နည်းလမ်းကောင်းတစ်ခုဖြစ်ပါတယ်။ လူငယ်တွေဟာ မိမိတို့ရဲ့ ဝါသနာကနေ ကျွမ်းကျင်သူတွေဖြစ်လာဖို့ ကြိုးစားလာကြပါတယ်။ လူငယ်တွေအနေနဲ့ ကာယပိုင်းဆိုင်ရာ ဝါသနာ (ဥပမာ– အားကစား) အပြင် စိတ်ပိုင်းဆိုင်ရာ ဝါသနာ (ဥပမာ– စာရေး၊ စာဖတ်ခြင်း) များကို ပျိုးထောင်ခြင်းဖြင့် မှတ်ဉာဏ်တိုးတက်လာမှာဖြစ်ပါတယ်။ အာရုံစူးစိုက်မှု ရှိလာမှာဖြစ်ပါတယ်။ ပြဿနာဖြေရှင်းနိုင်မှုစွမ်းရည် တိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့ မိမိနှစ်သက်ရာဝါသနာတွေကို ပြုစုပျိုးထောင်ရင်း မိမိတို့အနာဂတ်အတွက် အသက်မွေးဝမ်းကျောင်းအလုပ်နဲ့ ထပ်တူကျအောင် ပုံဖော်သင့်ကြောင်း တင်ပြလိုက်ပါတယ်။ ။





# ၂၀၂၃ ခုနှစ် တစ်နှစ်တာကာလအတွင်း YBS ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၂၈ ဦးရှိခဲ့

**ရန်ကုန် ဇန်နဝါရီ ၁**

၂၀၂၃ ခုနှစ် တစ်နှစ်တာကာလအတွင်း YBS ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၂၈ ဦး ရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) ထံမှ သိရသည်။

**ဒဏ်ရာရရှိသူ ၁၀၂ ဦး ရှိခဲ့ပြီး သေဆုံးသူ ၂၈ ဦးရှိခဲ့**

ဇန်နဝါရီလမှ ဒီဇင်ဘာလ ၂၁ ရက်အထိ ယာဉ်မတော်တဆမှု ၇၀ ရှိခဲ့သည့်အနက် ယာဉ်တိုက်မှုမှာ ၆၃ မှုဖြင့် အများဆုံးဖြစ်ခဲ့ပြီး အခြားအမှု ခုနစ်ခုသာရှိခဲ့ကာ ယင်းဖြစ်စဉ်များကြောင့် ဒဏ်ရာရရှိသူ ၁၀၂ ဦးရှိခဲ့ပြီး သေဆုံးသူ ၂၈ ဦးရှိခဲ့ကြောင်း YRTC ရှိ စာရင်းအချက်အလက်များအရ သိရသည်။

လအလိုက် ယာဉ်မတော်တဆမှု၊ သေဆုံးသူ ဦးရေနှင့် ဒဏ်ရာရရှိသူဦးရေမှာ ဇန်နဝါရီလအတွင်း ယာဉ်တိုက်မှု ငါးမှုရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၁၁ ဦးနှင့် သေဆုံးသူ တစ်ဦး၊ ဖေဖော်ဝါရီလအတွင်း ယာဉ်တိုက်မှု ခြောက်မှုအပါအဝင် အမှု ရှစ်မှုရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၁၂ ဦးနှင့် သေဆုံးသူ တစ်ဦး၊ မတ်လတွင် ယာဉ်တိုက်မှု ခြောက်မှုရှိခဲ့၍ ဒဏ်ရာရရှိသူ နှစ်ဦးနှင့် သေဆုံးသူ သုံးဦး၊ ဧပြီလတွင် ယာဉ်တိုက်မှု ငါးမှုအပါအဝင် အမှု ခြောက်မှုရှိခဲ့၍ ဒဏ်ရာရရှိသူ ၁၇ ဦးနှင့် သေဆုံးသူ နှစ်ဦး၊ မေလတွင် ယာဉ်တိုက်မှု ၁၁ မှုရှိခဲ့ပြီး ဒဏ်ရာရရှိသူ ၁၃ ဦးရှိကာ သေဆုံးသူ ခုနစ်ဦး၊ ဇွန်လတွင် ယာဉ်တိုက် မှု ငါးမှုရှိခဲ့ပြီး ဒဏ်ရာရရှိသူ ငါးဦးရှိကာ သေဆုံးသူ တစ်ဦးရှိခဲ့ကြောင်း သိရသည်။

ထို့အတူ ဇူလိုင်လတွင် ယာဉ်တိုက်မှု သုံးမှု ရှိခဲ့၍ သေဆုံးသူ တစ်ဦး၊ ဩဂုတ်လတွင် ယာဉ်တိုက်မှု ငါးမှုအပါအဝင် အမှု ခြောက်မှုရှိခဲ့၍ ဒဏ်ရာရရှိသူ ၁၇ ဦးနှင့် သေဆုံးသူ ငါးဦး၊ စက်တင်ဘာလတွင် ယာဉ်တိုက်မှု သုံးမှုအပါအဝင် အမှု ခြောက်မှုရှိခဲ့၍ ဒဏ်ရာရရှိသူ ငါးဦးနှင့် သေဆုံးသူ နှစ်ဦး၊ အောက်တိုဘာလတွင် ယာဉ်တိုက်မှု ၁၀ မှုရှိခဲ့၍ ဒဏ်ရာရရှိသူ ၁၈ ဦးနှင့် သေဆုံးသူ သုံးဦး၊ ဒီဇင်ဘာ ၂၁ ရက်အထိ ယာဉ်တိုက်မှု လေးမှုကြောင့် ဒဏ်ရာရရှိသူ နှစ်ဦးနှင့် သေဆုံးသူ နှစ်ဦးရှိခဲ့ကြောင်း သိရသည်။

"YBS ယာဉ်လိုင်းတချို့ မဆင်မခြင်မောင်းနှင်တာတွေကြောင့် ခရီးသည်တွေ သေဆုံးတာ၊ လမ်း ဖြတ်ကူးတဲ့သူတွေ သေဆုံးတာမျိုးရှိတယ်။ ဒီလိုဖြစ်ရင် ယာဉ်မောင်းကို YRTC က ထုတ်ပေးထားတဲ့ YBS ယာဉ်မောင်းနှင်ခွင့်ကတ် ပြန်သိမ်းပြီး ယာဉ်လိုင်းက ရာသက်ပန်ထုတ်ပယ် တယ်။ ကျန်တာတော့ ဥပဒေအရ ဆက်သွားပေါ့" ဟု YRTC မှ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

**MT**




# လှည်းကူးမြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်း ဖွင့်လှစ်

**လှည်းကူး ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက မင်းကုန်းကျေးရွာအုပ်စု ဝါးယားကုန်းကျေးရွာရှိ အဆိုပါလမ်း မုခ်ဦးရှေ့၌ ကျင်းပသည်။



ဦးစွာ လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကွန်ကရစ်လမ်းသစ်ကို အင်းတိုင်တပ်နယ် တပ်နယ်မှူး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နန်းထက်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းကွန်ကရစ်လမ်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး(VDP)စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လမ်းအရှည် ပေ ၆၄၀၊ အကျယ် ၁၀ ပေနှင့် ဒု ခြောက်လက်မရှိ ကွန်ကရစ်လမ်း ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာလူထု လူမှုစီးပွားဘဝဖွံ့ဖြိုးရန်အတွက် အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**


**ပျောက်ဆုံးကြောင်း**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ခြောက်ပင်ကျေးရွာ၊ ခြောက်ပင်အုပ်စုနေ (ဘ) ဦးဂျိုးဇက်၏သား မောင်မောင်တာ [၈/ကမန(နိုင်)၀၅၉၉၆၇]၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၆၀၅၀၈၄၁**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၄၉)၊ ပဒုမ္မာ (၄)လမ်း၊ မြေကွက်အမှတ်(၅၅၁)၊ အကျယ်အဝန်း (၄၁x၆၀)ပေရှိ ဦးတင်ရွှေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ရွှေ (TKA-၀၀၃၆၄၂)မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၅၈)**
**အမှတ် (၁၃၂၇/က)၊ အေးရိပ်သာ (၇)လမ်း၊ (၄၃) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၅၀၀၆၅၂၇၃**


**☆ ကျောဖုံးမှ**

ဆာမွတ်ပရာကန်အသင်းသည် စည်သူအောင်၏ အပြောင်းအရွှေ့ကို ဇန်နဝါရီ ၁ ရက်က တရားဝင်သတင်းထုတ်ပြန်ခဲ့ပြီး ကျောနံပါတ်-၇၇ ဝတ်ဆင်ကစားမည်ဖြစ်သည်။ စည်သူအောင်သည် ၂၀၁၉ ခုနှစ်တွင် ပထမဆုံးပြည်ပထွက်ကစားခဲ့သော်လည်း တစ်ရာသီသာ ကစားပြီးနောက် ပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာကာ ၂၀၂၂ နှစ်ကုန်ပိုင်းအထိ ပြည်တွင်းကလပ်များတွင် ကစားပြီးနောက် ၂၀၂၃ ခုနှစ်တွင် ပြည်ပထွက် ကစားခြင်းဖြစ်သည်။ စည်သူအောင်သည် လေးသင်းမြောက် ပြည်ပကလပ်အဖြစ် ဆာမွတ်ပရာကန်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး ယခင်က ထိုင်းလိဂ်-၁ ကလပ် ချောင်ဘူရီအသင်း၊ ထိုင်းလိဂ်-၂ကလပ်အယုဒ္ဓယယူနိုက်တက်အသင်းနှင့် ချိုင်းနတ်အသင်းတို့တွင် ကစားခဲ့ခြင်းဖြစ်သည်။

စည်သူအောင်သည် မြန်မာလူငယ်လက်ရွေးစင်အသင်းများနှင့် လက်ရွေးစင်အသင်းများတွင် ကာလအတန်ကြာ ပါဝင်ကစားခဲ့ပြီး ၂၀၁၅ စင်ကာပူဆီးဂိမ်းပြိုင်ပွဲ ငွေတံဆိပ်ဆုရ မြန်မာယူ-၂၃ အသင်းတွင် အထူးခြေစွမ်းပြကစားခဲ့သူဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - Samutprakan City**

**❒ ပရီမီယာလိဂ်မှ**

စပါးအသင်းဟာ ဘုန်းမောက်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၂၀)အပြီးမှာ ၁၂ ပွဲနိုင်၊ သုံးပွဲ သရေ၊ ငါးပွဲရှုံး ရမှတ် ၃၉ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၅)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပြီး ဘုန်းမောက်အသင်းကတော့ စပါးအသင်းကို ရှုံးနိမ့်ခဲ့လို့ ရမှတ် ၂၅ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၂) နေရာနဲ့ပဲ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။

**ပြန်လည်ဦးဆောင်ခွင့်နဲ့လွဲခဲ့ရ**

ဖူလ်ဟမ်အသင်းနဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်မှာတော့ အိမ်ကွင်းမှာ ဧည့်ခံကစားခဲ့ရတဲ့ ဖူလ်ဟမ်အသင်းက အာဆင်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အာဆင်နယ်အသင်းအနေနဲ့ အမှတ်ပေးဇယားထိပ်ဆုံးကို ပြန်လည်ဦးဆောင်ခွင့်နဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

**ငွေကြယ်**





**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ကံဘဲ့ဘုတာရုံလမ်း၊ အမှတ် (၂၈)၊ kanbae Tower၊ Tower(A)၊ အခန်းအမှတ် (၀၁)၊ (၈)လွှာ၊ ဧရိယာ (၉၅၂.၀၇) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ GOLDEN THITSAR Co.,Ltd ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းလင်းဦး [၁၂/ကတန(နိုင်)၀၉၁၀၁၉]၊ ဒေါ်ပြည့်ပြည့်ငြိမ်း [၁၂/ကတန(နိုင်)၁၂၈၉၅၁]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင် စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B)** | **ဒေါ်ယုဇနိုက်(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း- ၀၉-၈၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**


**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

### (၅၈)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် ဇန်နဝါရီ လ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

**အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု**

ဆ - ၄၂၈၀၈၈

ကံထူးရှင်(၁)ဦး

**အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု**

ဂ - ၂၁၀၃၁၀

ကံထူးရှင်(၁)ဦး

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု**

စ - ၈၄၃၃၄၇

ကံထူးရှင်(၁)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ**

ဂ - ၂၃၄၄၈၂ ဈ - ၅၇၇၇၅၅
ဃ - ၃၃၈၆၉၉ ဆ - ၉၆၄၃၃၅
ဇ - ၃၉၄၆၇၇

ကံထူးရှင်(၅)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ**

ဆ - ၁၇၇၉၅၈ က - ၃၈၂၀၆၂
က - ၃၄၁၃၂၇ က - ၄၇၇၉၁၁
က - ၃၇၆၉၁၀ င - ၉၄၀၉၁၁

ကံထူးရှင်(၆)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ**

ခ - ၃၅၀၅၇၆ စ - ၇၇၄၉၆၉ ဆ - ၈၇၁၄၀၉
ဂ - ၃၈၃၁၅၉ ခ - ၈၀၄၄၂၆ ဆ - ၉၂၁၁၃၉
ဂ - ၄၇၄၄၄၂ ဇ - ၈၅၆၇၁၂ ဇ - ၉၄၃၆၁၄
စ - ၇၃၀၂၁၀

ကံထူးရှင်(၁၀)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ**

စ - ၁၂၅၁၈၉ ဇ - ၄၅၉၆၂၀
ဆ - ၁၆၅၃၁၉ ဂ - ၆၁၅၆၀၅
ဃ - ၁၈၉၄၈၄ ဈ - ၆၉၀၅၂၅
င - ၁၉၅၅၁၃ ဆ - ၆၉၃၃၈၁
စ - ၂၂၂၀၄၇ ဃ - ၇၅၉၂၂၃
က - ၃၀၈၇၃၉ ဂ - ၉၁၃၈၂၇

ကံထူးရှင်(၁၂)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ**

င - ၁၀၂၉၄၁ ဂ - ၂၃၄၁၃၈ ဆ - ၃၉၅၂၇၀
ဂ - ၁၁၁၈၈၁ ဃ - ၂၄၆၀၈၇ ဇ - ၅၈၃၃၁၈
င - ၁၄၆၉၈၀ စ - ၂၉၆၁၉၀ ဈ - ၆၉၆၈၂၇
ဈ - ၁၈၄၁၉၇ ဆ - ၃၄၅၅၉၆ က - ၇၁၁၈၉၉
ဈ - ၂၀၄၃၇၁ င - ၃၆၆၇၂၄ ဈ - ၉၄၈၇၅၇
စ - ၂၂၉၁၉၈

ကံထူးရှင်(၁၆)ဦး

**ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ**

ဇ - ၄၁၉၉၇၅ ဆ - ၆၉၇၆၄၁
ဃ - ၄၆၃၂၈၅ က - ၇၂၇၂၉၅
ဃ - ၄၇၅၆၈၅ ဇ - ၇၂၇၈၄၃
ဆ - ၅၆၇၇၉၄ ခ - ၇၃၀၆၃၁
င - ၅၉၆၄၆၂ ဂ - ၈၀၉၈၅၁
င - ၆၄၁၀၂၁ ဇ - ၉၀၆၉၁၀
ဆ - ၆၆၅၁၀၄ ခ - ၉၄၀၈၁၇

ကံထူးရှင်(၁၄)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်**

စ - ၁၃၅၆၅
ဈ - ၃၀၉၆၆
ခ - ၆၈၄၅၀

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်**

ဃ - ၁၃၁၀
ဇ - ၁၅၅၃
ဈ - ၉၀၁၂

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၂၃)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၈)ယူနစ်**

ဈ - ၂၀၇ ခ - ၅၁၃ င - ၇၈၄
ဇ - ၃၆၉ က - ၆၂၆ င - ၇၈၅
ဆ - ၄၃၅ ဃ - ၆၈၈

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၅၉၇၇)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၃)ယူနစ်**

ဃ - ၂၅ ဇ - ၂၈ ခ - ၆၉

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၂၂၅၇၅)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်**

ဈ - ၈

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၇၄၉၇၅)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

**ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ**

ဃ - ၁၈၆၅၂၇ ဈ - ၅၈၀၁၅၇ ခ - ၆၉၇၂၂၁ င - ၇၆၆၁၈၂ ဆ - ၉၅၅၀၉၉
ဇ - ၂၃၆၃၄၂ က - ၆၅၃၇၇၅ ဃ - ၇၄၉၈၂၇ ဆ - ၈၈၇၄၉၅ င - ၉၈၆၂၂၆

ကံထူးရှင်(၁၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၄)ယူနစ်**

ဈ - ၁၅၃၇၂ ဂ - ၆၁၆၉၆ ဂ - ၆၁၈၈၂ ဈ - ၈၅၅၁၂

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၄၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၁)ယူနစ်**

ဇ - ၆၆၄၁

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်**

ဂ - ၂၉၅ က - ၆၅၈

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၆၀၄)ဦး

၁။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ (၁)ရက်နေ့တွင် ကျင်းပသည့် (၅၈)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ(၁၀၅၆၀၀)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင်(၁၀၅၆၀၀)ဦး ဖြစ်ပါသည်။

၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၅၉)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၉)လုံးဖြစ်ပြီး ၎င်းအနက်မှ ၇၅% ဖြစ်သော ထီလက်မှတ်အုပ်ရေ ( ၅၅၂၂၇၆ )အုပ်ဖြစ်ပါသည်။

၄။ (၅၈)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂- ၁-၂၀၂၄)ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို (၁၅-၁ -၂၀၂၄) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာ ဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## မုံရွာစီးပွားရေးတက္ကသိုလ် မဟာဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မုံရွာစီးပွားရေးတက္ကသိုလ်က ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်-

(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MBA) သင်တန်း

(ခ) ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MPA) သင်တန်း

(ဂ) ဈေးကွက်စီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MMM) သင်တန်း

(ဃ) အသုံးချစာရင်းအင်းပညာမဟာဘွဲ့ (MAS) သင်တန်း

၂။ အဆိုပါမဟာဘွဲ့ သင်တန်းအတွက် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူ မဖြစ်စေရ။

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းသို့ တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာပါရှိရမည်။

(ဃ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ပြီး Zoom Application အား ကောင်းစွာ အသုံးပြုနိုင်သူဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော လျှောက်လွှာပုံစံများကို မုံရွာစီးပွားရေးတက္ကသိုလ် သင်တန်းရေးရာဌာန၏ (Facebook Page) မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ (သို့မဟုတ်) မိမိလျှောက်ထားလိုသည့် သင်တန်း၏ အွန်လိုင်းမှဖြစ်စေ ၅-၁-၂၀၂၄ ရက်မှ စတင်ရယူနိုင်ပါသည်။

၄။ လျှောက်လွှာပုံစံနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ၏ Original scan copy (မူရင်းကို scan ဖတ်ထားသောမိတ္တူ)ကို သက်ဆိုင်ရာ ပရိုဂရမ် အသီးသီး၏ အီးမေးလ်လိပ်စာသို့ အွန်လိုင်းမှ ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ ၂၉-၂-၂၀၂၄ ရက် နောက်ဆုံးထား၍ ပေးပို့ရပါမည်-

(က) ဘွဲ့လက်မှတ်(သို့)ယာယီဘွဲ့ ထောက်ခံစာ

(ခ) တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်

(ဂ) နိုင်ငံသားစိစစ်ရေးကတ်

(ဃ) ပညာအရည်အချင်းထောက်ခံချက်နှင့် လုပ်ငန်းအတွေ့အကြုံ လုပ်ဆောင်ချက်

(င) ပတ်စ်ပို့ဓာတ်ပုံ (၃)ပုံ

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၀-၃-၂၀၂၄ ရက် (တနင်္ဂနွေနေ့)တွင် အွန်လိုင်းမှ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်စာရင်းနှင့် လူတွေ့အချိန်စာရင်းကို ၁၄-၃-၂၀၂၄ တွင် ထုတ်ပြန်ပါမည်။

၆။ သင်တန်းတက်ရောက်မှု အချိန်စာရင်းမှာ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့ (နံနက် ၈:၀၀ နာရီမှ ညနေ ၅:၀၀ နာရီ) အထိဖြစ်ပြီး သင်တန်းကာလမှာ (၂) နှစ် ဖြစ်ပါသည်။

၇။ **ဆက်သွယ်ရန်ဖုန်းနံပါတ် နှင့် အီးမေးလ်များ** - MBA-09-755513126,09-941797918
mgtstudies.mue@gmail.com
MPA-09-785455081,09-400569681
mueeconomics2022@gmail.com
MMM-09-895390138,mmm.mue.commerce@gmail.com
MAS-09-770121116,
stats.muemas@gmail.com

၈။ **အသေးစိတ်သိရှိလိုပါက** - မုံရွာစီးပွားရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန
ph-09-400413081,09-259144740,
mueacademicaffair@gmail.com

၉။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**မုံရွာစီးပွားရေးတက္ကသိုလ်**

## သက်ဆိုင်သူများနှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်(၄)ရပ်ကွက်၊ ဥဇ္ဇနာ(၉)လမ်း၊ အမှတ် (၂၃၂/က) နေ ဒေါ်ကြည်ကြည်ဝင်း [၁၂/ဥကမ(နိုင်)၁၅၁၉၈၃] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

ဦးဆွေဝင်း [၁၂/ဥကမ(နိုင်)၁၂၃၃၃၉] နှင့် ဒေါ်ခင်ပြုံးကြည် [၁၂/ဥကမ(နိုင်)၁၃၉၇၁၅]တို့ ဇနီးမောင်နှံနှစ်ဦးပူးတွဲပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၂၃၂/က၊ ဧရိယာ (၂၀ x ၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ ခြေရင်းဘက်အခြမ်း (၁၀' x ၆၀')ရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူပိုင်ဆိုင်ပြီး လက်ဝယ်ထားရှိနေထိုင်အကျိုးခံစားလျက်ရှိပါသည်။ ဦးဆွေဝင်းနှင့် ဒေါ်ခင်ပြုံးကြည်တို့က ၎င်းတို့ပိုင်ဆိုင်သည့်(၁၀' x ၆၀') နှင့် ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သည့်(၁၀' x ၆၀')တို့အပေါ်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ရန်အတွက် ကန်ထရိုက်တာနှင့် သဘောတူစာချုပ်ချုပ်ဆိုထား ကြောင်း သိရပါသည်။ အဆိုပါသဘောတူစာချုပ်သည် ကျွန်ုပ်မိတ်ဆွေ၏ သဘောတူညီချက်၊ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ချုပ်ဆိုဆောင်ရွက်ထားခြင်းဖြစ်၍ ကန်ထရိုက်တိုက်ဆောက်လုပ်မည့်ကိစ္စကို ကန့်ကွက်ကြောင်း၊ ဆက်လက်ဆောင်ရွက်ခြင်းမပြုရန်တားမြစ်ကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။

ထို့ပြင် ကျွန်ုပ်မိတ်ဆွေသဘောတူညီချက်၊ ခွင့်ပြုချက်မရရှိဘဲ ကျွန်ုပ်မိတ်ဆွေ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသည့် မြေကွက်အစိတ်အပိုင်းအား မည်သည့်နည်းလမ်းဖြင့်မဆို လွှဲပြောင်းခြင်း၊ စီမံခန့်ခွဲခြင်းမပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဖြိုးဝေ(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၄၉၇၁)**
**အမှတ်-၂၉၊ (တတိယထပ်)၊ (၃၅)လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၄၄၅၁၇၅၂**

## မုံရွာစီးပွားရေးတက္ကသိုလ် ဘွဲ့လွန်ဒီပလိုမာသင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မုံရွာစီးပွားရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၏ အစီအစဉ်ဖြင့် အောက်ပါသင်တန်းတို့ကို Online ဖြင့် ဖွင့်လှစ်မည် ဖြစ်ပါသည်-

| စဉ် | သင်တန်းအမျိုးအစား | သင်တန်းကာလ |
|---|---|---|
| (က) | Diploma in Development Studies (Dip.DS) | (၉ လသင်တန်း) |
| (ခ) | Diploma in Business Studies (DBS) | (၉ လသင်တန်း) |
| (ဂ) | Post Graduate Diploma in Research Studies (PGDRS) | (၉ လသင်တန်း) |

၂။ သင်တန်းနှင့်သက်ဆိုင်သော လျှောက်လွှာပုံစံများကို မုံရွာစီးပွားရေးတက္ကသိုလ် သင်တန်းရေးရာဌာန၏ (Facebook Page)နှင့် သက်ဆိုင်ရာတာဝန်ခံဌာနများတွင် Online (သို့မဟုတ်) လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ၅-၁-၂၀၂၄ ရက်မှ စတင်၍ ရယူနိုင်ပါသည်။

၃။ သင်တန်းအသီးသီးအတွက် လျှောက်ထားသူများသည် အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူများ ဖြစ်ရမည်။

၄။ **လျှောက်လွှာစတင်လက်ခံမည့်ရက်** - ၅-၁-၂၀၂၄ (သောကြာနေ့)

၅။ **လျှောက်လွှာပိတ်မည့်ရက်** - ၃၁-၃-၂၀၂၄ (တနင်္ဂနွေနေ့)

၆။ **သင်တန်းစတင်မည့်ရက်** - ၁-၄-၂၀၂၄ (တနင်္လာနေ့)

**(သင်တန်းအားလုံးအတွက်)**

၇။ သင်တန်းအချိန်-သင်တန်းအားလုံးကို အပတ်စဉ် တနင်္လာနေ့မှသောကြာနေ့အထိ (ညနေ၆:၀၀မှ၈:၀၀နာရီ)အထိ Zoom Application ဖြင့် သင်ကြားမည် ဖြစ်ပါသည်။

၈။ လျှောက်လွှာနှင့် အတူ အောက်ပါစာရွက်စာတမ်းများကို Original scan copy (မူရင်းကို Scan ဖတ်ထားသောမိတ္တူ)ကို Online (သို့မဟုတ်) လူကိုယ်တိုင်ဖြင့် သက်ဆိုင်ရာ တာဝန်ခံဌာနများသို့ ပေးပို့ရပါမည် -

(က) ဘွဲ့လက်မှတ်(သို့) ယာယီဘွဲ့ ထောက်ခံစာ

(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်

(ဂ) နိုင်ငံသားစိစစ်ရေးကတ်

(ဃ) ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ

၉။ **ဆက်သွယ်ရန်ဖုန်းနံပါတ် နှင့် email** - Dip.DS-09-754598281,
09-662778775,
appeco22@gmail.com
DBS-09-422112470,
commerce.dbs5.mue@gmail.com
PGDRS-09-404035886,
stats.muepgdrs@gmail.com

၁၀။ **အသေးစိတ်သိရှိလိုပါက** - မုံရွာစီးပွားရေး တက္ကသိုလ်၊ သင်တန်းရေးရာ ဌာန
09-400413081,
09-259144740,
mueacademicaffair@gmail.com

၁၁။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**မုံရွာစီးပွားရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)၊ မြေတိုင်းရပ်ကွက်(၅၀)၊ မြေကွက်အမှတ်(၉၀၇/က)၊ (၅၀)ရပ်ကွက်၊ ငုဝါလမ်း၊ အိမ်အမှတ်(၉၀၇/က)ဟုခေါ်တွင်သော ဦးသန်းမြင့်(ဘ)ဦးဝင်းရွှေ U/RGN- ၀၁၁၀၈၄၂ [၁၂/လမန(နိုင်)၀၄၄၂၀၀] အမည်ပေါက်(၂၀ x ၆၀) ပေ၊ ဧရိယာ (၀.၀၂၇၅) ဧက၊ စတုရန်းပေ (၁၂၀၀) ကျယ်ဝန်းသည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ဆောက်လုပ်ထားသော တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိအမည်ပေါက်အဖြစ် တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန်းမြင့်(ဘ)ဦးဝင်းရွှေ U/RGN-၀၁၁၀၈၄၂ [၁၂/လမန(နိုင်)၀၄၄၂၀၀] မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးခန့်ခန့်လှိုင် (LL.B,HGP) အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)**
**အမှတ် (၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ခိုင်ထွန်းအောင် [၈/တတက(နိုင်)၂၀၅၆၄၁] ၏ နိုင်ငံကူးလက်မှတ်အမှတ် MD741960 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-764395969**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်၊ လ-၁၀၊ ဦးပိုင်အမှတ် (၁)/၆၅ လမ်း x မြဝတီမင်းကြီးလမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကံထူး [၈/ပခက(နိုင်)၀၆၆၁၈၉] ၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၀၆၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းမင်းသန့် [၅/တဆန(နိုင်)၀၄၁၈၉၆] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်၊ အ-၁၈၊ ဦးပိုင်အမှတ် (၄၁)ခဲစင်းတောင်ဘက် ခြမ်း/၇၂.C၊ ၁၁၉x၁၂၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ချိုချို [၉/မရတ(နိုင်)၀၉၀၀၄၁] ၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၁၈၃/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်သက်အောင် [၉/ပကခ(နိုင်)၀၂၀၃၅၀] က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ဆဆ-၇၊ဦးပိုင်အမှတ် (၂၉/က)/၅၆ A လမ်း၊ ၁၀၆ x၁၀၇ လမ်းကြားရှိ ဦးကြည်အမည်ပေါက်တောဂရန်မြေကွက်အား ဖခင်ဦးကြည်၊ မိခင် ဒေါ်သန်းရှိန်တို့ကွယ်လွန်၍ ကျန်ရစ်သူသမီးများဖြစ်ကြသော ဒေါ်ခင်ဆွေဦး [၉/မရတ(နိုင်)၀၂၅၇၅၂]၊ ဒေါ်ဝေဝေလွင်[၉/မရတ(နိုင်)၀၂၅၇၅၄] တို့ကတောဂရန်၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## (၂၄-၁၂-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၃၀)ပါ ဦးမျိုးဇော် [၁၂/သကတ(နိုင်)၁၆၃၅၄၄] ၏ ညွှန်ကြားချက်အရ ဒေါ်ခင်မေဦး (တရားလွှတ်တော်ရှေ့နေ) နှင့် ဦးညီညီဇော် (တရားလွှတ်တော်ရှေ့နေ) တို့၏ အများသိစေရန်ကြေညာခြင်းအပေါ် အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ရတနာပုံ (၂)လမ်း၊ အမှတ် (၁၃၀/က+ခ)နေ ဦးမြင့်သိန်း(ခ)ဖိုးချို [၁၂/သကတ(နိုင်)၁၃၁၀၀၉] နှင့် ဦးကျော်မျိုးခိုင် [၁၂/သကတ(နိုင်)၁၇၁၂၆၇]တို့၏ စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လွှဲအပ်ညွှန်ကြားချက်အရ ဦးမျိုးဇော် [၁၂/သကတ(နိုင်)၁၆၃၅၄၄] နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

၁။ လူကြီးမင်းတို့၏ ကြော်ငြာပါ မိဘများကွယ်လွန်ပြီးနောက် ကျန်ရှိသောအမွေပစ္စည်းစာရင်း (၇)မျိုးအနက်မှ အမှတ်စဉ်(၃)ပါ ပစ္စည်းနှင့် အမှတ်စဉ်(၄)ပါ ပစ္စည်းများမှာ မိဘများကွယ်လွန်ပြီးနောက် ကျန်ရှိသည့်အမွေဆိုင်ပစ္စည်းများမဟုတ်ပါ။

၂။ အမှတ်စဉ်(၃)ပါ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ရတနာပုံ(၂)လမ်း၊ မြေညီထပ်၊ (၁၂၆)ဟုခေါ်တွင်သောတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် အမှတ်စဉ်(၄)ပါ “ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀/မြောက်ရပ်ကွက်) ရတနာပုံ(၂)လမ်း၊ အမှတ်(၁၃၀/က+ခ)၊ အကျယ်အဝန်း (၄၀x၆၇) ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော လုံးချင်းနေအိမ်(၂)လုံးနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး” တို့မှာ မိခင် ဒေါ်ပြုံးပြုံးဝင်း မကွယ်လွန်မီက မိခင်ဒေါ်ပြုံးပြုံးဝင်းကိုယ်တိုင် (၁၇-၉-၂၀၂၂) ရက်စွဲပါ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းကတိစာချုပ်ဖြင့် အငယ်ဆုံးသားဖြစ်သူ ဦးကျော်မျိုးခိုင်အား ပေးကမ်းခဲ့ကြောင်း စာချုပ်စာတမ်းအထောက်အထားအရ သိရှိရပါသည်။

၃။ အဆိုပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုပေးကမ်းရာ၌ လူကြီးမင်း ဦးမျိုးဇော်နှင့် အစ်ကိုကြီးဦးမြင့်သိန်းတို့ကိုယ်တိုင် သိရှိသဘောတူ ကြည်ဖြူစွာဖြင့် အသိသက်သေများအဖြစ် ပါဝင်လက်မှတ်ရေးထိုးပေးခဲ့ကြောင်းကိုလည်း စာချုပ်စာတမ်းအထောက်အထားအရ သိရှိရပါသည် ။

၄။ ထို့အပြင် အမွေပစ္စည်းအမှတ်စဉ် (၅)ပါ “မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံထားသော မိခင်အမည်ဖြင့်ဖွင့်လှစ်ထားသည့် ဘဏ်အပ်ငွေ ခန့်မှန်းသိန်း(၈၀၀)ကျော်ခန့်” မှာ အမွေပစ္စည်းအဖြစ် ကျန်ရှိရစ်ခဲ့ခြင်းမရှိကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

၅။ အမွေပစ္စည်းစာရင်း အမှတ်စဉ်(၆)ပါ “လိုင်စင်ရ၊ အနေ့ယာဉ်ဆိုက်ကား(၉)စီး” မှာ မိခင်ဖခင် အမည်ပေါက်မဟုတ်ပါ။ အမွေဆိုင်ပစ္စည်းလည်းမဟုတ်ပါ။ ဦးကျော်မျိုးခိုင်အမည်ပေါက်ပိုင်ဆိုင်သော ပစ္စည်းများသာဖြစ်ပါသည်။

၆။ အမွေပစ္စည်းစာရင်းအမှတ်စဉ်(၇)ပါ-CC/ 5922 Toyota Corolla (အဖြူရောင်ကား) CNG Taxi ကားမှာ မိခင်အမည်ပေါက်ကားမဟုတ်ပါ။ အမွေဆိုင်ပစ္စည်းလည်းမဟုတ်ပါ။ ကျွန်ုပ်မိတ်ဆွေ ဦးကျော်မျိုးခိုင် အမည်ပေါက်ပိုင်ဆိုင်သော မော်တော်ယာဉ်သာဖြစ်ကြောင်း စာရွက်စာတမ်းအထောက်အထားများအရ သိရှိရပါသည်။

၇။ ထို့ကြောင့် အထက်ဖော်ပြပါပစ္စည်းစာရင်း အမှတ်စဉ်(၃) ၊ (၄)၊ (၆) နှင့် (၇) ပါ ပစ္စည်းများမှာ မိဘများကွယ်လွန်ပြီးနောက် ကျန်ရှိရစ်ခဲ့သော အမွေဆိုင်ပစ္စည်းများမဟုတ်ဘဲ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မျိုးခိုင်ပိုင်ဆိုင်သည့် ပစ္စည်းများသာဖြစ်၍ အဆိုပါပစ္စည်းများအပေါ်တွင် မိမိ၏လွတ်လပ်သောဆန္ဒဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

၈။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇) ရှေ့ရပ်ကွက်၊ အောင်သပြေအနောက်(၁၁)လမ်း၊ အမှတ်(၉၄၉)၊ (၄လွှာ)၊ (တိုက်မျက်နှာမူကြည့်လျှင် ဝဲဘက်အခန်း) မှာ မိခင်ဒေါ်ပြုံးပြုံးဝင်း မကွယ်လွန်မီက မိခင်ပိုင်ငွေဖြင့် လူကြီးမင်း ဦးမျိုးဇော်အမည်ခံ၍ မိခင်ကိုယ်တိုင် ဝယ်ယူပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ပါသည်။

၉။ သို့ဖြစ်ပါ၍ လူကြီးမင်း ဦးမျိုးဇော်အနေဖြင့် အဆိုပါတိုက်ခန်းသည် အမွေဆိုင်ပစ္စည်းဖြစ်နေသဖြင့် ကျွန်ုပ်၏မိတ်ဆွေများ သဘောတူသိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ပေါင်နှံခြင်း၊ အာမခံထားရှိခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန် ဦးမျိုးဇော်နှင့် အများသိစေရန် အတိအလင်း အသိပေးတားမြစ်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်ပေးသူ**
**ဦးမြင့်သိန်း (ခ) ဖိုးချို**
**[၁၂/သကတ(နိုင်) ၁၃၁၀၀၉]**
**ဦးကျော်မျိုးခိုင်**
**[၁၂/သကတ(နိုင်) ၁၇၁၂၆၇]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**စင်ထရယ်ဦးခင်မောင်မြင့်**
**LL.B, Diploma in Business Law, Advocate**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၃၀၃၂/၁၉၈၅)**
**အမှတ်(၂၀)၊ (၆လွှာ/အေ)၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ HP:09-5150406**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## လေလံကြော်ငြာ

၁။ လေလံကုန်သေတ္တာ(၂၇)လုံးအတွင်းမှ ကုန်ပစ္စည်းများနှင့် LCL Shipment (၈)ခုတို့တွင် ပါဝင်သော GI Hollow Pipe, GI Round Pipe, Wire Rope & Deformed Bar များနှင့် အထွေထွေကုန်ပစ္စည်း အမျိုးမျိုးတို့ကို လက်ရှိ မျက်မြင်အခြေအနေအတိုင်း (၁၈-၁-၂၀၂၄) ရက်နေ့ (၁၃:၀၀)နာရီအချိန်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ထုခွဲ ရောင်းချမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား၊ အနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး) ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ၃-၁-၂၀၂၄ ရက်နေ့မှ ၁၆-၁-၂၀၂၄ ရက်နေ့အထိ ရုံးဖွင့်ရက်/ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၉-၂၅၀၂၈၄၁၂၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးကော်မတီ**

## "ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြင်သာ(၄)လမ်း၊ မြေကွက်အမှတ်(၁၇၇/က) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း (၆)ထပ်အဆောက်အဦ၏ ဒုတိယထပ်၊ (၃)လွှာ၊ အကျယ်အဝန်း (၁၈)ပေx (၅၄)ပေရှိ တိုက်ခန်းအား ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"

အထက်ပါ တိုက်ခန်းသည် ဒေါ်ကြည်ပြာရွှေ [၁၂/သကတ(နိုင်)၁၇၅၁၈၆] ကိုင်ဆောင်ထားသူက တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် (၃၁-၁၂-၂၀၂၃)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နုနုယဉ် နှင့် ဒေါ်ချိုချိုခိုင်(ခ) ဒေါ်ခိုင်ဆွေဇင်**
**တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်စမ်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၆၇၈)**
**အမှတ်(၉/၁၁)၊၀၀၄-မြေညီထပ်၊(၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၂၃၅၆၆၈**

## အများသိစေရန်ကြေညာခြင်း

ရခိုင်ပြည်နယ်၊ဂွမြို့နယ်၊ ကျင်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၈၀)၊ ချိုင်ကြီးကွင်း ဦးပိုင်အမှတ်(N ၁၀)၊ ဧရိယာ(၁.၀၀)ကေရှိ ကိုင်းမြေနှင့် ဦးပိုင်အမှတ်(N ၈၉)၊ ဧရိယာ (၀.၆၂)ကေရှိ ကိုင်းမြေစုစုပေါင်း ဧရိယာ(၁.၆၂)ကေရှိသော မြေ၏ပိုင်ရှင်ဖြစ်သူ ဂွမြို့နယ်ရေကျော်ကျေးရွာနေ ကွယ်လွန်သူဖြစ်သော ဒေါ်အေးညို [၁၁/ဂမန(နိုင်)၀၂၀၀၉၃]သည် အတူနေတူမဖြစ်သူ ဒေါ်နွဲ့နွဲ့ခင် [၁၁/ဂမန(နိုင်)၀၁၉၉၅၇]အား အရပ်သဘောဖြင့် အထက်ဖော်ပြပါ ကိုင်းမြေ (၁.၆၂)ကေအား အမွေစားအမွေခံလွှဲပြောင်းပေးအပ်ပြီးဖြစ်ပါသည်။

ထိုကိုင်းမြေနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနတွင်အမည်ပေါက်ပြောင်းလဲရန် လျှောက်ထားခြင်း(သို့မဟုတ်)ရောင်းချခြင်း တစ်နည်းနည်းဖြင့်လွှဲပြောင်းရန်ဆောင်ရွက်လိုပါသဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်မ ဒေါ်နွဲ့နွဲ့ခင်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အမည်ပေါက်ပြောင်းလဲခြင်း (သို့) ရောင်းချခြင်း တစ်နည်းနည်းဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွဲ့နွဲ့ခင် [၁၁/ဂမန(နိုင်)၀၁၉၉၅၇]**
**ဖုန်း- ၀၉၄၂၁၀၈၈၆၈၂၊ ၀၉-၂၅၃၁၇၉၅၂၂**

## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သုခမ္မစာရီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၄ အက်ဖ်ဂျီ၊ မြေကွက်အမှတ် (၄၄၆)၊ အလျား (၃၀)ပေx အနံ (၅၀)ပေ၊ မြေဧရိယာ (၁၅၀၀)စတုရန်းပေရှိ ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် တစ်ထပ် ပျဉ်ထောင်အိမ် (၂)လုံးနှင့် ရေမီးစုံပါ ခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ နှစ်(၆၀)မြေငှားဂရန် ခြံမြေကွက်အမည်ပေါက် ပိုင်ရှင်များဖြစ်သူ လူဖောင်ရိမ်း(ခ)ဒေါ်စန်းစန်းအေး (ဘ) ဦးချိုရှန် [၁၂/လသန(ဧည့်) ၀၀၀၁၈၅]နှင့် လူဟန်ရိမ်း(ခ) စန်းစန်းဝင်း (ဘ) ဦးလိုရှုရှန် [၁၂/လသန(ဧည့်) ၀၀၀၁၈၆]တို့ထံမှ အဆိုပါ အိမ်ခြံမြေအား ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ အထက်ဖော်ပြပါ ခြံမြေကွက် အမည်ပေါက်ပိုင်ရှင်နှစ်ဦးထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အဆိုပါ အိမ်မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည့် တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဇင်မျိုး (ဘ) ဦးဘဇင် [၁၂/တမန(နိုင်)၁၁၀၃၈၄]၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟန်လင်းကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၅၈ /၂၀၂၃)**
**အမှတ်-၁၂၈၃၊ (၄-လွှာ)၊ စံပယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၃၅၇၂၁၁၊ ၀၉-၈၅၀၄၄၄၅၆**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ (ကန်တော်မွန်အိမ်ရာ)၊ ပြည်တော်အေးလမ်း၊ တိုက် (၄)၊ အခန်း (၅၀၄)၊ (ပဉ္စမထပ်) တိုက်ကိုမျက်နှာမူလျှင် (ယာဘက်)တိုက်ခန်းကို လက်ရှိဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်ခင်မာချို [၁၂/ပဘတ(နိုင်)၀၁၂၁၃၄]ထံသို့ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချောစုစုအောင် [၅/ဖပန(နိုင်)၀၅၃၆၆၈] မှ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ချောစုစုအောင်** | **ဒေါ်စမ်းလွင်ဇာမော်ဦး** |
| **[၅/ဖပန (နိုင်) ၀၅၃၆၆၈]** | **(LL.B) (တရားလွှတ်တော်ရှေ့နေ)** |
| | **(စဉ်-၁၁၈၂၇/၁၇)** |

**အမှတ် (၅၉၄)၊ ငမိုးရိပ် (၄) လမ်း၊ ငမိုးရိပ်ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၉၆၅၀၂၈၈၂၃**

## ဦးဝင်းမြင့် [၁၂/ဥကတ(နိုင်)၁၃၃၇၁၄]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊၅-ရပ်ကွက်၊ ၂၈လမ်း(အထက်ဘလောက်) အမှတ်- ၁၇၁/၁၈၁၊ အခန်း(၃၅)နေ ကျွန်မ ဒေါ်စပါယ်ထွေး[၁၂/ပဘတ(နိုင်) ၀၂၆၉၂၀]နှင့် ဦးဝင်းမြင့် [၁၂/ဥကတ(နိုင်)၁၃၃၇၁၄]တို့သည် ၂၈-၁၀-၁၉၉၁ ရက်နေ့တွင် အစ္စလာမ်ဥပဒေနှင့်အညီ လက်ထပ်ပေါင်းသင်းခဲ့ပြီး သား(၃)ဦး ထွန်းကားခဲ့ပါသည်။ ဦးဝင်းမြင့်သည် လွန်ခဲ့သော (၃)နှစ်ခန့်မှစ၍ လင်မယားစကားများရာမှစ၍ မိမိသဘောဖြင့် နေအိမ်မှဆင်းသွားပြီးနောက် ကျွန်မအား ပတ်ဝန်းကျင်တွင် ကွာရှင်းပြီးသယောင် ပြောဆိုနေခြင်းသည် လုံးဝ မဟုတ်မမှန်ပါကြောင်းနှင့် ဦးဝင်းမြင့်နှင့် ကျွန်မ မစပါယ်ထွေးသည် လွန်ခဲ့သော (၃)နှစ်မှစ၍ လက်ရှိ အတူလုပ်ကိုင်စားသောက်နေပါသဖြင့် ကျွန်မ ဒေါ်စပါယ်ထွေးနှင့် ဦးဝင်းမြင့်တို့မှာ ယနေ့တိုင် တရားဝင်ကွာရှင်းပြတ်စဲရခြင်း မရှိသေးပါသဖြင့် ကျွန်မ ဒေါ်စပါယ်ထွေးသည် ဦးဝင်းမြင့်၏ တရားဝင်မယားဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စပါယ်ထွေး**
**[၁၂/ပဘတ(နိုင်)၀၂၆၉၂၀]**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏အမှုသည် ဦးဝင်းလွင်ဌေး [၁၂/ဒပန(နိုင်)၀၄၈၅၆၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးဝင်းလွင်ဌေး [၁၂/ဒပန(နိုင်)၀၄၈၅၆၅] နှင့် ဒေါ်မေရှမ်း [၇/သဝတ(နိုင်)၁၀၅၄၄၃]တို့သည် နှစ်ဦးသဘောတူ လက်ထပ်ပေါင်းသင်း နေထိုင်လာခဲ့ရာမှ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောချင်း မတိုက်ဆိုင်ပါသဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ဦးစီးအရာရှိ၏ရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ ဒေါ်မေရှမ်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် ကျွန်ုပ်၏အမှုသည်နှင့် လုံးဝ မသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စန်းမူ (B.A(Law),LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၅၇) (၁၀-၅-၂၀၁၂)**
**အမှတ်- ၇၄၂၊ ပထမထပ်၊ ဝေဇယန္တာ(၁၈)လမ်း**
**၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်။ ရန်ကုန်တိုင်းဒေသကြီး**
**Ph: 09-43150382**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/သကမ)၊ လူနေရပ်ကွက်အမှတ်(၁၁)၊ ရတနာပုံလမ်း၊ မြေကွက်အမှတ် (၁၄၁/ခ)၊ အကျယ်အဝန်း (၂၀x၆၀)ပေ အကျယ်ရှိ ဦးမောင်ရွှေ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးမျိုးဟန် [၅/ရဥန(နိုင်)၀၄၃၅၈၁]နှင့် ဒေါ်ခင်စန်းစန်းမော် [၁၂/ဥကမ(နိုင်)၀၀၇၀၆၅] ကိုင်ဆောင်သူများက ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမြင့်ဝင်း [၈/နမန(နိုင်)၁၁၃၁၆၁]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးမြင့်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးသင်းခိုင် အထက်တန်းရှေ့နေ (စဉ်-၅၅၉၉၉)**
**အမှတ် (၄၃/အေ)၊ ဗိုလ်တေဇလမ်း၊ အပိုင် (၄)၊ နွယ်ခွေ၊ ထောက်ကြန့်၊**
**မင်္ဂလာဒုံမြို့နယ်။ ဖုန်း - ၀၉-၉၅၆၉၆၆၇၆၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ဇေယျာသီရိ (၁၂)လမ်း၊အမှတ်(၃၆၁)ရှိ ၂ခန်းတွဲ RC(၅)ထပ်တိုက်မှ တတိယထပ် (၄)လွှာ၊ခြေရင်း ဧရိယာ(၁၂'x၅၀')ပေရှိတိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ဖြူ [၁၂/ဒပန(နိုင်)၀၀၄၁၄၇]ထံမှ ကျွန်မ ဒေါ်အိဖြူထွေး [၁၂/ဒပန(နိုင်)၀၅၅၁၆၄]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း) များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိဖြူထွေး[၁၂/ဒပန(နိုင်)၀၅၅၁၆၄]**
**ဖုန်း-၀၉-၇၈၆၁၁၁၉၉၄**
**အမှတ်(၄၇၄)၊ အလင်းရောင်(၅)လမ်း၊**
**ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်။**

## ပတ်စ်ပို့ပျောက်

ကျွန်မ မတာတာဆွေ [၇/အဖန (နိုင်) ၁၀၀၇၆၁] ၏ နိုင်ငံကူးလက်မှတ် (အမှတ် - ME 630488)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်ကို အကြောင်းကြားပေးပါရန်-

**Ph: 09-423660741**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်၊ ၈၈-၁၁၊ ဦးပိုင်အမှတ်(၅၀) ရှေ့ဘက်ခြမ်း ခဲစင်း/၄၉x၅၀ ကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ငွေ [၁၂/မဂဒ (နိုင်) ၀၀၃၅၉၇]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၆၅၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမင်းသူ [၉/အမဇ(နိုင်)၀၀၀၇၆၅]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်-A၊ ဦးပိုင်အမှတ် (၃၁-က)/၅၉x၆၀ကြား၊ ၁၀၈x၁၀၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုင်းမြင့်ဝင်း [၁၃/ဆဆန(နိုင်)၀၂၈၃၉၇]၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၁၉၄၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးရန်အောင် [၉/မနမ(နိုင်) ၀၉၁၁၉၂]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်- မမ-၉၊ ဦးပိုင်အမှတ်(၄)၊ ၄၉x၅၀ ကြား၊ ၁၁၆x၁၁၇ လမ်းကြား၊ ဂန္ဓမာလမ်းရှိ ဦးအေးမြင့် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်ခင်မေက တရားပြိုင် ဦးအေးမြင့်အပေါ် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၄၁/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ခင်မေ [၉/မရတ(နိုင်)၁၀၆၁၂၃]က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ရေတာရှည်လမ်းသစ်၊ တိုက် (B)၊ အခန်း (၁၀၁)၊ (ပ)ထပ်/ဘယ်ဘက်၊ အကျယ်အဝန်း (၁၅ပေx ၄၈ပေ)ရှိသော နေအိမ်တိုက်ခန်းကို ပိုင်ရှင်ဟုအဆိုပြုသူ ဦးခင်မောင်ထွေး [၁၁/တကန(နိုင်)၀၀၉၀၆၉]မှ လက်ရောက်ရရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူဖြူအေး [၁၀/မလမ(နိုင်)၂၁၄၇၉၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း မှန်ကန်သောအထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်ဝင်း (LL.B.,D.B.L.,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၇၈၉/၂၀)**
**ရုံးအမှတ်(၃၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၈၈၄၇၈**

## ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာ၊ ရန်ကုန်-အင်းစိန်လမ်းမ၊ တိုက်အမှတ် (၂) အခန်းအမှတ်(၄၀၂)၊ (စတုတ္ထထပ်) တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ဖြိုးမမဌေး [၁၂/ဒဂတ(နိုင်)၀၁၆၇၆၇] ထံမှ ဦးအောင်မြတ်ကျော် [၁၂/ဥကမ(နိုင်)၀၁၀၅၄၄]နှင့် နော်အဲဗားဂရင်း [၃/သတန(နိုင်)၀၁၈၉၂၃]တို့က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများပြည့်စုံ-ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်မြတ်ကျော်+နော်အဲဗားဂရင်း တို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀) တိုက်(၅)၊ အခန်း(၀၀၈)၊**
**အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၆၁/က)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ ပဒ္မာမြား (၃) လမ်း၊ အမှတ် (၇၆၁/က) ဟုခေါ်တွင်သော (၂၀ ပေ x ၆၀ ပေ) အကျယ်အဝန်းရှိ **ဦးတင်အေး** အမည်ပေါက် ဂရန်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော သွပ်မိုး၊ ပျဉ်ထောင် (၁)ထပ်အိမ်ကို **(၁) ဒေါ်ခင်ခင်မိုး (၁၂/မရက (နိုင်) ၀၇၁၀၄၅)၊ (၂) ဒေါ်စန်းစန်းမိုး (၁၂/ဒဂမ (နိုင်) ၀၀၁၇၃၆)၊ (၃) ဒေါ်နီနီမိုး (၁၂/ဒဂရ (နိုင်) ၀၀၆၁၄၅)၊ (၄) ဒေါ်ခင်ခင်ထွေး (၁၂/မရက (နိုင်) ၀၀၂၇၁၆)၊ (၅) ဒေါ်ချောစုလှိုင် (၁၂/ဒဂရ (နိုင်) ၀၀၅၄၅၄)** တို့က မိမိဖခင် ဦးထွန်းလှိုင်မှ (၂-၇-၂၀၁၁) ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိထားနေထိုင်ခဲ့ကြောင်း ဖခင် ဦးထွန်းလှိုင်နှင့် မိခင် ဒေါ်ခင်ရီတို့မှာ ကွယ်လွန်သွားကြပြီဖြစ်၍ သမီးများဖြစ်ကြသော **ဒေါ်ခင်ခင်မိုးတို့ ညီအစ်မ (၅) ဦး**မှ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ၎င်းမြေနှင့်အိမ်ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ မိမိတို့ ကိုယ်ထိလက်ရောက် လက်ရှိပစ္စည်းဖြစ်ကြောင်း၊ မိမိတို့တွင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာ မရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်သိန်းသိန်း (ခ) ဒေါ်သိန်းသိန်းစု (၁၂/မဂတ (နိုင်) ၀၆၉၉၁၀)** က ဝယ်ယူရန် သဘောတူညီ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း **(မူရင်း)** များဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ် အေးအေးသိန်း *(L.L.B) (Advocate)***
**တရားလွှတ်တော်ရှေ့နေ [စဉ်- ၁၈၃၈၁ (၁၆-၁၀-၂၀၂၃)]**
**အမှတ်-၈၃၊အခန်း-၁၄ (ဒီ) ဒုထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ၀၉ ၄၂၁၁၃၅၇၃၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁-ll၊ မြေကွက်အမှတ်(၄၃) ဧရိယာ (၀.၀၄)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၀၅)၊ ဗိုလ်ချုပ်လမ်း၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ကွာကျင်ဘီး(ခ)မကျင်မြင့် (ဒီ/အာဂျီအန်- ၀၀၄၉၀၈)၊ မောင်မျိုးအောင် [အိပ်(ချ်)/အာဂျီအန်- ၀၃၈၅၇၈]၊ မောင်ကျော်အောင် [အိပ်(ချ်)/အာဂျီအန်-၀၃၈၅၇၉]၊ ဒေါ်အုန်းမြင့် [၇/ဒဥန(နိုင်)၀၈၆၃၃၃] အမည်ပေါက် နှစ်(၉၀)ဂရန်ပြောင်းရန် မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမျိုးအောင် (ခင်ပွန်း)သည် (၈-၃-၂၀၂၀)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်အေး (ခ)မခွေး [၁၂/ပဇတ(ဧည့်)၀၀၀၁၁၉]သည် တရုတ်လူမျိုး၊ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသောကြောင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဦးမျိုးအောင် ကွယ်လွန်၍ ကျန်ရစ်သော အထက်ပါဂရန်မြေကွက်နှင့် မြေပေါ်ရှိအဆောက်အဦ အကျိုးခံစားခွင့်အရပ်ရပ်တို့အနက်မှ ကွယ်လွန်သူရသင့်သောဝေစုလေးပုံ၊ တစ်ပုံကို တရားဝင်ဇနီးကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ၎င်းမှလွဲ၍အခြား မည်သူတစ်ဦးတစ်ယောက်ကမှ အမွေဆက်ခံပိုင်ဆိုင်ခွင့်မရှိသည်မှာ မှန်ကန်ကြောင်း အထက်ဖော်ပြပါမြေနှင့် အဆောက်အဦမှာ အခြားသူသို့ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းထားခြင်းမရှိ၊ ပေးကမ်းထားခြင်း၊ အခြားနည်း လွှဲပြောင်းထားခြင်းများမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဂရန်တို့ကို တင်ပြ၍ ကျန်အမည်ပေါက်များဖြစ်သော ကွာကျင်ဘီ(ခ)မကျင်မြင့်[၁၂/ဗတထ(နိုင်)၁၂၄၀၇၆]၊ ကွာကုတ်တောင်(ခ)ဦးကျော်အောင် [၁၂/ဗတထ(နိုင်)၀၃၀၈၀၃]၊ ဒေါ်အုန်းမြင့် [၇/ဒဥန(နိုင်)၀၈၆၃၃၃]တို့နှင့် ပူးတွဲ၍ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာကြည်လှိုင်
**ပါမောက္ခဌာနမှူး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုဌာန**
**ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**
### အသက်(၅၆)နှစ်

ရန်ကုန်မြို့နေ (ဦးကြည်ထွန်း) - ဒေါ်ခင်စိန်တို့၏သားငယ်၊ ဒေါ်ဣန္ဒာမိုမိုဝင်း၏ ခင်ပွန်း၊ ပါမောက္ခဒေါက်တာကြည်လှိုင် [ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာန၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်/ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး]သည် ၃၁-၁၂-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၈:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး**
## ပါမောက္ခဒေါက်တာ မောင်မောင်ဝင့်
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**ဆေးသိပ္ပံပညာဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**
### အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးကိုကိုကြီး-ဒေါ်မမရီ)တို့၏သား၊ (ဦးမောင်မောင်မြင့်-ဒေါ်စန်းစန်းယု)၊ ဦးမောင်မောင်တင့်တို့၏အစ်ကို၊ ဦးရှိန်းထက်၊ ဒေါ်ဆုလှဲ့ဝင့်၊ ဒေါက်တာစုနန္ဒာဝင့်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏ ဘိုးဘိုးကြီး၊ ဒေါ်လှဲ့လှဲ့ယု၏ချစ်လှစွာသော ခင်ပွန်းသည် ၂၉-၁၂-၂၀၂၃(သောကြာနေ့)နံနက် ၆:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မြန်မာ့ဆေးလောကနှင့် ဆေးပညာသင်ကြားရေးလောကကြီးတစ်ခုလုံး၏ အစားထိုးမရသောဆုံးရှုံးမှုကြီးအဖြစ် ကျန်ရစ်သူမိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲမှုဖြစ်ရပါသည်။

**မြန်မာနိုင်ငံဦးနှောက်နှင့်အာရုံကြောပညာရပ်ဆိုင်ရာအဖွဲ့**
**(Myanmar Neurological Society)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာကြည်လှိုင်
**ပါမောက္ခ/ဌာနမှူးဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုဌာန**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်၊**
**မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**
### အသက်(၅၆)နှစ်

ရန် ကုန် မြို့ နေ (ဦး ကြည် ထွန်း)-ဒေါ် ခင် စိန် တို့၏ သားငယ်၊ ဒေါ်ဣန္ဒာမိုမိုဝင်း၏ခင်ပွန်း၊ ပါမောက္ခဒေါက်တာကြည်လှိုင်(ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာန၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး)သည် ၃၁-၁၂-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၈:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**
**ဆေးဝါးတက္ကသိုလ်- ရန်ကုန်(ပူးတွဲတာဝန်)**
**ဒုတိယပါမောက္ခချုပ်များ၊**
**ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆေးဝါးတက္ကသိုလ်-ရန်ကုန်**

## မိုင်မွန်နာဘီ(ခ)ဒေါ်ခင်ခင်အေး
### အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ(ဦးအေး-ဒေါ်ခင်လှ)တို့၏သမီး၊ ကိုနေလင်းအောင်၊ ကိုကျော်သူရ-မဆွေဆွေမင်း၊ ဒေါက်တာကိုကျော်လင်းထွန်း၊ ကိုခင်မောင်လှ-မလင်းလင်းဖြိုးတို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွား၊ ဟာဂျီ ဦးမောင်မောင်အေး(ကင်းဘက်ထရီနှင့်လျှပ်စစ်အပိုပစ္စည်း)၏ ဇနီးသည် ၂၉-၁၂-၂၀၂၃(သောကြာနေ့)ည ၈ နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃၀-၁၂-၂၀၂၃ (စနေနေ့)တွင် အေးရိပ်ငြိမ်မွတ်စလင်ကဘာရ်စတန်တွင် ဒါဖာနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်-၅၆၂၊ ဦးပိုင်အမှတ်(၅၀-က)/၃၃x၃၄လမ်းကြား၊ ၈၅x၈၆လမ်းကြားရှိဘိုးဘမြေကွက်အမည်ပေါက်သူ မိဘများဖြစ်ကြသော ဖခင် ဦးဘသန်း၊ မိခင် ဒေါ်တုတ်တုတ်တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးကျော်လွင်ဦး [၉/မရမ(နိုင်)၀၁၇၂၂၉]၊ ဦးထွန်းထွန်းဦး[၉/မရမ(နိုင်)၀၂၂၃၅၀]၊ ဒေါ်ထွေးထွေးဦး [၉/မရမ(နိုင်)၀၅၈၃၀၈]တို့က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်တင့်
### အသက်(၆၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ယမင်းသော်၏ ဖခင်ဖြစ်သူ ဦးကျော်တင့်သည် ၁-၁-၂၀၂၄ ရက် နံနက် ၃:၄၅ နာရီတွင် ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**

## ဦးတင့်ရွှေ
**[ဒု-ဦးစီးမှူး(ဆည်/မြောင်း)(ငြိမ်း)]**
### အသက်(၅၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ တိုက်အမှတ်(၉)၊ အခန်း(၇)၊ ဆောင်းပေမာန်အိမ်ရာနေ (ဦးသောင်းရွှေ-ဒေါ်သန်းသန်း)တို့၏သား၊ ဦးမျိုးတင့်-ဒေါ်ဥမ္မာခင်တို့၏ သားသမက်၊ (ဦးမြင့်အောင်)- ဒေါ်ခင်စန်းဝေ၊ ဦးဆန်းဝင်း-(ဒေါ်ကြည်ကြည်လွင်)၊ ဦးသန်းလွင်-ဒေါ်ယုယုခိုင်တို့၏ ညီ/မောင်၊ ဦးအောင်ဝင်းသိန်း-ဒေါ်ဥမ္မာရွှေတို့၏ အစ်ကို၊ ဒေါ်ဝင့်ဝင့်မျိုး[ဒု-ဦးစီးမှူး (ကညန-ရွှာသာကြီး)]၏ ချစ်လှစွာသော ခင်ပွန်း ဦးတင့်ရွှေအသက်(၅၁)နှစ်သည် ၃၁-၁၂-၂၀၂၃ (တနင်္ဂနွေနေ့) ည ၁၀:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၂၄ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်သိန်း
**(စက်မှု(၁) ပြင်/ထိန်း)**
**B.Sc(I.C)**
### အသက်(၆၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၄၂)၊ ကျိုက်လတ်လမ်းနေ(ဦးစံမြင့်-ဒေါ်စုစု)တို့၏သား၊ ဦးဝင်းမြင့်-ဒေါ်သင်းသင်းဆွေတို့၏ ညီ၊ဦးဇော်ဝင်း-ဒေါ်အေးအေးသန့်၊ ဒေါ်ဆွေဆွေလှဲ့၊ ဒေါ်သန်းသန်းတင့်၊ ဦးဝင်းသန့်တို့၏အစ်ကို၊ မောင်ရဲဇော်သန့်၊ မောင်သက်ဦးဆွေ၊ မောင်မျိုးဇော်သန့်တို့၏ ဘကြီးသည် ၁-၁-၂၀၂၄ (တနင်္လာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ၁-၁-၂၀၂၄ ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၇ မှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကျော်မျိုးရှိန် (ထားဝယ်)
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ (၁၄၈)လမ်း၊ အမှတ်(၂၉)ပထမထပ်နေ ဦးညွန့်ရှိန်-(ဒေါ်သန်းကြွယ်)တို့၏တစ်ဦးတည်းသောသား၊ ဒေါ်ချိုချိုမြင့်၏ချစ်လှစွာသော ခင်ပွန်း၊ မမြတ်သီရိကျော်(ခေတ္တဂျပန်)၊ မောင်ကျော်ဇောရှိန်(King Yangon International School)တို့၏ဖခင်သည် ၁-၁-၂၀၂၄ (တနင်္လာနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၂၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၂၄ (တနင်္ဂနွေနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အများသိစေရန် ကြေညာချက်**

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ (၄၁)လမ်းနှင့်(၄၂)လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/၄)၊ မြေကွက်အမှတ်-၅၂၄၊ အမှတ်(၃၉/၉)တွင် (၂)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏(၃)နှစ် ပါမစ်မြေအမည်ပေါက် ဒေါ်ရှိမာလွင်(၁၄/ကလန(နိုင်)၀၁၅၅၀၉) မှ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြထားသော မြေပိုင်ဆိုင်မှု(၃)နှစ်သက်တမ်း ပါမစ်မြေအမျိုးအစား အထောက်အထားပါ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်မှာ သက်တမ်းကျော်လွန်နေသဖြင့် အဆောက်အဦဆောက်လုပ်ခွင့် တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဒေါ်နုနုရီ(Betty Wu)
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၆)၊ပါရမီ၊ (၈)ရပ်ကွက်၊ မဥ္ဇူလမ်းနေ (ဦးအောင်မြင့် @ Billy Wu)၏ ချစ်လှစွာသောဇနီး၊ ဒေါ်မဥ္ဇူ (ဦးအောင်ခိုင်)၊ ဦးသက်နိုင်-ဒေါ်မြဇာခြည်လှိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဘုန်းပြည့်စုံနိုင်@ဖိုးတန်ခူးနှင့် မမြမဥ္ဇူနိုင်@တူးပို့တို့၏ ဘွားဘွားကြီး ဒေါ်နုနုရီသည် ၃၁-၁၂-၂၀၂၃ရက် နံနက် ၁၀:၀၅ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၃၁-၁၂-၂၀၂၃ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးကျော်ဝင်းမြင့်(ဂန့်ဂေါမြို့)
**ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန**
### အသက်(၇၂)နှစ်

ဂန့်ဂေါမြို့၊ မြို့မရပ်နေ (ဦးအောင်ငွေ-ဒေါ်ထွန်းကြည်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၅)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်(၁၀၃၅)နေ ဒေါ်ဖာရ်ကျင်း(အလယ်တန်းပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်နိုင်သူ-မခင်သက်သက်ကျော်၊ ကိုဒုံလိရှန်-မခင်သန္တာကျော်၊ ကိုဝဏ္ဏကျော်-မပါးရ်ဆွီးထား၊ ကိုညီညီဆန်မီလျန်းတန်-မခင်နီလာကျော်တို့၏ မွေးသဖခင်၊ မခင်ရတနာကျော်၊ တုံတုံ၊ ဗုံဗုံ၊ Holy ပါးရ်၊ Sharon ပါးရ်တို့၏ချစ်လှစွာသော ဘိုးဘိုးသည် ၃၁-၁၂-၂၀၂၃ (တနင်္ဂနွေနေ့)နံနက် ၁၁:၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၁-၂၀၂၄(အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ဖြူ
### အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ (တပ်မြေ)မြခွာညိုလမ်း၊ အိမ်အမှတ်(၁)နေ(ဦးရေး)-(ဒေါ်ကျင်စိန်)တို့၏သမီး၊ (ဦးစိုးအောင်)၏ချစ်လှစွာသောဇနီး၊(ဦးဟန်ကိုကို)-ဒေါ်မြင့်မြင့်စန်း၊ ကိုတိုးသူဟန်(ခ)ကိုကျင်တိုး၊ မမေနွယ်စော၊ ကိုဇေယျာထွန်း-မသန်းသန်းခိုင်၊ ကိုညီညီစိုး-မချောကလျာ၊ မဇင်သီမာပွင့်လှိုင်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၃၁-၁၂-၂၀၂၃(တနင်္ဂနွေနေ့)ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၂၄ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၂၄(စနေနေ့)နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာကြည်လှိုင်
**ပါမောက္ခဌာနမှူး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာန**
**ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်/မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**
### အသက် (၅၆) နှစ်

ရန်ကုန်မြို့နေ (ဦးကြည်ထွန်း)-ဒေါ်ခင်စိန်တို့၏ သားငယ်၊ ဒေါ်ဣန္ဒာမိုမိုဝင်း၏ ခင်ပွန်း၊ ပါမောက္ခဒေါက်တာကြည်လှိုင်(ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်အထူးကုဌာန၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး)သည် ၃၁-၁၂-၂၀၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၈:၁၅ နာရီတွင် ကွန်လွန်သွားကြောင်း သိရှိရ ပါသဖြင့် အာယုအင်တာနေရှင်နယ်ဆေးရုံကြီး၏ မိသားစုများမှ ကျန်ရစ်သူမိသားစုနဲ့ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အာယုအင်တာနေရှင်နယ်ဆေးရုံ**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

မျက်နှာသစ်စဉ်၊ သွားတိုက်နေစဉ် ရေပိုက်ခေါင်းကို ဖွင့်ထားပါက၊ ရေဆုံးရှုံးရပြီး၊

ရေပြန်တင်ရန် လျှပ်စစ်သုံးဖို့ လိုအပ်လာပါမည်။

ထို့ကြောင့် သွားတိုက်နေစဉ် ရေပိုက်ခေါင်းကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။



**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်နိုင်ပြီး ထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများအပေါ်မူတည်၍ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်ရရှိလာမည်ဖြစ်ကာ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်လာမည်ဖြစ်…**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)

## တောင်ပံတိုက်စစ်ကစားသမား စည်သူအောင် ထိုင်းလိဂ်-၂ ကလပ်သို့ ပြောင်းရွှေ့

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာတောင်ပံတိုက်စစ်ကစားသမား စည်သူအောင်သည် ထိုင်းလိဂ်-၂ ကလပ် ဆာမွတ်ပရာကန်အသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ☆




## ၂၀၂၄ ခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် မြန်မာ ယူ-၁၉ အသင်းကို ပဏာမကစားသမား ၄၄ ဦးဖြင့် ဖွဲ့စည်း

ရန်ကုန် ဇန်နဝါရီ ၁

၂၀၂၄ ခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် မြန်မာ ယူ-၁၉ အသင်းကို ပဏာမကစားသမား ၄၄ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းကို ၂၀၂၃ နှစ်ဆန်းပိုင်းတွင် စတင်ဖွဲ့စည်းခဲ့ပြီး နည်းပြချုပ်အဖြစ် ဦးအောင်နိုင်၊ လက်ထောက်နည်းပြများအဖြစ် ဦးအောင်ခိုင်၊ ဦးခင်မောင်ထွေးနှင့် ဂိုးနည်းပြအဖြစ် ဦးဇော်လင်းအောင်တို့က တာဝန်ယူကိုင်တွယ်ခဲ့သည်။

ကာလရှည်စခန်းသွင်း လေ့ကျင့်နေသည့်ကာလအတွင်း ပြိုင်ပွဲအတွေ့အကြုံကောင်းများရရှိရန် ၂၀၂၃ ရာသီ MNL-2 ပြိုင်ပွဲကို Junior Lions အသင်းအမည်ဖြင့် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သလို ပြည်တွင်းကလပ်များ၊ အကယ်ဒမီအသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားစေခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် MNL-2 ပြိုင်ပွဲအပြီးတွင် ကစားသမားသစ်များ ထပ်မံအားဖြည့်ခဲ့ပြီး လက်ရှိတွင် ပဏာမကစားသမား ၄၄ ဦးဖြင့် လေ့ကျင့်နေခြင်းဖြစ်သည်။ လက်ရှိရွေးချယ်ထားသည့် ပဏာမလူစာရင်းတွင် မြန်မာ ယူ-၁၆ အသင်း (Young Boys)

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖



## ပရီမီယာလိဂ် ၃၂ ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တဲ့မှတ်တမ်းကို ပိုင်ဆိုင်ခဲ့ပြီဖြစ်တဲ့ စပါးအသင်း



စပါးအသင်းဟာ ဒီဇင်ဘာ ၃၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၂၀)မှာ ဘုန်းမောက်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီးနောက် ပရီမီယာလိဂ်ပွဲစဉ် ၃၂ ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တဲ့ မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

စပါးအသင်းနဲ့ ဘုန်းမောက်အသင်းတို့ပွဲစဉ်မှာ စပါးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ကိုးမိနစ်မှာ ပါပီဆားက တစ်ဂိုး၊ ဒုတိယပိုင်းပွဲကစားချိန် ၇၁ မိနစ်မှာ ဆွန်ဟောင်မင်က တစ်ဂိုးနဲ့ မိနစ် ၈၀ မှာ ရစ်ချာလီဆန်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့ပြီး ဘုန်းမောက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ အဲလက်စကော့ကသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❒

**ယနေ့ ဖတ်စရာ**

**ဂျပန်နိုင်ငံအလယ်ပိုင်းရှိ အီရှိကာဝါစီရင်စုတွင် ရစ်ခ်ျတာစကေး ၇ ဒသမ ၆ အဆင့်ရှိ မြေငလျင် လှုပ်ခတ်**

စာမျက်နှာ » ၁၃

**၂၀၂၃ ခုနှစ် တစ်နှစ်တာကာလအတွင်း YBS ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၂၈ ဦးရှိခဲ့**

စာမျက်နှာ » ၂၀